မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မမြဲသောသဘောတို့ကိုသိ

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက် မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသော သဘော၊ အနှစ်မရှိသော သဘောတို့ကို သိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၅၁)

ယခုကာလအတွင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ငွေကျပ် (၂၀)ဘီလီယံကို နိုင်ငံတော်အစိုးရက လက်ငင်းဖြည့်ဆည်းပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၅ / ၂၀၁၇

၁၃၇၉ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

ယခုအချိန်တွင် ပြည်သူအချို့က မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ခြံစည်းရိုးနှင့် ပတ်သက်၍ စိုးရိမ်မှုများရှိနေသဖြင့် ပြည်သူများ၏ စိုးရိမ်မှုများ ပပျောက်စေရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို သတင်းထုတ်ပြန်ခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်များကို လွှဲပြောင်းရယူပြီးနောက် ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွင်း ကျင်းပပြုလုပ်ခဲ့သော အဆိုပါ ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများတွင်လည်းကောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးများတွင်လည်းကောင်း နယ်စပ်ခြံစည်းရိုးကာရံရေး ဦးစားပေးဆောင်ရွက်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး အထူးအလေးပေးဆောင်ရွက်ရန် လမ်းညွှန်မှုများ ပြုခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့၌ ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများကို နိုင်ငံတော်သမ္မတအား ရှင်းလင်းတင်ပြသည့် အခမ်းအနားတွင် နယ်စပ်ခြံစည်းရိုး ပျက်စီးနေသည့်နေရာများအား ပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံရန် ကျန်ရှိသည့်နေရာများကို အဆင့်မီလုံခြုံစွာ အမြန်ဆုံးကာရံခြင်းတို့ကို အချိန်မဆိုင်း ဆောင်ရွက်ရန်နှင့် လိုအပ်သည့်ဘဏ္ဍာငွေကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက် ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်များအတွင်း နှစ်စဉ် မူလခန့်မှန်းခြေငွေစာရင်းနှင့် ဖြည့်စွက်ခွင့်ပြုငွေ စုစုပေါင်း ငွေကျပ် ဘီလီယံ(၁၉၀) ကျော်ကို

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားမည့် အစီအစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ မိန့်ခွန်းပြောကြားမည့် အခမ်းအနား (Speech by the State Counsellor on Government's efforts with regard to National Reconciliation and Peace) ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံအား MRTV၊ MITV၊ မြန်မာ့အသံနှင့် FM ရေဒီယိုအစီအစဉ်များတွင် နံနက် ၉ နာရီ ၅၅ မိနစ်မှစ၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးမြင့်ဆွေ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

မြန်မာ-ထိုင်း နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

(၃၉)ကြိမ်မြောက် သီပေါသီတဂူစက္ခုဒါန ဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

စာ-၁၀

အမေရိကန်နှင့် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ စစ်ရေး လေ့ကျင့်မှုများ အပြိုင်အဆိုင်ပြုလုပ်

စာ-၁၄

တောင်သူလယ်သမားနှင့် နည်းပညာ

သီးနှံပေါ်ချိန်၌ တောင်သူလယ်သမားတို့သည် ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်များကို ဖြေရှင်းရန် ရရာဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချရလေ့ရှိပါသည်။ ရရာဈေးကွက်ပေါက်ဈေးဆိုရာ၌လည်း အနိမ့်ဈေးဖြင့်သာ ရောင်းချရခြင်းဖြစ်ပါသည်။ တောင်သူလယ်သမားတို့၏ ဤအကျပ်အတည်းကို အိန္ဒိယနိုင်ငံ၌ နည်းပညာသုံး၍ ဖြေရှင်းနေသည်ကို တင်ပြလိုပါသည်။

ဘန်ဂါလူရူး **(Bengaluru)** အခြေစိုက် **Ergos** ကုမ္ပဏီသည် အဆိုပါအကျပ်အတည်းဖြေရှင်းရန်အတွက် ဂိုဒေါင်အငယ်စားတို့ကို တည်ဆောက်ပါသည်။ သီးနှံတို့ကို တန် ၂၀၀ မှ တန် ၇၀၀ အထိ သိုလှောင်နိုင်သော ဂိုဒေါင်များ ဖြစ်ပါသည်။ တောင်သူလယ်သမားတို့သည် ၎င်းတို့၏သီးနှံတို့ကို အဆိုပါဂိုဒေါင်များတွင် အပ်နှံသိုလှောင်ရပါသည်။ ဤကဲ့သို့ အပ်နှံသိုလှောင်သည်နှင့်တစ်ပြိုင်တည်း သီးနှံတို့၏ အရည်အသွေးနှင့် ပမာဏတို့ကို လုပ်ငန်းသုံးပရိုဂရမ် **(Application)** အတွင်းသို့ **Ergos** ကုမ္ပဏီက ထည့်သွင်းပေးပါသည်။ အဆိုပါ လုပ်ငန်းသုံးပရိုဂရမ်ကို လက်ကိုင်တယ်လီဖုန်း၌ အသုံးပြုနိုင်သည်ဖြစ်၍ တောင်သူလယ်သမားတို့သည် ဂိုဒေါင်၌ရှိသော သီးနှံပမာဏ၊ ဈေးကွက်ပေါက်ဈေးတို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားတို့သည် ၎င်းတို့၏သီးနှံကို ချက်ချင်းလက်ငင်းရောင်းချမည် (သို့မဟုတ်) အချိန်စောင့်၍ ရောင်းချမည်ဆိုသည်ကို စိတ်တိုင်းကျ ဆုံးဖြတ်နိုင်စွမ်းရှိလာပါသည်။ တောင်သူလယ်သမားတို့သည် **Ergos** ကုမ္ပဏီအား ဝန်ဆောင်ခအဖြစ် သီးနှံ ၁၀၀ ကီလိုဂရမ်အတွက် တစ်လလျှင် ကျပ်ငွေ ၁၂၀ ခန့်မှ ၂၄၀ ခန့်အထိသာ ပေးဆောင်ရပါသည်။ သီးနှံ အရောင်းအဝယ်ဖြစ်ပါကလည်း **Ergos** ကုမ္ပဏီသည် တောင်သူလယ်သမားတို့အား သီးနှံတန်ဖိုးကို လေးရက်မှ ခုနစ်ရက်အတွင်း ပေးချေသည်ဟု သိရှိရပါသည်။ ဤစနစ်ကြောင့် တောင်သူလယ်သမားတို့သည် အရေးပေါ်ငွေကြေးလိုအပ်ချက်ရှိပါကလည်း ဈေးကွက်ပေါက်ဈေးအနိမ့်ဖြင့် ရောင်းချရန်မလိုအပ်တော့ပါ။ ဂိုဒေါင်၌သီးနှံအပ်ထားသော လက်ခံပြေစာကို အပေါင်ပစ္စည်းအဖြစ်ထား၍ သီးနှံတန်ဖိုး၏ လေးပုံသုံးပုံခန့်အထိရှိသော ချေးငွေကို ဘဏ်မှရယူနိုင်ပါသည်။

လက်ကိုင်ဖုန်း၌ အသုံးပြုရသော တောင်သူလယ်သမားတို့အတွက် အသုံးဝင်သော လုပ်ငန်းသုံးပရိုဂရမ်သည် ဤတစ်ခုသာရှိသည်မဟုတ်ပါ၊ အသုံးပြုပုံအပေါ်မူတည်၍ အမျိုးမျိုးအဖုံဖုံရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသ၌ နေထိုင်ကြသော တောင်သူလယ်သမားတို့သည် လက်ကိုင်ဖုန်းအခြေပြုလုပ်ငန်းပရိုဂရမ်တစ်ခုကို အသုံးပြု၍ အချင်းချင်း သတင်းအချက်အလက်၊ နည်းပညာတို့ကို အပြန်အလှန်ဖလှယ်ကြပါသည်။ သီးနှံတစ်မျိုးတည်းကို တောင်သူလယ်သမားတို့က စုပြုံစိုက်ပျိုးမိ၍ ဈေးနှုန်းထိုးကျသည်ကို ရင်ဆိုင်ရသည်မှာ ကြုံတွေ့ရလေ့ရှိသော ဖြစ်ရပ်မျိုးဖြစ်ပါသည်။ ယခုအခါ တောင်သူလယ်သမားတို့သည် လက်ကိုင်ဖုန်းအခြေပြု လုပ်ငန်းသုံးပရိုဂရမ်တို့ကို အသုံးပြု၍ သီးနှံအလိုက်စိုက်ကေတို့ကိုစစ်ဆေး၍ မိမိစိုက်ပျိုးသင့်သည့်သီးနှံတို့ကို ရွေးချယ်နိုင်မည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် တောင်သူလယ်သမားနှင့် နည်းပညာမဆိုင်ဟူသောခေတ် ကုန်ဆုံးသွားပြီဖြစ်၍ တောင်သူလယ်သမားတို့အတွက် အကျိုးရှိမည့် နည်းပညာသုံး စီးပွားရေးလုပ်ငန်းတို့ကို စွန့်စားလုပ်ဆောင်ရမည့်အချိန် ရောက်ရှိနေပြီဖြစ်ကြောင်း လေးစားစွာနှိုးဆော်တင်ပြအပ်ပါသည်။ ။

ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းရေးဆွေးနွေး

ဂန့်ဂေါ စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်မှ ဆက်စပ်ဌာနများ၏ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထို့နောက် ဂန့်ဂေါမြို့တွင် ဘက်စုံမွမ်းမံပြုပြင်လျက်ရှိသည့် သာသနာ့ဗိမာန်တော်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၃၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က သာသနာ့ဗိမာန် ပြင်ဆင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်ထံ ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မန္တလေး စက်တင်ဘာ ၁၈

"အိမ်တွင်းမတော်တဆမှုများ ရှေးဦးပြုစုခြင်းဖြင့် ကူညီထား" ဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ x ၆၈ လမ်းထောင့်ရှိအမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါက်တာခင်သီလွင်က မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်သူထံမှ ပေးပို့သည့်သဝဏ်လွှာကိုဖတ်ကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (ဗဟို) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုရရှိခဲ့သည့် တံခွန်စိုက်ဒိုင်းဆုကို ပြန်လည်အပ်နှံခဲ့ရာ ဝန်ကြီး ဒေါက်တာစိုးသန်းက လက်ခံရယူသည်။

ထို့နောက် တာဝန်ရှိသူများက ဗဟိုနှင့် တိုင်းဒေသကြီးအဆင့် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲများ၌ ဆုရရှိကြသူများကိုဆုများ တစ်ဦးချင်း ချီးမြှင့်ပေးအပ်ကြပြီး အလှူရှင်များကို ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ၂၀၀၀ ပြည့်နှစ်မှစတင်ကာ စက်တင်ဘာလ ဒုတိယပတ် စနေနေ့တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) က စတင်ကျင်းပစေခဲ့ရာ ယခုဆိုလျှင် နိုင်ငံပေါင်း ၁၀၀ ကျော်၌ ကျင်းပနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့်လည်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၃ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ယခုအခါ (၁၅) ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အိမ်တိုင်း အိမ်တိုင်းတွင် ရှေးဦးပြုစုခြင်းပညာ စနစ်တကျတတ်ကျွမ်းသူ တစ်ဦးစီရှိပါက မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရရှိသူများကို လက်ရှိအခြေအနေမှ ပိုမိုဆိုးရွားမသွားစေဘဲ အမြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရန်နှင့် စနစ်တကျပြုစု၍ ဆေးရုံဆေးခန်းများသို့ ညွှန်းပို့နိုင်မည်ဖြစ်ကာ အသက်တစ်ချောင်းမှသည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်သည့်အတွက် ရှေးဦးပြုစုခြင်းပညာရပ်များကို လေ့လာသင်ယူကြရန်လိုအပ်ကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ရမည်းသင်း စက်တင်ဘာ ၁၈

ရမည်းသင်းမြို့နယ် သက်ငယ်ခြံကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံတွင် စက်တင်ဘာလ ဒုတိယအပတ်က မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့် လျှပ်စစ်ကျွမ်းကျင် အထူးအဆင့် ဦးတင်ဦးတို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဥပဒေများအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပရာ တက်ရောက်လာသူ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့များနှင့် ကျေးရွာသူကျေးရွာသားများကို အသိပညာပေးစာဆောင်များ လိုက်လံဝေငှသည်။

ထို့နောက် ကျေးရွာအတွင်း ဓာတ်အားလိုင်းများတည်ဆောက်ထားမှု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီများနှင့် လိုက်လံစစ်ဆေးပြီး လျှပ်စစ်ထရန်စဖော်မာအား ထိန်းသိမ်းစောင့်ရှောက်ရန် မြို့နယ်လျှပ်စစ်မန်နေဂျာက မှာကြားခဲ့ကြောင်း သိရသည်။

တင်ဦး (ရမည်းသင်း)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

ထင်သာမြင်သာပြုပြင်စရာ

နတ်မောက်မြို့ရန်အောင်မြင်ရပ်ကွက်ရှိ ရွှေဘုံသာလမ်းပျက်စီးနေမှုအား ပြုပြင်ပေးစေလို

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရန်အောင်မြင်ရပ်ကွက်ရှိ ရွှေဘုံသာမြေလမ်းသည် မြေနိမ့်နေရာဖြစ်၍ မိုးတွင်းကာလတွင် မိုးရေများကြောင့် ကံကြီးကန်နှင့် ဘိုတဲကန်များ ရေလျှံခြင်းနှင့် ရပ်ကွက်အတွင်းရှိနေအိမ်များ၌ ရေများဝင်ရောက်တိုက်စားမှုကြောင့် လမ်းတစ်လျှောက် ချိုင့်ခွက်ကြီးများဖြစ်ပြီး မိုးရွာလျှင် ကားများ၊ ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသားကျောင်းသူများသွားလာသည့်အခါ အဆင်မပြေမှုများဖြစ်ပေါ်နေကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါလမ်းပျက်စီးသည့်နေရာကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးပြုပြင်ပေးပါရန် ဒေသခံပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

လှဝင်း (နတ်မောက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၈-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၂၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၈၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၉၀/၇၁၀ ကျပ် (လက်လီဈေး)
အောက်တိန်း ၉၂	၇၀၀/၇၂၀ ကျပ် (လက်လီဈေး)
အောက်တိန်း ၉၅	၇၄၅/၇၆၀ ကျပ် (လက်လီဈေး)
ပရီမီယံဒီဇယ်	၇၁၀/၇၃၀ ကျပ် (လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၄ ·၀
ဥရောပ	တစ်ယူရို	၁၆၁၇ ·၆
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅ ·၈
ထိုင်းဘတ်	တစ်ဘတ်	၄၀ ·၉
အိန္ဒိယ	တစ်ရူပီး	၂၁ ·၁
တရုတ်	တစ်ယွမ်	၂၀၆ ·၆၄
မလေးရှား	တစ်ရင်းဂစ်	၃၂၃ ·၂

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ *ရှေ့ဖုံးမှ*

ပြည်ထဲရေးဝန်ကြီးဌာနသို့ ခွင့်ပြုပေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ငွေကျပ် (၆) ဘီလီယံကျော်ကို ခွင့်ပြုပေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ငွေအပ်လုပ်ငန်းအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနသို့ အပ်နှံဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ ထို့အပြင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ငွေကျပ် (၂)ဘီလီယံကျော်ကို ထပ်မံသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ယခုကာလအတွင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ငွေကျပ်(၂၀) ဘီလီယံကို နိုင်ငံတော်အစိုးရက လက်ငင်းဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်းနှင့် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား ယခင်ဆောင်ရွက်သည့်အတိုင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ရန်ပုံငွေတင်ပြတောင်းခံ၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်သွားစေမည်ဖြစ်ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း အရေးကြီးသော မေယုတောင်တန်းနှင့်အပြိုင် ဖောက်လုပ်မည့် လမ်းမကြီး(၂)လမ်း၊ မေယုတောင်တန်းကို ဖြတ်ကျော်ဖောက်လုပ်မည့် မေယုတောင်ကျော်လမ်းမကြီး (၂)လမ်းပါဝင်သော မေယုတောင်တန်းလမ်းကွန်ရက် ဖောက်လုပ်ရေးစီမံကိန်းကို အမြန်ဆုံးဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအား တာဝန်ပေးအပ်ထားပြီးဖြစ်၍ ဆောင်ရွက်နေပြီဖြစ်ပါသည်။

နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် မေယုတောင်တန်းလမ်းကွန်ရက် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောဘဏ္ဍာငွေကို နိုင်ငံတော်အစိုးရက တာဝန်ယူ၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း နယ်စပ်လုံခြုံရေးနှင့် မောင်တောဒေသလုံခြုံရေးတို့ကို ပိုမိုထိရောက် ကောင်းမွန်လာစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

■ ရခိုင်ပြည်နယ်အတွင်း အရေးကြီးသော မေယုတောင်တန်းနှင့်အပြိုင် ဖောက်လုပ်မည့် လမ်းမကြီး(၂)လမ်း၊ မေယုတောင်တန်းကို ဖြတ်ကျော်ဖောက်လုပ်မည့် မေယုတောင်ကျော်လမ်းမကြီး(၂)လမ်းပါဝင်သော မေယုတောင်တန်းလမ်းကွန်ရက်ဖောက်လုပ်ရေးစီမံကိန်းကို အမြန်ဆုံးဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအား တာဝန်ပေးအပ်ထားပြီးဖြစ်၍ ဆောင်ရွက်နေပြီဖြစ်

■ နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် မေယုတောင်တန်းလမ်းကွန်ရက် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေကို နိုင်ငံတော်အစိုးရက တာဝန်ယူ၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း နယ်စပ်လုံခြုံရေးနှင့် မောင်တောဒေသလုံခြုံရေးတို့ကို ပိုမိုထိရောက် ကောင်းမွန်လာစေမည်ဖြစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth အား ဇေယျာသီရိဗိမာန်အတွင်း၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ညှိနှိုင်းခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် အဖွဲ့သည် နေပြည်တော်ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခွေချအလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့ ကျောက်တော်ကယ်ဆယ်ရေးစခန်းများရှိ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့ ပူးတွဲဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ပြည်သူများနှင့် တွေ့ဆုံစဉ် (သတင်းစဉ်)

စစ်တွေ စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ ပူးတွဲဥက္ကဋ္ဌ ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ တွေ့ဆုံကာ နေရပ်ရှောင်ပြည်သူများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ ပူးတွဲဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ စစ်တွေမြို့မှ ကျောက်တော်မြို့သို့ ရောက်ရှိပြီး သာသနာ့ဗိမာန်၌ နေရပ်မှစွန့်ခွာကာ ရောက်ရှိလာသော မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်တို့မှ ပြည်သူများကို အားပေးစကားပြောကြားကြပြီး မိသားစု ၂၅၄ စုအတွက် ထောက်ပံ့ငွေနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ကျောက်တော်မြို့ပေါ်ရှိ မဟာကံကြီးရှင် ဘုရားဝင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိရာ ကော်မတီအဖွဲ့ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများအား အားပေးစကားပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ၊ စားနပ်ရိက္ခာများနှင့် ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများ ကူညီထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် အဆိုပါ ဘုရားဝင်းအတွင်း ခိုလှုံလျက်ရှိသော ဒေသခံများက မိမိတို့၏ မူလနေရပ်ဒေသများလုံခြုံရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ လတ်တလော စားဝတ်နေရေးကိစ္စရပ် စိန်ခေါ်မှုပြဿနာများကို တင်ပြကြသည်။

(သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာများသုံးစွဲမှု သင်တန်းပို့ချ

ဖြူး စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သမဝါယမအသင်းစုက ပြုလုပ်သော ဒေဒုံလယ်ထွန်စက် ဝယ်ယူထားသည့် ရေတာရှည်၊ ထန်းတပင်၊ တောင်ငူ၊ အုတ်တွင်း၊ ဖြူးနှင့် ကျောက်ကြီးမြို့နယ်များမှ သမဝါယမအသင်းသားများအား လယ်ယာသုံးစက်ကိရိယာသုံးစွဲနည်းသင်တန်းကို စက်တင်ဘာ ၁၈ ရက်က သင်ကြားပေးသည်။ **(အောက်ပုံ)**

သင်တန်းတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဖြူးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှိုင်စိုးတို့က အမှာစကားပြောကြားပြီး ဒေဒုံကုမ္ပဏီမှ ထုတ်လုပ်မှုဒါရိုက်တာ ဦးကျော်နိုင်က မိတ်ဆက်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ဖြေကြားပြီး ဒေဒုံလယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ရာတွင် ထိရောက်စွာ အသုံးပြုမောင်းနှင်နိုင်ရေးအတွက် သင်တန်းနည်းပြဆရာများက စာတွေ့လက်တွေ့ပို့ချပေးကြပြီး သင်တန်းကို စက်တင်ဘာ ၂၀ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ လှူဒါန်းသော Modular House ၁၀ လုံး လွှဲပြောင်း

နေပြည်တော်   စက်တင်ဘာ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းသော Modular House ၁၀ လုံး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ သရက်တောကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့တွင် ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမားများက အင်အားသုံး၍ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်လာသော ပြည်သူများ စစ်တွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှု၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လှူဒါန်းမှုတို့ဖြင့် စားရေး၊ နေရေးတို့ကို ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Modular House များကို စစ်တွေမြို့သို့ အရောက်ပေးပို့စေပြီး အဆောက်အအုံအထူးအဖွဲ့(၁၄) မှ (4 Units) နှင့် စစ်တွေခရိုင်၊ လမ်းဦးစီးဌာနမှ (6 Units) တာဝန်ယူတည်ဆောက်ပေးလျက်ရှိရာ ဒီနေ့တွင် လွှဲပြောင်းအပ်နှံနိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်သူများနေထိုင်ရေး ပိုမိုအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် အလျားပေ ၉၀၊ အနံ ၁၈ ပေရှိ အခန်းငါးခန်းပါ အဆောက်အအုံများကို ပေးပို့လှူဒါန်းခြင်း ဖြစ်ပါကြောင်း။

Modular House များကို စစ်တွေမြို့တွင် ၉ ယူနစ်နှင့် ကျောက်တော်မြို့တွင် ၁ ယူနစ် ဆောက်လုပ်လျက်ရှိပါကြောင်း၊ အဆိုပါအဆောက်အအုံအားလုံး ဆောက်လုပ်ပြီးစီးသွားပါက ၁ ယူနစ်လျှင် မိသားစုငါးစု နေထိုင်နိုင်မည်ဖြစ်သည့်အတွက် မိသားစု ၅၀ အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မောင်တောဒေသသို့ ဆက်သွယ်သောလမ်း၊ တံတားများအဆင့်မြှင့်တင်နိုင်ရေး၊ 66KVA ဓာတ်အားလိုင်းများ တည်ဆောက်ပေးနိုင်ရေး၊ နယ်စပ်ခြံစည်းရိုးများ၊ မေယုတောင်ရိုးမဖြတ်လမ်း ဖောက်လုပ်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးမှာ အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်ဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မောင်တောဒေသ လမ်းဖောက်လုပ်ခြင်းအတွက် လမ်းအထူးအဖွဲ့(၁)ဖွဲ့၊ တံတားအထူးအဖွဲ့(၂)ဖွဲ့ ထပ်မံဖွဲ့စည်းထားပြီး ပွင့်လင်းရာသီရောက်သည်နှင့် တစ်ပြိုင်နက် လမ်းကွန်ရက်များကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စစ်တွေမှ မောင်တောအထိ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် ပုဏ္ဏားကျွန်း-ရသေ့တောင် -ဘူးသီးတောင်လမ်းကို ရာသီမရွေး သွားလာနိုင်သောလမ်းအဆင့် ဖောက်လုပ်လျက်ရှိပြီး လမ်းပေါ်ရှိ တံတားများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြီးစီးရေး စီမံကိန်းရေးဆွဲ ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူများအားလုံး မိမိနေရပ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော လမ်း၊တံတားများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ မကြာမီကာလအတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ဒေသအဖြစ် မြင်တွေ့ရစေရန်ရည်ရွယ်၍ ဒေသခံပြည်သူများကလည်း ပူးပေါင်းလက်တွဲကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Modular House ၁၀ လုံး အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းထားသည့် Modular House မှတ်တမ်းဓာတ်ပုံများနှင့် ဘုန်းတော်ကြီးကျောင်းအတွင်း ဆောက်လုပ်ထားသည့် Modular House များအား ကြည့်ရှုစစ်ဆေးပြီး နေရပ်စွန့်ခွာ တိမ်းရှောင်လာကြသော တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားပြည်သူများအား နေထိုင်ခွင့်ပေးထားသော သရက်တောကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ စစ်တွေမြို့တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၈)မှ တာဝန်ယူတည်ဆောက်နေသော အရှည် ၁၆၄၂ ပေ ဆတ်ရိုးကျတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး စစ်တွေဘက်ကမ်းနှင့် မင်းဂံဘက်ကမ်းတို့တွင် တံတားတိုင်လုပ်ငန်းများ ဆောက်ရွက်နေမှုတို့ကို ကြည့်ရှုသည်။

ထို့နောက် စစ်တွေမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ လေဆိပ်ဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဦးညီပုနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်းရှိ မဟာဗျူဟာလမ်း၊ တံတားနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာသည့် တိုင်းရင်းသားပြည်သူများအတွက် Modular House များ ပေးအပ်လှူဒါန်းမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၄၆)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုအသီးသီးဆွတ်ခူးရရှိ

နေပြည်တော်   စက်တင်ဘာ ၁၈

၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်တွင်ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU)တို့၏ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲပါဝင်ယှဉ်ပြိုင်စေလျက် ကျင်းပပေးခဲ့သည်။

"Imagine you are an advisor to the new UN Secretary-General; which world issue would you help him tackle first and how would you advise him to solve it"ဟူသော ခေါင်းစဉ်ဖြင့် ပြည်တွင်းအဆင့် အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၃-၁-၂၀၁၇)ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့သည်။

အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)ပထမဆုကို မကွေးတိုင်းဒေသကြီး အ-ထ-က(၁) နတ်မောက် အဌမတန်းမှ မဝင်းပြည့်ပြည့်ဖော်ကလည်းကောင်း၊ ဒုတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီး အ-ထ-က စိုင်ပြင် နဝမတန်းမှ မဂျူးထက်ဖော်ကလည်းကောင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး အ-ထ-က(၁) မိုးကုတ်မြို့ အဌမတန်းမှ မငြိမ်းသက်နှင်းတို့ကလည်းကောင်း ဆွတ်ခူးရရှိကြသည်။

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) ပထမဆုရှင် မဝင်းပြည့်ပြည့်ဖော်၏ ပေးစာရေးစာမူကို ဆွစ်ဇာလန် နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူမည့် လူနာများအားထောက်ပံ့

နေပြည်တော်   စက်တင်ဘာ ၁၈

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံမှ Rotaplast International (USA) တို့နှင့်ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းနှင့် ဝန်ကြီးဌာန မိသားစုဝင်များမှ ခွဲစိတ်ကုသမှုခံယူလိုသည့်လူနာများကိုစုစည်းကာ နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၄ ရက်မှ ၂၃ ရက်အထိ ခွဲစိတ်ကုသရန် စီစဉ်ထားရှိသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဉက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တို့သည် စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးရှိခွဲစိတ်ကုသမှုခံယူမည့် လူနာများကို သွားရောက်ကြည့်ရှုပြီး ခွဲစိတ်ခံယူမည့်လူနာ ၈၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် အာဟာရဖြစ်စေမည့် အစားအစာများကို ပေးအပ်လှူဒါန်းရာ လှူဒါန်းထောက်ပံ့မှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၅၄၈၀၀၀ ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် FBS တို့ ပူးပေါင်းကျင်းပသည့် Event Planning Management အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော်   စက်တင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Friedrich-Ebert-Stiftung(FBS)တို့ ပူးပေါင်းကျင်းပသည့် Workshop on Event Planning Management သင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဒုတိယဦးစီးမှူးအဆင့်မှ လက်ထောက်ညွှန်မှူးအဆင့်ထိ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက်သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် FBS တို့ပူးပေါင်းကျင်းပသည့် Event Planning Management အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က သဲကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကို၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ် (မြို့နယ် ပြန်/ဆက်)

သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော်   စက်တင်ဘာ ၁၈

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ သံလွင်မြစ်ရှိဘားအံမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

(၁၀)ကြိမ်မြောက် ပစိဖိတ်ကြည်းတပ် ဦးစီးချုပ်များအစည်းအဝေး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် ပစိဖိတ်ကြည်းတပ် ဦးစီးချုပ်များအစည်းအဝေး (10th Pacific Armies Chiefs Conference) ဖွင့်ပွဲအခမ်းအနားကို ဆိုးလ်မြို့ရှိ Grand Hyatt ဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းတွင် အစည်းအဝေးအစီအစဉ် ပထမပိုင်းဆွေးနွေးမှုဖြစ်သော "Land Forces Pacific: Cooperation in Civil- Military Operations During Crisis" ခေါင်းစဉ်အားဆွေးနွေးတင်ပြမှုသို့ ပါဝင်တက်ရောက်သည်။ **(ဝဲပုံ)**

ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုရီးယားသမ္မတ နိုင်ငံ ဆိုးလ်မြို့ Grand Hyatt ဟိုတယ်ရှိ Grand Ballroom ၌ တည်ခင်းဧည့်ခံသော ကြိုဆိုညစာစားပွဲအခမ်းအနားသို့ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံအသီးသီးမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် US Army Pacific Commander ဖြစ်သူ General Robert B. Brown နှင့် ဆိုးလ်မြို့ရှိ ခေတ္တတည်းခိုရာ Grand Hyatt ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေဖြစ်ရပ်မှန်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဘွဲ့နှင်း သဘင်အခမ်းအနားကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၁၈

အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၂) ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်က သင်တန်းသားသင်တန်းသူ ၃၀ ကို ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ် အပ်နှင်းပြီး ပါမောက္ခချုပ်က သင်တန်းသား၊ သင်တန်းသူ ၁၁၇ ဦးကို ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ် အပ်နှင်း သည်။ ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်က သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသား၊ သင်တန်းသူ နှစ်ဦးအား စံပြဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုတို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဘွဲ့နှင်းသဘင်အခမ်းအနား မိန့်ခွန်းအား ထုတ်လွှင့်ပြသရာတွင် ယခုကဲ့သို့ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ ပြည်သူများ၏ တူညီသောဆန္ဒမှာ “တည်ငြိမ်အေးချမ်းပြီး တရားဥပဒေ စိုးမိုးသည့် နိုင်ငံဖြစ်ရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး” တို့ဖြစ်ကြောင်း၊ ပြည်သူ့လိုလားချက်နှစ်ရပ်ကို ဖြည့်ဆည်းနိုင်အောင် အစိုးရအဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအတွက် ရာထူးဝန်အဖွဲ့မှ တာဝန်ယူဆောင်ရွက်နေသည့် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ၁၀-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ များက လေ့ကျင့်ပေးလိုက်သည့် ပညာရပ်များသည် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရာ၌ အခြေခံကောင်းများ ရနိုင်အောင် ပျိုးထောင်ပေးခြင်းသာဖြစ်ပြီး အရည်အချင်းပြည့်ဝ၍ စွမ်းရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရန် ဆက်လက်ဆည်းပူးကြိုးပမ်းသွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းများအဖြစ် မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်ရန် မိမိတို့နှင့်သက်ဆိုင်သော ပညာရပ်ဗဟုသုတများသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိအပ်သည့် ဘာသာရပ်နယ်ပယ်အသီးသီးကို နှံ့နှံ့စပ်စပ်နားလည်သိရှိအောင် အစဉ်တိုးတက်အောင် ဆက်လက်လေ့လာဆည်းပူးသွားကြရန် မှာကြားတိုက်တွန်းခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါ သင်တန်းကို မေ ၂၉ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။
တင်မောင်(မန်းကိုယ်ပွား)

စက်တင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသော မလေးရှားနိုင်ငံ၏ နှစ်(၆၀) မြောက် အမျိုးသားနေ့နှင့် (၅၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းအား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E. Mr. Mohd Haniff Bin Abd Rahman နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

မြန်မာအမျိုးသားလေကြောင်းလိုင်း (၆၉) နှစ်မြောက်အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာ့လေကြောင်းပို့ဆောင်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်စွမ်းဆောင်ခဲ့သော မြန်မာအမျိုးသားလေကြောင်းလိုင်း၏ (၆၉)နှစ်မြောက်အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်တွင်းလေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များ၊ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီးများ၊ လေယာဉ်မောင်၊ လေယာဉ်မယ်နှင့်ဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

“ကျွန်တော်တို့လေကြောင်းလိုင်းဟာ လွတ်လပ်ရေးနဲ့အတူ အာရှပစိဖိတ်ဒေသတွင်းမှာ တတိယမြောက်ပေါ်ထွန်းလာတဲ့ လေကြောင်းလိုင်းဖြစ်ပါတယ်။ ဒီကနေ့မှာတော့ (၆၉)နှစ်မြောက်အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိန်ခေါ်မှုများရှိနေသော်လည်း နိုင်ငံတကာမျက်နှာစာမှာ အောင်မြင်တဲ့လေကြောင်းလိုင်းတစ်ခု ရပ်တည်သွားနိုင်ဖို့ ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်”ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းအမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းကို ၁၉၄၈ ခုနှစ်တွင် ယူဘီအေအမည်ဖြင့် ဂျိုးဖြူကိုးယောက်စီးလေယာဉ် ခြောက်စင်းအသုံးပြုကာ ပြည်တွင်းမြို့များ စတင်ပြေးဆွဲခဲ့ကြောင်း၊ ၁၉၅၀ တွင် ဗန်ကောက်၊ စစ်တကောင်း၊ ကိုလ်ကတ္တားမြို့များသို့ ပြေးဆွဲခဲ့ကြောင်း၊ ၁၉၇၂ တွင် ဗီအေစီ၊ ၁၉၈၉တွင် MA ၊ ၁၉၉၃ တွင် MAI ဟု ပြောင်းလဲခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် MNA ဟုပြောင်းလဲခဲ့ကာ ယခုအခါ ဘိုးရင်းလေယာဉ်၊ ATR လေယာဉ်များ အပါအဝင်လေယာဉ် ၁၉ စင်းဖြင့် ပြည်တွင်းပြည်ပခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။
သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လယ်ယာသုံးပစ္စည်းထောက်ပံ့ တောင်သူပညာပေးသင်တန်းဖွင့်

လောက်ကိုင် စက်တင်ဘာ ၁၈

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံးပစ္စည်း ထောက်ပံ့ပေးအပ်ခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၁၅ ရက်က လောက်ကိုင်ခရိုင် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြရွာ(ဆီအောကျေးရွာ)၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းသန်းအောင်က ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြရွာ (ဆီအောကျေးရွာ)တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်နှင့် တာဝန်ရှိသူများက စံပြရွာ (ဆီအောကျေးရွာ)တွင် တောင်သူသင်တန်းသားများကို လျှပ်စစ်ဆေးဖျန်းပုံး အလုံး ၃၀ ကို ပေးအပ်သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်သည်တော်များက စံပြကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ၊ ပျိုးသက်ငယ်ကောက်ကွက်ကြဲစိုက်စနစ် စံပြကွက် လက်တွေ့သရုပ်ပြ ပျိုးထောင်ခြင်းနှင့် (SRI) စိုက်ခင်းများနှင့် စံပြကွက် စမ်းသပ်ကွက်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။
ဘဦး (လောက်ကိုင်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၁၈

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။
(မိုး/ဇလ)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပညာဟူသည်

ဒေါက်တာမော်

ကိုယ့်နိုင်ငံမှာ .....
တစ်ဦးနဲ့တစ်ဦး မေတ္တာထားစေလိုတယ်။
တစ်ဦးကိုတစ်ဦး ဦးစားပေးဆက်ဆံစေလိုတယ်။
မနာလိုဝန်တို ဣဿာမစ္ဆရိယတွေ၊ သူ့ထက်ငါ အလုအယက်ကျော်တက်မှုတွေ၊ ဖရုသဝါစာ ပိသုဏဝါစာ သမ္ဖပ္ပလာပတွေနဲ့ အကျည်းမတန်စေချင်ဘူး။
တချို့နိုင်ငံတွေမှာ "After you (သူတစ်ပါးကို ဦးစားပေးခြင်း)" က နည်းနေပြီး
တချို့နိုင်ငံတွေမှာ "After you (သူတစ်ပါးကို ဦးစားပေးခြင်း)"က များကြတယ်။
တချို့လူတွေက အလွယ်တကူ သင်ယူလိမ္မာယဉ်ကျေးတတ်ကြပြီး တချို့လူတွေက ဘယ်လိုသင်သင် မပြောင်းလဲတာတွေရှိတယ်။

ဒီလိုကွာခြားတာ ဘာကြောင့်လဲ။ ဘာသာရေးကြောင့်လား။ ဘာသာရေးကြောင့် ဆိုရင် မြန်မာနိုင်ငံက အယဉ်ကျေးဆုံးဖြစ်ရမှာပေါ့။ မြန်မာနိုင်ငံလောက် ဗုဒ္ဓ အဆုံးအမနဲ့နီးတာ မြန်မာနိုင်ငံပဲရှိတယ်။ ဒါဆိုရင် ပညာအဆင့်အတန်းကြောင့်လား။ "educated" တွေက သင်ရပိုလွယ်တာလားဘုရား.....လို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ကြီးကို အနီးကပ်ဖူးခွင့်ရတုန်း သိပ်သိချင်နေတဲ့ မေးခွန်းတစ်ခု (my burning question) ကို မေးကြည့်မိတယ်။

ဆရာတော်ဘုရားကြီးက "educated" ဆိုတာ ဘာလဲ၊ ဘယ်သူ့ကို ခေါ်တာလဲလို့ ပြန်မေးတယ်။ တပည့်တော်မဖြေခင်မှာဘဲ ဆရာတော်ကြီးက တပည့်တော်ကို ဉာဏ်အလင်းရှင်းရှင်းကြီးရအောင် ဟောသွားလို့ ကြည်ညိုလိုက်တာဘုရား။ အဲ့ဒီနေ့က ဆရာတော်ကြီးအမိန့်ရှိသွားတာရယ်၊ ဆရာတော်ကြီးရဲ့ တရားတော်တွေကို Dhammadownload.com မှာ နာကြားဆည်းပူးထားတာတွေရယ် ဆက်စပ်ပြီး မော့်ရင်ထဲမှာ ခံယူနားလည်လိုက်တဲ့ ပညာဟူသည် ......
ပညာတတ် (educated) လို့ လူတွေပြောပြောနေတာ ....။ ဆရာဝန်ကြီးကို ပြောတာလား၊ အင်ဂျင်နီယာကြီးကို ပြောတာလား၊ ရှေ့နေကြီးကို ပြောတာလား၊ စီးပွားရေး ပညာရှင်ကြီးကို ပြောတာလား၊ ပါမောက္ခကြီးကို ပြောတာလား၊ ကထိကကြီးကို ပြောတာလား၊ ဓာတုဗေဒပညာရှင်ကြီးကို ပြောတာလား၊ ရူပဗေဒပညာရှင်ကြီးကို ပြောတာလား၊ နည်းပညာရှင်ကြီးကို ပြောတာလား။

တကယ်တော့ ပညာတတ် (educated) ဆိုတာ သိသင့်သိထိုက်သော အချက်အလက်များ (subject matter) ကို သင်ယူတတ်မြောက်ထားခြင်းဖြစ်သည်ဟုသာ ဆိုလိုပါသည်။ မိမိသင်ယူထားတဲ့ အချက်အလက်များ (subject matter) ကို အခြေခံပြီး ဆင်ခြင်သုံးသပ်ကာ လုပ်သင့်၊ မလုပ်သင့်ကို စဉ်းစားချင့်ချိန်ဆုံးဖြတ်တတ်သည့် အသိအမြင်ကိုသာလျှင် "ပညာ"ဟု ခေါ်သည်။ ထိုအသိအမြင်ရှိမှ "ပညာရှိ" ဖြစ်သည်။

ဥပမာ- ဆရာဝန်တစ်ယောက်သည် ဆေးကျောင်းမရောက်ခင်ကတည်းက ကကြီးခကွေးအက္ခရာတွေ၊ a b c d တွေ၊ အပေါင်းအနုတ်အမြှောက်အစားတွေ၊ ရူပဗေဒတွေ၊ ဓာတုဗေဒတွေ၊ အခြေခံ subject matter တွေ သင်ပြီးမှ ဆေးကျောင်းရောက်လာခြင်းဖြစ်သည်။ ဆေးကျောင်းမှာ လူ့ခန္ဓာဖွဲ့စည်းပုံ၊ လူ့ခန္ဓာပုံမှန်အလုပ်လုပ်ပုံ၊ ရောဂါဖြစ်လာလျှင် ပြောင်းလဲလာပုံ၊ အသုံးပြုရမည့် ဆေးဝါးအစုံစုံ၊ ရောဂါလက္ခဏာအဖုံဖုံ၊ ရောဂါရှာဖွေပုံ၊ ရောဂါအမျိုးမျိုး၊ ကုထုံးအသွယ်သွယ်၊ ကာကွယ်နည်းများစသည့် professional subject matter အားလုံး သင်ယူရသည်။

ဆရာဝန်ဖြစ်လို့ တကယ်တန်းလူနာကိုကုသည့်အခါ ကိုယ်သင်ယူခဲ့တဲ့ subject matter တွေအပေါ်အခြေခံပြီး နောက်ဆုံးပေါ်ကုထုံး (Guideline) တွေ၊ ကိုယ့်ရေမြေသဘာဝ၊ ကိုယ့်ပတ်ဝန်းကျင်မှာ အဖြစ်များသောရောဂါ၊ ကိုယ့်လူနာ၏ အခြေခံအကြောင်းတရားများစသဖြင့် အဘက်ဘက်က သုံးသပ်ဆင်ခြင်ကာ ချင့်ချိန်စဉ်းစားကာ မည်သို့ကုသမည်၊ မည်သို့ကာကွယ်မည်ဟု ဆရာဝန်နှလုံးသားနဲ့ ဆုံးဖြတ်လုပ်ဆောင်ရသည်။ ယင်းသည် "ပညာ" ပေတည်း။

ထို့ကြောင့် အချို့ဆရာဝန်တွေက အောင်မြင်ပြီး အချို့ဆရာဝန်တွေက ပိုအောင်မြင်ကြသည်။ subject matter တတ်တာချင်းအတူတူ အချို့က ဆင်ခြင်သုံးသပ်တာပိုကောင်း၍ဖြစ်သည်။ "ပညာ"ပိုရှိ၍ဖြစ်သည်။ ထိုသို့"ပညာ" ရှိရန်အတွက် ပညာတော့တတ်ရမည်။ ပညာတတ်ရန်အတွက်တော့ စာဖတ်ရမည်။ မည်သည့် profession မှမဟုတ်ဘဲ၊ မည်သည့်ဘွဲ့မှမရဘဲ အိမ်ထောင်မှုထိန်းသိမ်းရင်း၊ စာဖတ်ရင်း၊ သားသမီးတွေကို အောင်မြင်တဲ့ global citizen လူကောင်း၊ လူတော်၊ လူ့အဖိုးတန်လေးတွေဖြစ်အောင် ပျိုးထောင်သွားသော အိမ်ရှင်မတွေ အများကြီးရှိပေသည်။ သို့သော် စာတော့ဖတ်ရမယ်။ subject matter ကိုတော့ သိရတတ်ရမည်။ သိသောတတ်သော အချက်တွေပေါ်မှာ ဆက်စပ်တွေးတော ဆင်ခြင်ပြီး ဘာကိုဆုံးမရမယ်၊ ဘယ်လိုဆုံးမရမယ်၊ ဘယ်လမ်းကို ညွှန်ပြပေးရမယ်၊ ဘယ်နေရာမှာ လျှော့ပေးရမယ်၊ ဘယ်နေရာမှာ တင်းရမယ်စသည်ဖြင့် သားသမီးကို လိမ္မာပါးနပ်စွာ ကိုင်တွယ်ပျိုးထောင်တတ်သည်မှာ "ပညာ" ဖြစ်သည်။ (Parenting is an Art.)

ဆရာတော်ဘုရားကြီးက ဟောထားပါသည်။ ပညာဆိုသည်မှာ စီးပွားရေး အတွက်လည်း အသုံးချလို့ရမည်။
- "ပညာ" ဟူသော သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် ရှာတတ်သည်။ ဖွေတတ်သည်။ စုတတ် ဆောင်းတတ်သည်။ ရင်းနှီးမြှုပ်နှံတတ်သည်။ စီမံခန့်ခွဲတတ်သည်။ အကျိုးတူပူးပေါင်းလုပ်ကိုင်တတ်သည်။ (ကျန်းမာရေးအတွက်လည်း အသုံးချလို့ရမည်။)
- "ပညာ" ဟူသော သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် နေတတ်သည်။ ထိုင်တတ်သည်။ ရှောင်တတ်သည်။ ဆောင်တတ်သည်။ (လူမှုရေးအတွက်လည်း အသုံးချလို့ရမည်တဲ့။)
- "ပညာ" ဟူသော သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် မပြောသင့်တာမပြော၊ မလုပ်သင့်တာ မလုပ်၊ ကိုယ်ကျင့်တရားလည်းကောင်း၊ လူချစ်လူခင်ပေါ၊ ကိုယ်လည်း အေးချမ်း၊ ကိုယ့်ပတ်ဝန်းကျင်လည်း အေးချမ်းသည်။
(ငါးပါးသီလဆိုတာ လူတိုင်းသိနေကြသည်။ မသတ်ရ၊ မခိုးရ၊ မလိမ်ရ၊ မသောက်ရ၊ သူများသားမယား မပြစ်မှားရဆိုသည်များကို ငယ်စဉ်ကပင် သိခဲ့ကြသည်။ ထိုမလုပ်ရသည်များကို လုပ်မိလျှင် ငရဲကြီးတတ်သည်ကို လူတိုင်းကြားဖူးကြသည်။ သို့သော် ပညာနဲ့ဆက်စပ်တွေးခေါ်ကြည့်လျှင် မည်သည့်အတွက်ကြောင့် ဘုရားက ထိုအရာတွေ ရှောင်ခိုင်းသနည်း။ သတ်လျှင်၊ ခိုးလျှင်၊ လိမ်ညာလျှင် သူတစ်ပါးလည်းဆင်းရဲမည်။ ကိုယ်လည်းထောင်ကျမည်။ အနည်းဆုံးတော့ ကိုယ့်လိပ်ပြာ ကိုယ်မသန့်ဘဲ စိတ်ညစ်ညူးရပေမည်။) သောက်လျှင် ကိုယ့်ဉာဏ်တွေတုံးပြီး ကိုယ်ကျိုးဆုတ်ယုတ်မည်။ အသည်းရောဂါဖြစ်မည်။ ရေဖျဉ်းဆွဲပြီး လုံးပါးပါးမည်။ သောက်ပြီးရမ်းမိလျှင်လည်း သူတစ်ပါးကို ထိခိုက်နိုင်သည်။ ကိုယ်လည်း ထောင်ကျတဲ့အထိဖြစ်နိုင်သည်။ သူများသားမယားမိသားစုကို ပြစ်မှားမိလျှင် သူ့မိသားစု ကိုယ့်မိသားစု ဂုဏ်သရေတွေ ကျဆင်းပြီး သူ့သားသမီး၊ ကိုယ့်သားသမီး ရပ်တည်ထွန်းပေါက်ရေးတို့မှာ ထိခိုက်နိုင်သည်စသည်ဖြင့် ပညာနှင့်ဆက်စပ်တွေးခေါ်စဉ်းစားပြီး မလုပ်သင့်တာကို မလုပ်လျှင် ကိုယ်လည်းချမ်းသာ သူလည်းချမ်းသာမှာမို့ ကိုယ်တိုင်အဓိပ္ပာယ်ရှိစွာ ရှောင်ကြဉ်ချင်လာသည်။

ဩစတြေးလျက အင်္ဂလိပ်လူမျိုးဆရာတော် Ajahn Bram ပြောတာ သတိရမိသည်။ "မင်းတို့ကွာ၊ ငါးပါးဆိုတာများနေရင် နှစ်ပါးတော့ထိန်းပါ" တဲ့။ (၁) ကိုယ့်ကိုယ်ကိုယ် ထိခိုက်အောင်မလုပ်နဲ့၊ (၂) သူတစ်ပါးကို ထိခိုက်အောင်မလုပ်နဲ့ (Don't hurt your self. Don't hurt other) တဲ့။ ထိုနှစ်ပါးကို ပညာနဲ့ ချင့်ချိန်သုံးသပ်ပြီး ယုံကြည်စွာထိန်းလျှင် ငါးပါးစလုံး လုံလေပြီတကား။

နိုင်ငံတော်မှာ ချမှတ်ထားသောဥပဒေတွေကိုပင်လျှင် ပညာဉာဏ်နဲ့ သုံးသပ်ဆင်ခြင်လိုက်နာမှ ဥပဒေစိုးမိုးရေး အောင်မြင်နိုင်ပေမည်။ ပါမောက္ခချုပ်ဆရာတော်ကြီးက မော်တော်ဆိုက်ကယ်စီးလျှင် ဦးထုပ်အမာ (Helmet) ဆောင်းရမည်ဟူသောဥပဒေကို ဥပမာပေးထားသည်။ ဆိုက်ကယ်မှောက်လျှင် သေဆုံးသူအများစုမှာ ဦးခေါင်းနဲ့ကတ္တရာလမ်းရိုက်မိပြီး ဦးခေါင်းဒဏ်ရာ (Head Injury) ကြောင့်ဖြစ်ပြီး ထိုသေဆုံးမှုကို သိုင်းကြိုးကောင်းကောင်းပတ်၍ ဦးထုပ်ဆောင်းရုံမျှဖြင့် ကောင်းစွာကာကွယ်နိုင်သဖြင့် ဥပဒေချမှတ်ထားခြင်းဖြစ်သည်ဟု ပညာဖြင့်ဆင်ခြင်သုံးသပ်မှသာလျှင် ယာဉ်ထိန်းရဲရှိရှိ၊ မရှိရှိ ဥပဒေကိုလိုက်နာပြီး အကျိုးများနိုင်ပေသည်။

ထို့ကြောင့် ဉာဏ်ပညာသည် အလွန်အရေးကြီး၏။ မည်သည့်ဥပဒေရှိသည်ဟူသော subject matter ကိုတော့ သိရမည်။ မည်သည့်အတွက်ကြောင့် လိုက်နာရမည်ဟူသော ဆက်စပ်တွေးခေါ် ဆင်ခြင်သုံးသပ်မှုသာလျှင် "ပညာ" ဖြစ်ပြီး ဥပဒေစိုးမိုးရေးအောင်မြင်မည်။ ဥပဒေစိုးမိုးမှသာ နိုင်ငံတော်အေးချမ်းသာယာပေမည်။

ဗုဒ္ဓ၏တရားတော်တွေမှာ သေနည်းသာမက နေနည်းတွေအများကြီး ညွှန်ပြထားသည်။ ထိုနည်းများကိုသိရန် တရားနာရမည်။ တရားနာလျှင် သုတရမည်။ ထိုသုတသည် subject matter ဖြစ်သည်။ ထိုသုတအပေါ်အခြေခံပြီး နေ့စဉ်တွေ့ကြုံလှုပ်ရှားကျင်လည်နေရသော လူ့ဘဝမှာ ဆက်စပ်တွေးခေါ် ဆင်ခြင်သုံးသပ်ပြုမှုမှသာလျှင် "ပညာ" နှင့် နေထိုင်ခြင်းဖြစ်ပြီး တစ်ဦးချင်းအေးချမ်းမည်။ တစ်မိသားစုလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး အေးချမ်းကြပေမည်။

"ပညာ" မရှိလို့ကတော့ ဘယ်လောက်ပညာတတ်တွေများများ၊ ဘယ်လောက် ယဉ်ကျေးလိမ္မာသင်တန်းတွေဖွင့်ဖွင့် လိမ္မာယဉ်ကျေး အေးချမ်းကြမည်မဟုတ်ပေ။ ထပ်မံရှင်းလင်းပြပါရစေ။ တက္ကသိုလ်ကြီးတွေ မဖွင့်ရဘူး။ ယဉ်ကျေးလိမ္မာသင်တန်းတွေ မဖွင့်ရဘူးဟု ဆိုလိုသည်မဟုတ်ပါ။ ထို subject matter တွေကို သင်ကိုသင်ရမည်။ နာကိုနာရမည်။ ထိုသို့ သိထားသော subject matter တွေကို အခြေခံပြီး စဉ်းစားသိမြင် အသုံးချတတ်မှသာ "ပညာရှိ" အဆင့်ကို တက်လှမ်းနိုင်ပေမည်။

တုနှိုင်းမရသော သိစရာမှန်သမျှကို အကုန်အစင်သိတော်မူသော ပညာရှင်ကြီး မြတ်စွာဘုရားက "ပညာ နရာနံ ရတနံ....ပညာသည် လူ့လောကမှာ တန်ဖိုးအရှိဆုံး ရတနာဖြစ်သည်" ဟု ဟောကြားခဲ့သည်။ မြတ်စွာဘုရား၏ တရားတော်တွေနှင့် အနီးစပ်ဆုံးဖြစ်သော မြန်မာပြည်သူ ပြည်သားတို့သည် သင်ယူဆည်းပူးထားသော အချက်အလက်များကိုအခြေခံ၍ ဆက်စပ်တွေးတောကာ ဆင်ခြင်သိမြင်နိုင်ကြပြီး အမှန်လမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်ကြပါစေ။ ။

ဗုဒ္ဓ၏တရားတော်တွေမှာ သေနည်းသာမက နေနည်းတွေအများကြီး ညွှန်ပြထားသည်။ ထိုနည်းများကိုသိရန် တရားနာရမည်။ တရားနာလျှင် သုတရမည်။ ထိုသုတသည် subject matter ဖြစ်သည်။ ထိုသုတအပေါ်အခြေခံပြီး နေ့စဉ်တွေ့ကြုံလှုပ်ရှားကျင်လည်နေရသောလူ့ဘဝမှာ ဆက်စပ်တွေးခေါ် ဆင်ခြင်သုံးသပ်ပြုမူမှုသာလျှင် "ပညာ" နှင့် နေထိုင်ခြင်းဖြစ်ပြီး တစ်ဦးချင်းအေးချမ်းမည်။ တစ်မိသားစုလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး အေးချမ်းကြပေမည်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပမည်

မုံရွာ စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၁၈ နှစ်အောက် မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို အဆင့်မြှင့်ပြုပြင်ထားသော မုံရွာမြို့ပြည်သူ့အားကစားကွင်းအတွင်းရှိ တိုင်းအားကစားကွင်း၌ ပထမဦးဆုံးအားကစားပြိုင်ပွဲအဖြစ် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ အရင်က ပြေးခုန်ပစ်နဲ့ပတ်သက်ပြီး မြန်မာ့လက်ရွေးစင်တွေ ထွက်တယ်။ မတင်ထူး၊ ကိုဝင်းသိန်း၊ ဦးအောင်သန်းတို့ ထွက်ခဲ့တယ်။ လက်ရွေးစင်တွေထွက်သလို နောက်ပိုင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးက မျိုးဆက်သစ်တွေ ပေါ်ထွက်လာဖို့အတွက် ကျင်းပတာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ယူ ၁၈ ပြေးခုန်ပစ်ပြိုင်ပွဲကလည်း အောက်တိုဘာလထဲမှာ နေပြည်တော်မှာ လုပ်မှာဖြစ်တဲ့အတွက် လူရွေးချယ်တာလည်းလုပ်ပါမယ်။ အရင်ကတော့ ခရိုင်ပေါင်းစုံပြိုင်ပွဲကနေ အခု မျိုးဆက်သစ်တွေ အခွင့်အရေးပိုရအောင် မြို့နယ်ပေါင်းစုံက ခေါ်ပြီးကျင်းပတာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေက ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်း ၃၅ သင်းရှိသည့်အတွက် ကျောင်းသားကျောင်းသူ၊ လူငယ်များပါ ပါဝင်လာနိုင်တော့မည်ဖြစ်သည့်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များဖြစ်သည့် အားကစားနှင့် ပညာရေးပေါင်းစပ်မှုကို မြှင့်တင်ရာရောက်စေရန် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ မုံရွာမြို့ တိုင်းအားကစားကွင်းကြီးအတွင်း မြို့နယ် ၃၅ မြို့နယ်မှ ပြိုင်ပွဲဝင် ၄၄၈ ဦးသည် မီတာ ၁၀၀-၂၀၀-၄၀၀-၈၀၀-၁၅၀၀-၅၀၀၀ အပြေးပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ လမ်းလျှောက်အားကစား၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်အားကစား၊ အလျားခုန်နှင့် အမြင့်ခုန်အားကစား၊ အပြေးတွင် မီတာ ၁၀၀ လက်ဆင့်ကမ်းနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၁၈ နှစ်အောက် မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနကဦးစီးကျင်းပခြင်းဖြစ်ပြီး အမျိုးသားတံခွန်စိုက်ဆု၊ အမျိုးသမီးတံခွန်စိုက်ဆု၊ အမျိုးသား+အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သံတိုင်ထွန်း**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ဘုရားအား ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့်ဇနီး Mrs. Vanvimol Suwana-adth နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် စေတီတော်ကြီးအတွက် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်တထောင်ဘုရားအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့်ဇနီး Mrs. Vanvimol Suwana-adth တို့ ဘုရားတွင် ပန်းကပ်လှူစဉ် (သတင်းစဉ်)

စစ်တွေမြို့ပေါ် စုရပ်များ၌ ရောက်ရှိနေသော နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် ဆန်အိတ် ၃၀၀ နှင့် အသုံးစရိတ် ကူညီထောက်ပံ့

စစ်တွေ စက်တင်ဘာ ၁၈

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောခရိုင် ဒေသအတွင်းနေရပ်များမှ စွန့်ခွာကာ စစ်တွေမြို့ပေါ် စုရပ်များ၌ ရောက်ရှိနေသော ဒေသခံတိုင်းရင်းသားများအတွက် ဆန်အိတ် ၃၀၀နှင့် အသုံးစရိတ်ကို မန္တလေးမြို့အခြေစိုက် မေမေဖောင်ဒေးရှင်းပရဟိတအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကူညီထောက်ပံ့ပေးသည်။

"ဒီကနေ့ ကျွန်တော်တို့ ဖောင်ဒေးရှင်းအဖွဲ့အနေနဲ့ မောင်တောဒေသရဲ့ နေရပ်စွန့်ခွာ ပြည်သူတွေကို ကိုယ်ချင်းစာနာစိတ်ဖြစ်မိတဲ့အတွက် အခုလို စုရပ် ဘုန်းတော်ကြီးကျောင်းတွေမှာ စားနပ်ရိက္ခာအတွက် ဆန်အပါအဝင် အသုံးစရိတ်ငွေကို လာရောက်ကူညီထောက်ပံ့ပေးတာဖြစ်ပါတယ်။ နည်းတယ်၊ များတယ်ဆိုတာထက် ကျွန်တော်တို့ ဖောင်ဒေးရှင်းရဲ့ချမှတ်ထားတဲ့ မူဘောင်နဲ့အညီ လာရောက်လှူဒါန်းဖြစ်တာပါ။ လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းလာရင် မောင်တောနယ်ဘက် စုရပ်တွေနဲ့ ကျေးရွာတွေကိုလည်း အခုလိုပဲ စားနပ်ရိက္ခာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဖောင်ဒေးရှင်းအနေနဲ့ ဆက်လက်ကူညီ ထောက်ပံ့ပေးသွားဖို့ ရှိပါတယ်"ဟု မန္တလေးအခြေစိုက် မေမေဖောင်ဒေးရှင်း ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမိုးနိုင်က ပြောသည်။

စစ်တွေမြို့ပေါ်ရှိ စုရပ်စခန်းများသို့ လာရောက်ကူညီထောက်ပံ့ပေးသော မေမေဖောင်ဒေးရှင်း ပရဟိတအဖွဲ့သည် မိမိဖောင်ဒေးရှင်းလုပ်အားခဖြင့် လာရောက်ကာ ယခုကဲ့သို့ ကူညီထောက်ပံ့ပေးခြင်းဖြစ်သည်။ ဖောင်ဒေးရှင်းအနေဖြင့် ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားစေသည့် အထောက်အကူပြုမှုများ၊ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးထောက်ပံ့ပေးမှုများ၊ သွေးလှူဒါန်းမှုတို့အပြင် အပတ်စဉ် ဘုံဆွမ်းလောင်းလှူမှုတို့ကိုလည်း စဉ်ဆက်မပြတ်ယခုကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း သိရသည်။

ယခုအခါ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောဒေသတွင်းမှ နေရပ်စွန့်ခွာပြည်သူများထားရှိရာ စုရပ်မှာ ၃၀ ကျော်ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့၏ ကူညီထောက်ပံ့ပေးမှုများအပြင် ယခုကဲ့သို့ ပြည်တွင်း ပုဂ္ဂလိကနှင့် အဖွဲ့အစည်းဖောင်ဒေးရှင်းတို့မှ စားနပ်ရိက္ခာများ ဆက်လက်ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းအဖွဲ့)

အတုလမာရ်ဇိန် ပြည်လုံးချမ်းသာဘုရား၌ မေမေဖောင်ဒေးရှင်းပရဟိတအဖွဲ့ လှူဒါန်းနေစဉ်

နေရပ်စွန့်ခွာ ပြည်သူများအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မြို့သစ်ရပ်ကွက်ရှိ မူကြိုအရွယ်ကလေးငယ်များအား မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၊ ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအသင်းတို့မှ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းတွင် မူကြိုအရွယ်ကလေးငယ်များကို ကျန်းမာရေးစစ်ဆေးပေးပြီး ကြက်သားဆန်ပြုတ် အာဟာရကျွေးမွေးခဲ့သည်။

ဆက်လက်ပြီး ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရား သိမ်တော်ကြီးရှိ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စု ၆၄ စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ကျောက်တော်မြို့ သာသနာ့ဗိမာန် ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၈၅ စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ မဟာကံကြီးရှင်ဘုရား ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၇၇ စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် မြောက်ဦးမြို့ သျှစ်သောင်း ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၀ အတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ လောကမာရ်အောင်ဘုရား ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၆၅ စု အတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ ဘုရားပေါ် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ရှစ်စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်ခဲ့သည့်အပြင် ကိုယ်ဝန်ဆောင် အမျိုးသမီး ၄၀ အတွက် မီးဖွားရာတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် မင်းပြားမြို့နှင့် စက်တင်ဘာ ၂၀ ရက်တွင် ရသေ့တောင်မြို့များရှိ ကယ်ဆယ်ရေးစခန်းများ၌ နေရပ်စွန့်ခွာ တိမ်းရှောင်လာကြသည့် ပြည်သူများကို ကူညီထောက်ပံ့မှုများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က ပြောသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

*** ကျောဖုံးမှ**

ပို့ကုန်ပစ္စည်းတချို့ကို စစ်တွေနယ်စပ်ကုန်သွယ်ရေးဂိတ်မှ တစ်ဆင့် ပြောင်းရွှေ့တင်ပို့ခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုများ ရပ်ဆိုင်းထားသည့်အတွက် တစ်ဖက်နိုင်ငံသို့ လတ်တလော အရေးတကြီးတင်ပို့မည့် ကုန်ပစ္စည်းတချို့ကျန်ရှိနေပြီး ပစ္စည်းတချို့မှာ ကြာရှည်မခံသည့်အတွက် အရည်အသွေးများ ကျဆင်းကာ စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ကြောင်း သိရသည်။

"လောလောဆယ် ကျွန်တော်တို့ နိုင်ငံဘက်မှာ အဓိက ကျန်ခဲ့တာက ရေခဲရိုက် ငါးမြစ်ချင်းငါးတွေပါ။ အဲဒီငါးတွေကတော့ အဆိုးဆုံးပါ။ အဲဒီငါးတွေကို ဒီဘက်မှာ ပို့လို့မရလို့ သက်ဆိုင်ရာ ဒေသတာဝန်ရှိသူတွေနဲ့ ချိတ်ဆက်ညှိနှိုင်းပြီး စစ်တွေကို ပြန်ပို့ပေးလိုက်ပါတယ်။ စစ်တွေကနေတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ကို ပြန်ပို့တယ်။ ပြန်ပို့ပေးလိုက်ပေမယ့် ငါးတွေက အရည်အသွေးတစ်ဝက်လောက် ကျဆင်းသွားတော့ ဆုံးရှုံးနစ်နာမှုတွေ ရှိခဲ့ပါတယ်။ ပြီးတော့ ချင်းစိမ်းပါ။ ချင်းစိမ်းပို့ကုန်ဆိုတာလည်း ကြာရင်အပင်တွေ ပေါက်လာတယ်။ အဲဒီပစ္စည်းလေးတွေကိုလည်း နှစ်ရက်တန်သည် သုံးရက်တန်သည် ဘင်္ဂလားဒေ့ရှ်ဘက်ကို ပို့ချင်ပါတယ်။

"နောက်ထပ်အရေးကြီးတာ တစ်ခုက ဆန်ဖြစ်ပါတယ်။ ဆန်ဆိုလည်း ငါးတို့၊ ချင်းစိမ်းတို့ထက်စာရင် တာရှည်ခံတဲ့ပစ္စည်းတော့ ဖြစ်တယ်ဆိုပေမယ့် သူလည်းအလွန်ဆုံး သုံး၊ လေးလလောက်ပဲ ခံနိုင်မယ်။ ကြာရင်ဆန်လည်း နစ်နာမှုရှိမှာပဲ။ နောက်တစ်ခုက ငါးခြောက်ပါ။ အဲဒီကြာရှည်မခံတဲ့ ပို့ကုန်ပစ္စည်းလေးတွေကို ဒေသလုံခြုံရေးအရ ပို့ခွင့်ရရင် ပို့ပြီးရပ်ဆိုင်းထားမှာပါ။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ဒေသဆိုင်ရာ တာဝန်ရှိသူတွေကို တင်ပြပြီးတော့ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ပို့နိုင်အောင်ကြိုးစားနေပါတယ်"ဟု ၎င်းက ဆိုသည်။

အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်ပြီး လုံခြုံရေးအရ အခြေအနေ မပေးသေးသော်လည်း လတ်တလော ပို့ဆောင်ရမည့် ချင်းစိမ်း၊ ဆန်နှင့် ငါးခြောက်တို့ စစ်တွေသို့ ပို့သွားမည်ဖြစ်ရာ လက်ရှိတွင် အလုပ်သမားရှားပါးမှုများလည်း ရှိနေသေးကြောင်း သိရသည်။

"နောက်တစ်ချက်က ဒီဘက်ကို ပြန်ပို့တော့လည်း အလုပ်သမားပြဿနာက ထပ်ရှိနေ သေးတယ်"ဟု ဦးအောင်မြင့်သိန်းက ဆိုသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့တင်ပို့ရန် အဆင်သင့်ဖြစ်နေသောပစ္စည်းများ ကျန်ရှိနေသလို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းသွားပို့သော စက်လှေ ၁၂ စင်းကျော်မှာလည်း ဘင်္ဂလားဒေ့ရှ်ဘက်တွင် ပိတ်မိနေကြောင်း၊ အဆိုပါစက်လှေများသည် အကြမ်းဖက်တိုက်ခိုက်မှုမဖြစ်မီက ထွက်ခွာသွားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကောင်းမွန်စွာရှိနေသည်ဟု သိရကြောင်း ၎င်းက ဆက်လက်ပြောသည်။

နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းသွားခဲ့သည့်အတွက် မောင်တောမြို့ပေါ်တွင် ဘဏ်များ၊ ဌာနဆိုင်ရာနှင့် ဈေးဆိုင်တချို့သာ ဖွင့်လှစ်ရောင်းချနေသောကြောင့် ဒေသတွင်း ဝင်ငွေများလည်း ရပ်ဆိုင်းသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မောင်တောနယ်စပ် ကုန်သွယ်ရေးဇုန်အဖြစ် တည်ဆောက်လျက်ရှိသည့် ကညင်ချောင်း နယ်စပ်ကုန်သွယ်ရေးဇုန်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်နေသော်လည်း လက်ရှိအခြေအနေတွင် နယ်မြေတည်ငြိမ်မှုအရ ခက်ခဲမှုများရှိနေကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ရပ်ဆိုင်းထားခဲ့သည့် မောင်တောဒေသ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းသည် ရက်ပေါင်း ၂၀ ကျော်ကာလအတွင်း နိုင်ငံတော်အတွက် ကုန်သွယ်မှုပမာဏ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ခြောက်သိန်းခန့် ဆုံးရှုံးနစ်နာခဲ့ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ရှိသူများထံမှ သိရသည်။

ရခိုင်ပြည်နယ် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ငွေလှူ

မန္တလေး စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုဖြစ်စဉ်များမှ နေရပ်စွန့်ခွာပြည်သူများအား အလှူငွေပေးအပ်ခြင်း အခမ်းအနားကို တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးတွင် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ငြိမ်းမြရတနာ ကျောင်းတိုက် ပရဟိတသြဝါဒါစရိယ ဣန္ဒာသယ ရွှေမန်းဆရာတော် ဘဒ္ဒန္တ ကဝိဇေပရဟိတအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်တင့်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ထံသို့ ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၂၁၀ နှစ်သောင်း ခုနစ်ရာ တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက လူသုံးကုန်၊ စားသောက်ကုန်နှင့် အဝတ်အထည်မျိုးစုံ တို့ကိုလည်း တိုင်းဒေသကြီး ရှမ်း တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇောထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

မင်းဟန်(မန္တလေး)

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းကြီးက နေရပ်ရွှေ့ပြောင်းဒုက္ခသည်များကို ထောက်ပံ့လှူဒါန်း

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးမြို့ ပွဲစားကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းကြီးက ရခိုင်ပြည်နယ်ဒေသရှိ နေရပ်ရွှေ့ပြောင်းဒုက္ခသည်များကို ကူညီထောက်ပံ့လှူဒါန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အသင်းတိုက်ကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အသင်းနာယက ဦးသိန်းထွန်းနှင့် နာယကများ၊ ဥက္ကဋ္ဌ ဦးသက်တင်၊ ဒုဥက္ကဋ္ဌများဖြစ်ကြသော ဦးဌေးအောင်၊ ဦးညွန့်ဝေ (ခ) ဦးချွန်၊ အတွင်းရေးမှူး ဦးကျော်သွင်တို့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမှုဆောင်များ တက်ရောက်ခဲ့ကြပြီး သဘာပတိအဖြစ် ဦးသက်တင်ကဆောင်ရွက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဦးကျော်သွင်က ရခိုင်ပြည်နယ်ဒေသရှိ နေရပ်ရွှေ့ပြောင်း ဒုက္ခသည်များကို ကူညီထောက်ပံ့လှူဒါန်းနိုင်ရေးနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုသည်။

အဆိုပါအသင်းကြီးအနေဖြင့် ရခိုင်ဒေသသို့လှူဒါန်းနိုင်ရန် အသင်းမှ မတည်ငွေကျပ် သိန်း ၁၀၀ ၊ အသင်းသား၊ အသင်းသူများနှင့် ကိုယ်စားလှယ်များမှ စုပေါင်းလှူဒါန်းငွေကျပ် ၁၀၂၂၀၀၀ စုစုပေါင်း ငွေကျပ် ၂၀၂၂၀၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပုဂံ-ညောင်ဦးမြို့နယ်မှပရဟိတအဖွဲ့များက ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ခံရသည့် ဒေသခံပြည်သူများအား ထောက်ပံ့လှူဒါန်း

ညောင်ဦး စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်ခံရသည့် ဒေသခံပြည်သူများအတွက် ယာယီကူညီကယ်ဆယ်ရေးဆောင်ရွက်ထားရှိသည့်နေရာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စက်တင်ဘာ ၁၇ ရက်က ပုဂံ-ညောင်ဦး မြို့နယ်မှ ပရဟိတလူမှုကူညီရေးအသင်း စုပေါင်းအဖွဲ့များက အလှူငွေများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ပုဂံမြို့ဖြူစင်မေတ္တာ(ရေ/သွေး)အလှူတော်အသင်း ပရဟိတအဖွဲ့ဝင် တစ်ဦးထံမှ သိရသည်။

“ကျွန်တော်တို့ ပုဂံ-ညောင်ဦးမြို့နယ်မှာရှိတဲ့ ပရဟိတလူမှုကူညီရေးအသင်း အဖွဲ့တွေစုပေါင်းပြီး အကြမ်းဖက်သမားတွေကြောင့် ဒုက္ခရောက်နေကြတဲ့ ဒေသခံပြည်သူတွေအတွက် စားနပ်ရိက္ခာဖူလုံစေရန်ရည်ရွယ်ပြီး ညောင်ဦးမြို့နယ်မှာ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ အလှူခံတွေကောက်ခံခဲ့ကြပါတယ်။ စုစုပေါင်းအလှူငွေကျပ် ၁၁၅ သိန်းကျော် ကောက်ခံရရှိခဲ့ပါတယ်။ လှူဒါန်းပေးခဲ့တဲ့နေရာနဲ့ အိမ်ထောင်စုတွေကတော့ စစ်တွေမြို့မှာရှိတဲ့ ပြည်ကြီးမဏ္ဍိုင်ကျောင်းတိုက်မှာရှိတဲ့ အိမ်ထောင်စု ၃၃ စုအတွက် အိမ်ထောင်စုတစ်စုကို ငွေကျပ် ၅၀၀၀၀ နှုန်း၊ ဝိသုဒ္ဓါရာမကျောင်းတိုက်မှာ အိမ်ထောင်စု ၃၇ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ ဇေယျဝတီကျောင်းတိုက်မှာရှိတဲ့ အိမ်ထောင်စု ၅၃ စုအတွက် အိမ်ထောင်စုတစ်စုကို ငွေကျပ် ၅၀၀၀၀ နှုန်း၊ သာသနရောင်ခြည်ကျောင်းတိုက်မှာရှိတဲ့ အိမ်ထောင်စု ၃၁ စုအတွက် အိမ်ထောင်စုတစ်စုကို ငွေကျပ် ၅၀၀၀၀ နှုန်း၊ ကျောက်တော်မြို့နယ် သဇင်ကျောင်းတိုက်မှာရှိတဲ့ အိမ်ထောင်စု ၅၂ စုအတွက် အိမ်ထောင်စုတစ်စုကို ငွေကျပ် ၂၄၀၀၀ တို့ကို ခွဲဝေလှူဒါန်းပေးခဲ့ပါတယ်။

ဒါ့အပြင် ကျောင်းတိုက်များမှ ဆရာတော်ကြီးတွေကိုလည်း အလှူငွေကျပ် နှစ်သိန်းနှုန်းနဲ့ ဆရာတော်လေးပါး၊ အလှူငွေ ကျပ်တစ်သိန်းနှုန်းနဲ့ ဆရာတော် နှစ်ပါးတို့ကိုလည်း ဆက်ကပ်လှူဒါန်းပေးခဲ့ပါတယ်။ ဒါ့အပြင် အနောက်ဘက်ဒေသ ရခိုင်အမျိုးသားနယ်မြေ ပြန်လည်တည်ဆောက်ရေး အထောက်အကူပြုကော်မတီ (ယာယီ)အဖွဲ့အား ငွေကျပ် ၁၀ သိန်းနဲ့ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ယူ ဆောင်ရွက်နေတဲ့ ရဲတပ်ဖွဲ့နှင့် တပ်မတော်သားများအတွက် ငွေကျပ်ငါးသိန်းတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ပါတယ်”ဟု ပုဂံမြို့ ဖြူစင်မေတ္တာ(ရေ/သွေး) အလှူတော် အသင်းမှ ပရဟိတအဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောပြသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

ARSA အစွန်းရောက်အကြမ်းဖက်ဆန့်ကျင်ရေးနှင့် ပြည်ပက ဝင်ရောက်စွက်ဖက်မှုရှုတ်ချရေးဆန္ဒဖော်ထုတ်ပွဲ ရန်ကုန်မြို့၌ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၁၈

ARSA အစွန်းရောက်အကြမ်းဖက် ဆန့်ကျင်ရေးနှင့် ပြည်ပက ဝင်ရောက် စွက်ဖက်မှု ရှုတ်ချရေး ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး (မဟာဗန္ဓုလ ပန်းခြံရှေ့)တွင် ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ဆန္ဒဖော်ထုတ်ပွဲတွင် တက်ရောက်လာကြသူများက ARSA အစွန်းရောက် အကြမ်းဖက်ဆန့်ကျင်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောမှုများ ပြုလုပ်ကြပြီး အချက်ရှစ်ချက်ပါသည့် သဘောထားကြေညာချက် တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဇော်မင်းလတ်

အကြမ်းဖက်တိုက်ခိုက်မှုခံရသည့် တိုင်းရင်းသားများအား ကူညီထောက်ပံ့ရန် မိတ္ထီလာမြို့ရှိ ရဟန်းရှင်လူများက ငွေကျပ်သိန်းခြောက်ရာကျော် ပါဝင်လှူဒါန်း

မိတ္ထီလာ စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုခံရပြီး နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည့် တိုင်းရင်းသားများအား ကူညီထောက်ပံ့ရန် မိတ္ထီလာတွင် ဦးဆောင်စေတနာရှင်များအဖွဲ့က စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ အလှူခံဌာန ဖွင့်လှစ်ဆောင်ရွက်ရာ ရဟန်းရှင်လူ အလှူရှင်များက ငွေကျပ်သိန်း ခြောက်ရာကျော် ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

“မိတ္ထီလာသာသနာ့ဗိမာန်မှာ အလှူခံဌာနဖွင့်လှစ်ပြီးတော့ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ကြတဲ့ တိုင်းရင်းသားများကို ကူညီထောက်ပံ့နိုင်ဖို့ အလှူခံရရှိတဲ့ ငွေအားလုံးကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး လှူဒါန်းမှုလက်ခံစီမံခန့်ခွဲရေးအဖွဲ့သို့ စက်တင်ဘာ ၁၉ ရက်မှာ သွားရောက်လှူဒါန်းကြမှာဖြစ်ပါတယ်”ဟု ဦးဆောင်စေတနာရှင်များအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတစ်ဝန်းတွင် သဘာဝဘေး အန္တရာယ်ခံရမှုဖြစ်ပွားရာ ဒေသများ ပေါ်ပေါက်သောအချိန်များနှင့် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လိုအပ်လာချိန်တွင် မိတ္ထီလာမြို့ရှိ စေတနာရှင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပရဟိတစိတ်ရှိသည့် ရဟန်းရှင်လူများက ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်းခြင်း၊ သွားရောက်ကူညီထောက်ပံ့နိုင်ရန် ဝိုင်းဝန်းအလှူခံဆောင်ရွက်ပေးခြင်းကို ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

မိုးကြိုးပစ်ခံရ၍ ကျောင်းသူတစ်ဦး သေဆုံး

လက်ပံတန်း စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် စက်တင်ဘာ ၁၆ ရက် ည ၇ နာရီကျော်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကွမ်းသီးတစ်ပင်အုပ်စု ညောင်ကုန်းကျေးရွာနေ ကိုဝင်းလေး၏ နေအိမ်ရှိ ပညာတံခွန်ဘော်ဒါဆောင်တွင် စာကျက်ဝိုင်းပြုလုပ်နေသော ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးအနက် မနှင်းအိဇော် တက္ကသိုလ်ဝင်တန်းကျောင်းသူ ဦးရွှေနှစ်စုရွာ ပျဉ်းကတိုးကုန်း ကျေးရွာအုပ်စုနေသူသည် မိုးသည်းထန်စွာ ရွာသွန်းနေစဉ် မိုးကြိုးပစ်သံကြားပြီး လဲကျသွားကာ သတိလစ်နေသဖြင့် ဇီးဖြူကုန်း ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ စက်တင်ဘာ ၁၆ ရက် ည ၉ နာရီကျော်တွင် သေဆုံးသွားခဲ့သည်။

မနှင်းအိဇော်သည် သတိမေ့လဲကျစဉ်က ဝမ်းဗိုက်တွင် ပွန်းပဲ့ဒဏ်ရာရရှိခဲ့ပြီး ယခင်ကလည်း နှလုံးရောဂါရှိသူဖြစ်ကြောင်း ၎င်း၏ဖခင်ထံမှ သိရှိခဲ့ရပြီး မနှင်းအိဇော် သေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သာရဝေါ နယ်မြေရဲစခန်းမှ စစ်ဆေးနေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ မြေပဲနုတ်နေစဉ် မိုးကြိုးပစ်ခံရ၍ တောင်သူတစ်ဦး သေဆုံး၊ နှစ်ဦးဒဏ်ရာရ

သဲကုန်း စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းနယ်မြေရဲစခန်းအပိုင်အတွင်း စက်တင်ဘာ ၁၆ ရက် ညနေပိုင်းက မြေပဲခင်းအတွင်း မြေပဲနုတ်နေသည့် တောင်သူများအား မိုးကြိုးပစ်ခံရမှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေတဲသဲကုန်းကျေးရွာအနီးရှိ မြေပဲခင်းအတွင်း မြေပဲနုတ်နေစဉ် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ခဲ့သဖြင့် မြေပဲနုတ်နေသည့်တောင်သူ ကိုထွန်းအောင် (၃၄ နှစ်)မှာ ဒဏ်ရာဖြင့်သေဆုံးခဲ့ပြီး အခင်းပိုင်ရှင်များဖြစ်သော ကိုကျော်ဌေးနှင့် မချိုတို့မှာ ထုံကျဉ်ဒဏ်ရာများရရှိခဲ့ကြောင်း သိရ၍ ပုတီးကုန်း နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင် (ဆွာ)

❀ ကျောဖုံးမှ

ယခုနှစ်တွင် စီးတီးရန်ကုန်အသင်း၏ နည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ယူခဲ့ပြီး ပထမတန်းမှ MNL သို့ တန်းပြန်တက်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အား/ကာ သိပ္ပံ(မန္တလေး)တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နည်းပြအဖြစ်ဆောင်ရွက်ခဲ့ပြီး အောင်မြင့်အေး၊ စိုးမင်းဦး၊ ကျော်ကိုကို၊ ဒေးဗစ်ဒန်း၊ တင်ဝင်းအောင်၊ နန္ဒကျော်၊ မောင်မောင်စိုး စသည့်ကစားသမားကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

ဦးချစ်နိုင် ကိုင်တွယ်မည့် မြန်မာယူ-၁၈ အသင်းသည် ယခုရက်ပိုင်းအတွင်း စတင်လေ့ကျင့်မည်ဖြစ်သည်။

လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ

မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲနှင့် အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့်ပြုလုပ်သည့် မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲနှင့် အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံ ဂီတအစည်း အရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ **(အောက်ပုံ)**ကိုစတင်ရာ ဒီမိုကရေစီဂုဏ်ပြုတေးသီချင်းများ၊ တစ်ခန်းရပ် ဟာသ၊ ဒီမိုကရေစီအော်ပရာ၊ နှစ်ပါးသွားတို့အပြင် ဒီမိုကရေစီပြဇာတ်အဖြစ် အကယ်ဒမီလူမင်း၊ ဖြိုးငွေစိုး၊ သူထူးစံနှင့် အနုပညာရှင်များစွာပါဝင်သော ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)၏ "ဘုမသိ ဘမသိ" ပြဇာတ်ကိုလည်ကောင်း၊ R ဇာနည်၊ ဖြိုးကြီး၊ ကော်နီ၊ သျှီ၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း နှင့် နာမည်ကျော် ဂီတအနုပညာရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ ချိုပြုံး၊ စိုးစန္ဒာထွန်း၊ ပိုးအိစံ၊ ဟေမာနေဝင်း၊ ဗညားဟန်နှင့် နာမည်ကျော်တေးသံရှင်များက မြန်မာသံစဉ် တေးသီချင်းများဖြင့် လည်းကောင်း တင်ဆက်ဖျော်ဖြေကြရာ ပရိသတ်များ အကြိုက်တွေ့ကြကြောင်း သိရသည်။

"မြန်မာ့ဒီမိုကရေစီပွဲတော် ပဒေသာကပွဲဆိုတော့ ထူးခြားတယ်လေ။ အဲဒါကြောင့် လာကြည့်တာပါ။ ပါဝင်ဖျော်ဖြေတဲ့ အဆိုတော်တွေကိုလည်း ကြိုက်တယ်။ ပြဇာတ်နဲ့ အော်ပရာကလည်း တော်တော်ကောင်းပါတယ်။ ဒီပွဲကနေ ဗဟုသုတ အများကြီး ရပါတယ်" ဟု ကမာရွတ်မြို့နယ်မှ လာရောက်ကြည့်ရှုသူ ဒေါ်နွယ်နွယ်က ပြောသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကို ဒုတိယနေ့(စက်တင်ဘာ ၁၉ ရက်) တွင်လည်း ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် အနုပညာနယ်ပယ်မှ နိုင်ငံကျော် အနုပညာရှင်များက ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီမိုကရေစီပွဲတော်ကြီးမှာ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာမောင်နှမတွေ ပထမဆုံးအကြိမ် စုစုဝေးဝေးနဲ့ ဖျော်ဖြေတင်ဆက်ထားပါတယ်။ ဒီပွဲမှာ ပါဝင်ဖျော်ဖြေမယ့် အနုပညာရှင်အင်အားကလည်း အများကြီးပါ။ ထူးထူးခြားခြား အစီအစဉ်တွေပါပါတယ်။ အထူးသဖြင့် ဝေသာလီခေတ်ရဲ့ ဒီမိုကရေစီစနစ်ကို ဖော်ကျူးထောက်ပြထားတဲ့ အော်ပရာလေးရှိတယ်။ ပြဇာတ်အနေနဲ့ကတော့ ဒီဘက်ခေတ် လတ်တလောဖြစ်နေတဲ့ အခြေအနေတွေကို ခေတ်ပေါ်အမြင်နဲ့ တင်ပြထားတာတွေပါဝင်တဲ့ အတွက် အနုပညာချစ်ပရိသတ်ကြီးကို လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုပါ ပဒေသာကပွဲဖြစ်မြောက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒါရိုက်တာ မောင်သီက ပြောသည်။

အလားတူ မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ခေတ်သစ်ကြေးမုံ၊ လူငယ်စတား၊ ရွှေညာမြေရဲ့ကြယ်ပွင့်များ၊ ဖူးသစ်ကြယ်စင်၊ ဇွဲ၊ မန်းစတား၊ စကားဝါမြေ၊ မော်ဒယ်ဟားစသည့် အငြိမ့်အဖွဲ့ ရှစ်ဖွဲ့တို့က အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲကို ရုံဝင်ကြေးအခမဲ့အဖြစ် ပြသသွားမည် ဖြစ်သည့်အပြင် လာရောက်ကြည့်ရှုမည့် ပရိသတ်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့ နေရာ ခြောက်ခုတွင် အခမဲ့ ကြို၊ ပို့ယာဉ်များကို စီစဉ်ထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး

ကရာတေးဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံတကာ ကရာတေးဒိုပြိုင်ပွဲများတွင် ဒိုင်၊ နည်းပြအဖြစ် ဆောင်ရွက်မည့်သူများသည် International Referee / Coach Licence ရှိရမည်ဖြစ်ပြီး Licence Holder များသာ World Karatedo Federation - WKF ၏ ပြိုင်ပွဲစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ရာ ပြည်တွင်းနည်းပြ၊ ဒိုင်များအနေဖြင့်လည်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အသိအမှတ်ပြု နည်းပြ၊ ဒိုင်လိုင်စင်များရရှိထားရန် လိုအပ်သည့်အတွက်ကြောင့် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ကရာတေးဒိုနည်းပြ၊ ဒိုင်လူကြီး(၂/၂၀၁၇) အဆင့်မြင့်သင်တန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာမြို့နယ်၊ ခရိုင် (အား/ကာ)ရုံးများတွင် ကလပ်အသင်းမှတ်ပုံတင်ထားသော အသင်းများမှ တစ်သင်းလျှင် နည်းပြတစ်ဦးနှင့် ဒိုင်တစ်ဦးစီ တက်ရောက်ခွင့်ရှိပြီး အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ် ဖုန်း ၀၁-၃၇၉၉၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့ အဆင့်မြင့်နည်းပြဆရာ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာအမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်ရုံးချုပ် သင်တန်းခန်းမ၌ စက်တင်ဘာ ၁၈ ရက်က ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ အဆင့်မြင့်နည်းပြဆရာသင်တန်းဖွင့်ပွဲကျင်းပရာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၇ ရက်အထိ သင်တန်းသားနည်းပြဆရာ ၃၁ ဦးတို့ကို အားကစားဆိုင်ရာ နီးနှောဘာသာရပ်များမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာမူဝါဒ၊ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်စည်းမျဉ်း၊ စည်းကမ်းများ၊ အားကစားခေါင်းဆောင်မှု၊ ခွန်အားနှင့် ကြွက်သားတည်ဆောက်မြှင့်တင်မှု၊ လေ့ကျင့်ရေးနှင့်ယှဉ်ပြိုင်ရေးသဘောတရားများ၊ အားကစားစိတ်ပညာ၊ အားကစားဆေးပညာ၊ အားကစားအာဟာရပညာရပ်များကို သင်ကြားပို့ချသွားမည့်အပြင် မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်ဆိုင်ရာ ဘာသာရပ်ဖြစ်သည့် လက်ဝှေ့ရေးပြခြင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲစည်းမျဉ်း၊ ရိုးရာလက်ဝှေ့နည်းစနစ်များကို စနစ်တကျ သင်ကြားပြသမည်ဖြစ်သည်။

သင်တန်းနည်းပြဆရာ သတ်မှတ်ချက်အဖြစ် မြန်မာပြည်ချန်ပီယံဖြစ်ဖူးသူများ၊ ရွှေခါးပတ်ချန်ပီယံ၊ ဒဂုံရွှေအောင်လံ၊ မြန်မာ့လက်ရွေးစင် နိုင်ငံကိုယ်စားပြုဖြစ်ခဲ့ဖူးသူများဖြစ်သည့်အပြင် သင်တန်းကာလ တစ်လျှောက် ၈၅ ရာခိုင်နှုန်းနှင့်အထက် တက်ရောက်နိုင်သူဖြစ်မှသာ ယခုသင်တန်းကို တက်ရောက်သင်ကြားနိုင်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ဇွဲကပင်အသင်း နိုင်ပွဲပြန်ရ

ဇွဲကပင်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်နေစဉ်
ဓာတ်ပုံ-ကိုဇေ

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၁၇ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈) နောက်ဆုံးနေ့အဖြစ် ဇွဲကပင်နှင့် GFA အသင်းတို့ ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ ဇွဲကပင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အမှတ်လိုနေသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဇွဲကပင်အသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့သည်။ နှစ်သင်းစလုံး ပထမပိုင်းတွင်သာ ဂိုးများသွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ဂိုးထပ်မံသွင်းနိုင်၍ ဇွဲကပင်အသင်းက ပထမကျော့ရလဒ်အတိုင်း GFA အသင်းကို ထပ်မံအနိုင်ယူခဲ့ခြင်းဖြစ်သည်။ GFA အသင်းမှာမူ ယခုပွဲရလဒ်ကြောင့် ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။

ဇွဲကပင်အသင်းသည် ဒဏ်ရာရနေသည့် ကွင်းလယ်လူ ဇင်ဖြိုးအောင်မှလွဲ၍ နိုင်ငံခြားသား ကစားသမားသုံးဦး အပါအဝင် လူစုံအသုံးပြုခဲ့ပြီး GFA အသင်းကလည်း အမှတ်လိုနေသောကြောင့် အမာခံကစားသမားများ အစုံအလင်အသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် အပြန်အလှန်ရှိခဲ့ပြီး ၂၂ မိနစ်တွင် ဇွဲကပင်အသင်း ဂိုးစရခဲ့သည်။ ဇွဲကပင်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ရန်ကျော်ထွေးက ပိတ်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဂိုးပေးလိုက်ရပြီး ငါးမိနစ်အကြာတွင် GFA အသင်းအတွက် ချေပဂိုးကို စိုးမင်းအောင်က သွင်းယူခဲ့သည်။ ၃၄ မိနစ်တွင် ဇွဲကပင်အသင်း အနိုင်ဂိုးရခဲ့ပြီး စိုင်းမင်းထွန်း ဖန်တီးပေးသည့်ဘောလုံးကို တိုက်စစ်မှူး မာတင်ကာ ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သလို GFA အသင်းကလည်း ချေပဂိုးရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

ပွဲစဉ်(၁၈)အပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ၄၄ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၂ မှတ်၊ ရတနာပုံအသင်းက ၃၈ မှတ်၊ ရောဝတီအသင်းက ၂၉ မှတ်၊ မကွေးနှင့် ရခိုင်အသင်းက ၂၇ မှတ်စီ၊ ဇွဲကပင်အသင်းက အမှတ် ၂၀၊ Southern နှင့် ဟံသာဝတီအသင်းက ၁၉ မှတ်စီ၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ GFA အသင်းက ၁၀ မှတ်ရရှိထားသည်။

သတင်း-ညီမြတ်သော်တာ

စားပွဲတင်တင်းနစ် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကျောက်ဖြူ စက်တင်ဘာ ၁၈- ကျောက်ဖြူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသား စားပွဲတင်တင်းနစ်ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၁၈ ရက်က မြို့မအားကစားကွင်း အားကစားရုံ၌ ကျင်းပသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ရာ အသက် ၂၅ နှစ်အောက် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင် အမျိုးသားပြိုင်ပွဲ၌ မောင်ခန့်ဝင်းလှိုင်က မောင်ထက်စိုးနိုင်အား သုံးပွဲ-နှစ်ပွဲဖြင့် နိုင်ပြီး အမျိုးသမီးပြိုင်ပွဲ၌ မယွန်းပိုးအိမ်က မမေဒေးကိုအား လေးပွဲ-သုံးပွဲဖြင့် အနိုင်ရခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။

ဖြိုးဝေလင်း (ပြန်/ဆက်)

မြို့ပြစက်ရုံ၊ အလုပ်ရုံများနှင့် သက်ဆိုင်သော ရေနှင့် ရေဆိုးသန့်စင်မှုနည်းပညာရပ်ဆိုင်ရာများ ဆွေးနွေး

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် Marvel Hotel ၌ စက်တင်ဘာ ၁၅ ရက်က Advanced Technologies for Water and Waste Water Management ရေနှင့် ရေဆိုးသန့်စင်မှု နည်းပညာဖလှယ်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး)၊ ပြင်သစ်နိုင်ငံအခြေစိုက် Veloia ကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ Mast Myanmar Technology ကုမ္ပဏီတို့မှ ပူးပေါင်းကျင်းပသော ရေနှင့်ရေဆိုးသန့်စင်မှုဆိုင်ရာ နည်းပညာဖလှယ်ပွဲဖြစ်ပြီး မြန်မာနိုင်ငံရှိ အင်ဂျင်နီယာများ၊ အသိပညာ၊ အတတ်ပညာရှင်များသည် ယခုပြုလုပ်သည့်ဖလှယ်ပွဲမှ မိမိနေထိုင်ကြသည့်ရပ်ရွာ၊ မြို့တော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည့် အသိပညာဗဟုသုတများလည်း ရရှိနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

" GREEN ဖြစ်ချင်ရင် ပူးပေါင်းဆောင်ရွက်မှုဖြစ်မယ်။ CLEAN ဖြစ်ချင်ရင် အစိုးရက ချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းချက်တွေကို လိုက်နာဖို့ လိုပါတယ်။ GREEN နဲ့ CLEAN ဖြစ်ဖို့ရေဆိုးတွေကို ဘယ်လိုထိန်းသိမ်းမလဲ။ ဘယ်လို Treatment လုပ်ပြီး ဘယ်လိုစွန့်ထုတ်နိုင်မလဲ။ စက်မှုဇုန်တွေရှိဖို့လည်း လိုအပ်ပါတယ်။ ဒီလိုစက်မှုဇုန်တွေလုပ်ဖို့ မာစတာပလန်ရှိရပါမယ်။ ဒါတွေကို သက်ဆိုင်ရာပညာရှင်တွေက လုပ်ရပါ့မယ်။ ကျွန်တော်တို့ မန္တလေးမြို့ကြီးကို GREEN၊ CLEAN၊ SMARTနဲ့ ဖြစ်ချင်ရင် မြို့တော်စည်ပင်တစ်ခုတည်းနဲ့လုပ်လို့မရပါဘူး။ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုနည်းပညာဖလှယ်ပွဲဟာ အကျိုးရှိတဲ့ဆွေးနွေးပွဲလေးဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာစိုးသန်းနှင့် ဦးစိုင်းကျော်ဇော၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်တို့မှ တာဝန်ရှိသူများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူးများနှင့် အင်ဂျင်နီယာများ၊ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့(မန္တလေးရုံးခွဲ)၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရေနှင့်ရေဆိုးသန့်စင်မှု နည်းပညာဖလှယ်ပွဲသို့ တက်ရောက်လာကြသော အသင်းအဖွဲ့နှင့် ကုမ္ပဏီများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

အဘယမုဒြာရုပ်ပွားတော်မြတ်ကြီးလှည့်လည်အပူဇော်ခံ

လွိုင်ကော် စက်တင်ဘာ ၁၈

ကယားပြည်နယ် လွိုင်ကော်မြို့၏ အထင်ကရနေစက်၊ လစက်စေတီတော်မြတ်ကြီးအနီးသာသနာ့မြေတွင် တည်ဆောက်လျက်ရှိသည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဂန္ဓကုဋိတိုက်တော်တွင် ကိန်းအောင်းမွေ့လျော်စံပယ်သီတင်းသုံးတော်မူမည့် အဘယမုဒြာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စက်တင်ဘာ ၁၆ ရက်က လွိုင်ကော်မြို့တွင်း လှည့်လည်ပင့်ဆောင်အပူဇော်ခံလျက်ရှိကြောင်း သိရသည်။

အဘယမုဒြာရုပ်ပွားတော်မြတ်ကြီးအား စက်တင်ဘာ ၁၅ ရက်တွင် မန္တလေးမြို့မှ ပင့်ဆောင်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် လွိုင်ကော်မြို့သို့ ဆိုက်ရောက်တော်မူခဲ့၍ ဆုတောင်းပြည့်မြို့နာမ်စေတီတော်၊ တောင်ကွဲစေတီတော် စသည့် အထင်ကရနေရာများသို့ လှည့်လည်ပင့်ဆောင်အပူဇော်ခံပြီးနောက် ဗုဒ္ဓဥယျာဉ်တော်သို့ ဆက်လက်ပင့်ဆောင်မည်ဖြစ်သည်။ အဘယမုဒြာရုပ်ပွားတော်မြတ်ကြီးကို စကျင်ကျောက်ဖြင့် ထုလုပ်ကိုးကွယ်ခြင်းဖြစ်ပြီး ဉာဏ်တော် ၁၅ ပေ၊ အလေးချိန် ၂၅ တန်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

ရခိုင်ပြည်နယ်ရှိ အကူအညီလိုအပ်နေသော ပြည်သူများအတွက် ထောက်ပံ့ကူညီပေးရန် အလှူခံလှည့်လည်

ကသာ စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်းရှိလူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ရခိုင်ပြည်နယ်ရှိ အကူအညီလိုအပ်နေသောပြည်သူများအားထောက်ပံ့ကူညီပေးရန်အတွက်ကသာမြို့နယ်၊ အင်းတော်မြို့နယ်၊ ဗန်းမောက်မြို့နယ်များသို့အလှူခံခြင်းကို စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ စုပေါင်းအလှူငွေကောက်ခံခဲ့ကြသည်။

စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ ကသာမြို့နယ်တွင် လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်က အင်းတော်မြို့နယ် မော်လူးဒေသသို့လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်က အင်းတော်နှင့် ဗန်းမောက်မြို့များသို့လည်းကောင်း လှည့်လည်အလှူခံခဲ့ကြကြောင်း သိရသည်။

ထိုသို့ အလှူငွေများကောက်ခံခဲ့ကြရာ အင်းတော်မြို့နယ်မှ ငွေကျပ်သိန်း ၂၀ ကျော်၊ ဗန်းမောက်မြို့နယ်မှငွေကျပ် ၂၆ သိန်းကျော်နှင့် အင်းတော်မြို့နယ်မော်လူးဒေသမှ ငွေကျပ် ရှစ်သိန်းကျော် စုစုပေါင်းကောက်ခံရရှိငွေမှာကျပ်သိန်း ၁၀၀ ကျော်နှင့် ဆန်၊ လူသုံးကုန်ပစ္စည်းများလည်း ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူငွေကောက်ခံရေးတွင် PANDORA MUSIC BAND တေးဂီတအဖွဲ့ကလည်း အလှူခံလှည့်လည်ရေးအဖွဲ့များနှင့်အတူ ဒေသခံပြည်သူများအား ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

(၃၉)ကြိမ်မြောက် သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအားအခမဲ့ခွဲစိတ်ကုသ

သီပေါ စက်တင်ဘာ ၁၈

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ဦးရွက် စီစဉ်ညွှန်ကြားမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် (၃၉)ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား စက်တင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

သီတဂူစက္ခုဒါန ဆေးရုံကြီးသို့ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များသာမက အခြားသော မြို့နယ်များမှ လာရောက်ကုသသော မျက်စိဝေဒနာရှင်များအား သီတဂူစက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်းစသည့် ပဏာမလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အငြိမ်းစားမျက်စိအထူးကုဆရာဝန် ဒေါက်တာ ဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရန်လိုအပ်သည့် ဝေဒနာရှင်များကို နံနက် ၈ နာရီမှ စတင်ခွဲစိတ်ကုသပေးကြသည်။

ယခု(၃၉) ကြိမ်မြောက် သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၈၂၀ ကို စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ရန်လိုအပ်သည့် မျက်စိဝေဒနာရှင် ၁၇၁ ဦးကို လည်းကောင်း၊ ကျန်လူနာများကို လိုအပ်သော ဆေးဝါး၊ မျက်စဉ်းနှင့် မျက်မှန်တပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ အရှိန်မြှင့်တင်ဆောင်ရွက်

မင်းလှ စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းသားကျောင်းသူများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကောင်းများရရှိကျင့်သုံးနိုင်စေရန်နှင့် သန့်ရှင်းသော ကျောင်းပတ်ဝန်းကျင်များပေါ်ထွန်းလာစေရန်အတွက် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုကို စက်တင်ဘာလဒုတိယပတ်က လမ်းမတော်နောက်ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်သူနာပြုအဆင့်(၁)ဒေါ်သန်းနွဲ့အေးက ကျောင်းကျန်းမာရေးအကြောင်းသိကောင်းစရာများနှင့် ကာကွယ်ရန်နည်းလမ်းများကိုပြောကြားသည်။ မြို့နယ်သွားဆရာဝန်ဒေါက်တာမြင့်စိုးက သွားရောဂါ၊ သွားကျန်းမာရေးနှင့် သွားတိုက်နည်းအကြောင်းများကို ဟောပြောခဲ့ပြီး အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်စန်းစန်းဝင်းက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနည်းများအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ကိုယ်အလေးချိန်တိုင်းခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်း၊ အရပ်တိုင်းခြင်း၊ မျက်စိစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးကုသပေးခြင်း၊ Colgate သွားတိုက်ဆေးဘူးများဝေငှပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပေါက်စ -မင်းလှ

မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ ရောင်းချခြင်းမရှိစေရေး စစ်ဆေး

မိုင်းယောင်း စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးတုများ၊ စံမညီသော ဆေးဝါးတုများ ရောင်းချခြင်းမရှိစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် စက်တင်ဘာလဒုတိယပတ်က အမှတ် (၁)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်ရှိ ဆေးဆိုင်များအား စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးတုများ၊ စံမညီသော ဆေးဝါးများ ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ဆေးဆိုင်ရှင်များအား ဆေးဝါးအတုများ ရောင်းချခြင်းမပြုရန်နှင့် မိမိရောင်းချနေသည့်ဆေးဝါးများတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိလျှင်သော်လည်းကောင်း၊ သုံးစွဲနေသည့် ဆေးဝါးများ၏ အရည်အသွေးနှင့် ဆေးဝါးအတုဟု သံသယဖြစ်ဖွယ်တွေ့ရှိရလျှင် သက်ဆိုင်ရာတာဝန်ရှိသူများကို အသိပေးအကြောင်းကြားရန် ပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပလက်ဝမြို့ပေါ် ရပ်ကွက်သုံးခုရှိလမ်းများတွင် ဆိုလာမီးများတပ်ဆင်

ပလက်ဝ စက်တင်ဘာ ၁၈

ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝမြို့မြို့မ၊ ရွာမနှင့် ရိက္ခာရပ်ကွက် သုံးခုအတွင်းရှိလမ်းများတွင် ပြည်သူများညအချိန် လမ်းအသုံးပြုမှုလွယ်ကူချောမွေ့စေရန် စက်တင်ဘာလဒုတိယပတ်က လမ်းမီးတိုင်များကို ဆိုလာမီးများ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တပ်ဆင်ပေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့က လမ်းတစ်လျှောက်ရှိ မီးတိုင်များတွင် ဆိုလာမီးများတပ်ဆင်ခြင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မောင်မောင်ကျော့-ပလက်ဝ

ထိုင်းနိုင်ငံမှ ကုန်သေတ္တာပါတွဲယာဉ်များ မြန်မာခေါင်းတွဲချိတ်ဆက်၍ သီလဝါစီးပွားရေးဇုန်အထိ သွားရောက်ခြင်းကို မြဝတီနယ်စပ်ကုန်သည်လုပ်ငန်းရှင်များမှ သဘောတူညီခြင်းမရှိဟုဆို

မြဝတီ စက်တင်ဘာ ၁၈

ထိုင်းနိုင်ငံမှ နောက်တွဲယာဉ် (Trailer) များနှင့် မြန်မာဘက်ခေါင်းတွဲကို ချိတ်ဆက်၍ သီလဝါစီးပွားရေးဇုန် (SEZ) အထိ သွားရောက်ရန်ကိစ္စအား မြဝတီမြို့နယ် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းနှင့် ကုန်သည်လုပ်ငန်းရှင်များမှ သဘောတူညီခြင်းမရှိကြောင်း သိရသည်။

"ကျွန်မတို့ မြဝတီကုန်သည်ကြီးများအသင်းက ဩဂုတ် ၁၈ ရက်က နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှာ အစည်းအဝေးတက်ရပါတယ်၊ အဲဒီအစည်းအဝေးက ဩဂုတ် ၃၀ ရက်နဲ့ ၃၁ ရက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ မြန်မာ-ထိုင်း နှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှု ကနဦးသဘောတူညီချက် MoU လက်မှတ်ရေးထိုးတာနဲ့ပတ်သက်ပြီးတော့ အကြိုညှိနှိုင်းအစည်းအဝေးဆိုတာသိရတယ်၊ အဲဒီမှာ ဘာတွေဆွေးနွေးလဲဆိုတော့ ထိုင်းနိုင်ငံက နောက်တွဲယာဉ် (Trailer) တွေနဲ့ မြန်မာဘက်ခေါင်းတွဲကို ချိတ်ဆက်ပြီးတော့ သီလဝါစီးပွားရေးဇုန်(SEZ)အထိ သွားရောက်တဲ့ကိစ္စကို ဆွေးနွေးတယ်၊ ကျွန်မတို့ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အဆင်ပြေမှုမရှိဘူး၊ အခက်အခဲတွေရှိတယ်၊ သဘောတူညီမှုမရှိပါဘူးလို့ တင်ပြခဲ့ပါတယ်။ အဲဒီလိုပဲ မြဝတီနယ်စပ်ကုန်သည်လုပ်ငန်းရှင်တွေ အနေနဲ့လည်း သဘောတူလက်ခံခြင်း မရှိပါဘူး၊ သီလဝါအထိသွားဖို့ကိစ္စကို ဝန်ကြီးဌာနက ပြန်ပြောတာ မရှိသေးပါဘူး။ အခုက ဝန်ကြီးဌာနက ဘာကိုမေးလဲဆိုတော့ ဒီယာဉ်တွေကို မြဝတီကုန်သွယ်ရေးဇုန်အထိ သွားမယ်ဆိုရင် ဘယ်နှစီးခွင့်ပြုမလဲ၊ မြဝတီက ယာဉ်တွေသွားမယ်ဆိုရင်လည်း ဘယ်နှစီးသွားမလဲ၊ ဒါကိုမေးမြန်းတာပေါ့၊ အဲဒီတော့ ကျွန်မတို့က ကုန်သည်လုပ်ငန်းရှင်တွေကိုချပြပြီး မေးမြန်းတဲ့အခါ ကုန်သည်တွေက ယာဉ်အစီးရေကို မကန့်သတ်ဖို့နဲ့ ပုံမှန်အတိုင်း ဝင်/ထွက်သွားလာဖို့ပဲ ဖြစ်စေချင်တာပါ။ ဒါကို ပြန်လည်တင်ပြထားပါတယ်" ဟု မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က မြဝတီမြို့ သောင်ရင်းခန်းမ၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှုနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

"ထိုင်းနိုင်ငံက ယာဉ်တွေ ရန်ကုန်အထိ တိုက်ရိုက်ဝင်မယ်ဆိုရင် မိမိနိုင်ငံရဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ အလုပ်လက်မဲ့ ဖြစ်သွားနိုင်ပါတယ်။ မြဝတီမှာ ကုန်တင်ကုန်ချလုပ်သားအင်အား ၁၀၀၀ ကျော်ရှိပါတယ်။ သူတို့အလုပ်အကိုင်လည်း ပျောက်ဆုံးကုန်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ ဒီနယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု ကနဦးသဘောတူညီချက်အရ မဖြစ်မနေလုပ်ဆောင်ရမယ်ဆိုရင်လည်း ကုန်သေတ္တာပါယာဉ်တွေကို International Operator လိုင်စင်ကိုင်ဆောင်ထားတဲ့ မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်တွေကပဲ ဒီသီလဝါ SEZ အပါအဝင် စက်မှုဇုန်တွေအထိ ပို့ဆောင်လုပ်ကိုင်ခွင့်ပြုဖို့နဲ့ ထိုင်းကုန်ယာဉ်တွေကို မြဝတီကုန်သွယ်ရေးဇုန်အထိသာ ဝင်ရောက်ခွင့်ပြုပြီး အခြားဒေသများသို့ သွားရောက်ပို့ဆောင်ခြင်းမရှိဖို့ တင်ပြဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိန်လင်းအောင် (ပြန်/ဆက်)

တောင်ငူခရိုင်အတွင်း နယ်မြေဒေသလုံခြုံရေးအတွက် ရှာဖွေစစ်ဆေးမှုများဆောင်ရွက်

ရေတာရှည် စက်တင်ဘာ ၁၈

တောင်ငူခရိုင်အတွင်း နယ်မြေအေးချမ်းလုံခြုံရေးအတွက် ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်သိန်း၊ ဒုရဲမှူး ခင်စိုးလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက် ည ၈ နာရီမှစတင်၍ အမှတ်(၃) စစ်တောင်းတံတားပေါ်၌ သွားလာလျက်ရှိသော မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခဲ့သည်။ **(ယာပုံ)**



ထို့အတူ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦး၊ မြို့မစခန်းမှူး ဒုရဲမှူး ကြည်ဖေ ဦးစီးတပ်ဖွဲ့ဝင်များက ရန်ကုန်-မန္တလေးကားလမ်းနှင့် ကရင်ချောင်း-လိပ်သိုကားလမ်းဆုံတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဝက်များမွေးမြူသည့်နေအိမ်၏အနံ့ဆိုးများမခံနိုင်၍ သက်ဆိုင်ရာသို့တိုင်ကြားရာမှ ဖြေရှင်းမရ၍ တရားရုံးတွင်အမှုရင်ဆိုင်နေရ

ဟိုင်းကြီးကျွန်း စက်တင်ဘာ ၁၈

ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာ၌ ဝက်များမွေးမြူထားသည့်နေအိမ်မှ အနံ့ဆိုးများကို မခံနိုင်၍ ဒေသခံ ၁၅ ဦးက သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့အုပ်ချုပ်ရေးမှူးများသို့ အဆင့်ဆင့်တိုင်ကြားခဲ့သော်လည်း ဖြေရှင်းမရသည့်အတွက် ငပုတောမြို့နယ် တရားရုံးတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ယနေ့အချိန်အထိ အမှုရင်ဆိုင်နေရကြောင်း သိရသည်။

ကျောက်ချောင်း ကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာရှိ ဝက်ခြံမှထွက်သည့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေအိမ်များ၊ လမ်းသွားလမ်းလာများ မခံနိုင်တော့၍ ၂၀၁၆ ခုနှစ်အတွင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ သုံးကြိမ်တိုင်ကြား၍ အုပ်ချုပ်ရေးရုံးတွင် ခေါ်ယူညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း လိုက်နာဆောင်ရွက်မှုမရှိသည့်အတွက် မြို့အုပ်ချုပ်ရေးမှူးထံသို့ ၂၀၁၆ ခုနှစ် မေလ ၆ ရက်တွင် ဆက်လက်တင်ပြဆောင်ရွက်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ထို့နောက် ငပုတောမြို့နယ် တရားရုံးသို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဦးဇော်လွင်၏ ဝက်မွေးမြူသည့်ကိစ္စအား ဒေသခံ ဒေါ်ဘမ်းဘူးပါ ၁၅ ဦးက ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုခဲ့ကြောင်း၊ တရားစွဲဆိုမှုနှင့်ပတ်သက်၍ ၂၀၁၇ ဇန်နဝါရီလမှ ယနေ့အချိန်အထိ တစ်လလျှင် နှစ်ကြိမ်သွားရောက် အမှုရင်ဆိုင်ရကြောင်း၊ အမှုကိစ္စနှင့်ပတ်သက်၍ ရှစ်လကြာခဲ့ပြီဖြစ်ကြောင်း ဒေါ်သဇင်မော်က ပြောသည်။

စည်းကမ်းမဲ့ ဝက်မွေးမြူမှုနှင့်ပတ်သက်၍ တရားရင်ဆိုင်နေရသော်လည်း ကျေးရွာအတွင်း ဝက်ခြံမှအနံ့ဆိုးများ ထွက်ပေါ်နေဆဲဖြစ်ပြီး တရားရင်ဆိုင်နေရသည့်အတွက် အလုပ်အကိုင်ပျက်ခြင်း၊ ခရီးစရိတ်ကုန်ကျမှုများလာခြင်းကြောင့် သက်ဆိုင်ရာမှ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဒေသခံများလိုလားလျက်ရှိကြောင်း သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

အန္တရာယ်ရှိ လူနေအိမ်နှစ်လုံးမှ မိသားစုဝင်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

ဟားခါး စက်တင်ဘာ ၁၈

ချင်းပြည်နယ် ဟားခါးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပွားလျက်ရှိရာ စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီခန့်က ဈေးဟောင်းရပ်ကွက် ဒါအိုချိန်းလမ်းရှိ ဒေါ်ဇိန်ကျန်းနှင့် ဦးလျန်ဘိခ် နေအိမ်တို့သည် ပြိုကျပျက်စီးနိုင်သည့်အန္တရာယ်ကြောင့် ယင်းအိမ်နှစ်လုံးရှိ မိသားစုဝင်များအား ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ရွှေ့ပြောင်းပေးရာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဇီယာန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ဒေါ်ဇိန်ကျန်း၏နေအိမ်၌ အိမ်ငှားနေထိုင်သူ ဦးမြင့်ဦး၏မိသားစုဝင်လေးဦး၊ ဦးလျန်ဘိခ်၏ မိသားစုဝင် လေးဦး စုစုပေါင်းရှစ်ဦးတို့အား ဘေးလွတ်ရာ နီးစပ်သည့်ဆွေမျိုးများနေအိမ်သို့ အချိန်မီရွှေ့ပြောင်းရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဟားခါး ခရိုင်ပြန်/ဆက်)

ဖလမ်း-ရိဒ်ခေါဒါရ်နှင့် တီးတိန်-ရိဒ်ခေါဒါရ် မော်တော်ကားလမ်း ပြုပြင်ခြင်းကြောင့် လူစီးယာဉ်ငယ်များသာ ဖြတ်သန်းသွားလာခွင့်ပြု

ဖလမ်း စက်တင်ဘာ ၁၈

ချင်းပြည်နယ် ဖလမ်းမြို့-ရိဒ်ခေါဒါရ်မြို့ဆက် မော်တော်ကားလမ်းနှင့် တီးတိန်မြို့-ရိဒ်ခေါဒါရ်မြို့ဆက် မော်တော်ကားလမ်းသည် မိုးရွာသွန်းမှုကြောင့် ရွှံ့ဗွက်ပြည့်နှက်နေသည့်အတွက် လမ်းဦးစီးဌာနက ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လမ်းပြုပြင်ခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနက စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ၁၅ ရက်ကြာ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် လူစီးယာဉ်ငယ်များကိုသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း လမ်းဦးစီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

တီးတိန်-ရိဒ်ခေါဒါရ်ကားလမ်းသည် မြန်မာ-အိန္ဒိယနယ်စပ်ကုန်စည်ပို့ဆောင်ရေးလမ်းမကြီးဖြစ်ပြီး ယခုအခါ မိုးတွင်းကာလဖြစ်သည့်အလျောက် လမ်းမပေါ်တွင် ရွှံ့ဗွက်များ ထူထပ်နေသည့်အတွက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအတွက် လည်းကောင်း၊ ခရီးသွားလာနေသူများအတွက်လည်းကောင်း သွားလာရန်အခက်အခဲရှိကြောင်းနှင့် ယခုလိုလမ်းဦးစီးဌာနက ပြုပြင်ပေးခြင်းဖြစ်ကြောင်း၊ ဖြတ်သန်းသွားလာရေးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆောမြို့တွင် ဆောချောင်းရေမြင့်တက်လျက်ရှိ

ဆော စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ဆောမြို့တွင် ဖြတ်သန်းစီးဆင်းသည့် ဆောချောင်းရေမှာ စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းမှစတင်ကာ မြင့်တက်လာလျက်ရှိသည်။

ထို့ပြင် ဆောမြို့သီရိရပ်ကွက် အနိမ့်ပိုင်းရှိ လူနေအိမ်အချို့မှာ ရေဝင်ရောက်ရန် နီးကပ်လျက်ရှိပြီး ဆောမြို့နှင့် ခွင်းချောင်းကျေးရွာကူး လူကူးတံတား ဆောဘက်ခြမ်းတွင် ရေတိုက်စားမှုနည်းစေရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၁)

မြိတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်တစ်ပင် နေအိမ်ပေါ်လဲပြို

မြိတ် စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နံနက် ၁၁ နာရီကျော်က ကန်ဖျားနယ်မြေ ခရူတောတောင်ပေါ်ရပ်ကွက် သတ္တုရုံးအနောက်လမ်းရှိ ဦးအောင်ဝင်း ပိုင်ဆိုင်သော အလျားပေ ၄၀၊ အနံ ပေ ၃၀ ကွန်ကရစ်ခင်း အုတ်ကာ သွပ်မိုးနှစ်ထပ်နေအိမ်ပေါ်သို့ သစ်ပင်တစ်ပင်လဲပြိုခဲ့ရာ မီးသတ်ဦးစီးဌာနမှ ရှင်းလင်းပေးခဲ့ကြောင်း၊ လဲပြိုခဲ့သည့်သစ်ပင်သည် နှစ်ပေါင်း ၃၀ ခန့် တောင်ပရန်သစ်ပင်ဖြစ်ပြီး သစ်ပင်လဲပြိုမှုကြောင့် နေအိမ်အမိုးသွပ်ပြားများပျက်စီးခဲ့ကာ လူထိခိုက်မှုမရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

နေအိမ်ပေါ်သို့ သစ်ပင်လဲပြိုနေကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက မီးသတ်ဦးစီးဌာနသို့ ဖုန်းဖြင့်သတင်းပေးပို့သဖြင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး (ယာယီ) ဦးစီးအရာရှိ ဦးမျိုးသိန်း ဦးဆောင်၍ သန္ဓေ+အရန် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် နေအိမ်ပေါ်သို့ လဲပြိုနေသောသစ်ပင်ကိုရှင်းလင်းခဲ့ကြပြီး အိမ်ကိုလည်း ကရိန်းယာဉ်ဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

ခိုင်ထူး(မြိတ် ပြန်/ဆက်)

ဆိုင်ကယ်နှင့် ဆီတင်ယာဉ်တိုက်မိ၊ နှစ်ဦးသေဆုံး

သီပေါ စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဆွတ်လမ်းကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၃၃/၆-၇)ကြားတွင် စက်တင်ဘာ ၁၈ ရက် ညနေ ၄ နာရီခွဲက သီပေါမှလားရှိုးသို့အသွား နောင်ပိန်ကျေးရွာနေ ယာဉ်မောင်း စိုင်းလုထွန်း မောင်းနှင်ပြီး ၎င်း၏ ဆိုင်ကယ်နောက်တွင် ဇနီးနှင့် နှစ်နှစ်သား သားငယ်တို့လိုက်ပါလာသည့် ဆိုင်ကယ်အမှတ် ၃၃ဃ/-- သည် ၎င်းရှေ့လမ်းဘေးတွင်ရပ်ထားသော အောင်မျိုးထိုက် မောင်းနှင်သည့် ၂၂ဘီး ဆီတင်ယာဉ်အမှတ် N/....ကို တွေ့ရှိသဖြင့် ဘရိတ်အုပ်လိုက်စဉ် ဆိုင်ကယ်နောက်မှပါလာသော ဇနီးနန်းအေးလှနှင့် သားငယ်တို့မှာ ဆိုင်ကယ်ပေါ် မှပြုတ်ကျ၍ တွဲကားအောက်သို့ရောက်ရှိသွားရာ ကြိတ်မိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။ ယင်းအမှုကို သီပေါရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

စက်လှေတစ်စင်း လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းကြီး၍ ပင်လယ်ပြင်တွင်နစ်မြုပ်

ဟိုင်းကြီးကျွန်း စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာနှင့် ကင်းငူကျေးရွာကြား ကျောက်ပုထိုးအနီး (ဒေသအခေါ်) အကျော်ကြီးကွေ့ပင်လယ်ပြင်တွင် စက်တင်ဘာ ၁၇ ရက် ညပိုင်းက လှိုင်းလေပြင်းထန်၍ စက်လှေတစ်စင်း နစ်မြုပ်ခဲ့ကြောင်း ဒေသခံများ၏ပြောကြားမှုအရ သိရသည်။

စက်လှေပိုင်ရှင်မှာ ငပုတောမြို့နယ် သစ်ရောင်းကျေးရွာအုပ်စု သစ်ရောင်းကျေးရွာတွင်နေထိုင်သူ ဦးတင်ဝင်း ဖြစ်ကြောင်း၊ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရွှေသောင်ယံမြို့ ဇောမိကျေးရွာက ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ စက်လှေပေါ်တွင် လှေသားခုနစ်ဦးခန့် လိုက်ပါလာကြောင်း၊ စက်လှေနစ်မြုပ်မှုကြောင့် လှေသားများ သေဆုံးမှုမရှိကြောင်းနှင့် ကင်းငူကျေးရွာသို့ ဆယ်ယူရရှိထားကြောင်း၊ အဆိုပါ စက်လှေမှာ သစ်များတင်ဆောင်ထားသည့် စက်လှေတစ်စင်းဖြစ်နိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ စက်လှေပိုင်ရှင် ဦးတင်ဝင်းကို ဆက်သွယ်မေးမြန်းရာတွင် ဆက်သွယ်၍မရရှိခဲ့ပေ။ ဟိုင်းကြီးကျွန်းမြို့ရှိ သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့်လည်း ယင်းကိစ္စကို ဆက်သွယ်စုံစမ်းနေဆဲဖြစ်ကြောင်း အတည်မပြုနိုင်သေးကြောင်း သိရသည်။ **ခင်ကြည်ကျော် (ဟိုင်းကြီးကျွန်း)**

ဆွဲကြိုးလုယက်ထွက်ပြေးသူများကို အသုံးပြုသည့်ယာဉ်နှင့်အတူ ဖမ်းမိ

ရန်ကုန် စက်တင်ဘာ ၁၈

စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူ မ----သည် စာကျက်ပြီးပြန်လာစဉ် အမျိုးသားနှစ်ဦး နောက်မှလိုက်လာပြီး ဝတ်ဆင်ထားသောဆွဲကြိုးကို လုယက်ယူကာ အသင့်စောင့်ဆိုင်းနေသော မော်တော်ယာဉ်ဖြင့် ထွက်ပြေးခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးဦးဆောင်၍ လိုက်လံဖမ်းဆီးခဲ့ရာ နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူ မ----(၂၀ နှစ်)သည် လှိုင်မြို့နယ်(၁၂) ရပ်ကွက် ရွှေဟင်္သာလမ်းအတိုင်း စာကျက်ပြီးပြန်လာစဉ် လှိုင်တက္ကသိုလ်နယ်မြေ ဂန္ဓမာဆောင်ရှေ့အနီးအရောက်တွင် အမည်မသိလူငယ်နှစ်ဦးမှ နောက်မှလိုက်လာပြီး ရှေ့သို့ကျော်တက်ကာ မ ----ဝတ်ဆင်ထားသောဆွဲကြိုးကို လုယက်ဖြတ်ယူခဲ့ကြောင်း၊ မ ---- မှ ပြန်လည်ဆွဲယူခဲ့သဖြင့် ဆွဲကြိုးပါရှိသွားခြင်းမရှိသော်လည်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ရှိ ရွှေဆွဲသီး ပါသွားကြောင်း၊ လုယက်သူနှစ်ဦးမှ အသင့်စောင့်နေသော မော်တော်ယာဉ် 2F/ ---- ပရိဘောက်တက္ကစီယာဉ်ပေါ်တက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း တိုင်တန်းချက်အရ လှိုင်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများနှင့် မောင်းနှင်ထွက်ပြေးသွားသည့် မော်တော်ယာဉ်ကို ဖမ်းဆီးရမိရေးအတွက် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ဝင်းအတွင်းရှိ Traffic Control Centre တွင် တပ်ဆင်ထားသော CCTV မှတ်တမ်းအားကြည့်ရှု၍ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသောအဖွဲ့မှ လိုက်လံဖမ်းဆီးရာ ည ၁၀ နာရီ ၄၅ မိနစ်၌ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင့် မီးပွိုင့်အနီး၌ ပြစ်မှုကျူးလွန်သူ လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ သံလုံး(ခ) သက်ထွန်းအောင် (၂၉ နှစ်)၊ ယာဉ်မောင်း အမှတ် (၇)ရပ်ကွက်နေ ဇင်မျိုး (ခ)ဒဂုံနှင့် မျိုးမင်းဦး (ခ) နှာပိတို့သုံးဦးကို အသုံးပြုသည့် 2F /---- ပရိဘောက်တက္ကစီယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများ၏ ဖော်ထုတ်ချက်အရ ကျော်ဇင်လတ်(ခ)ပြားကြီးဆိုသူ ပါဝင်ကြောင်း သိရသဖြင့် သွားရောက်ဖမ်းဆီးရာ ကျော်ဇင်လတ် (ခ) ပြားကြီး (၃၀ နှစ်)အား ၎င်းနေထိုင်သည့် လှိုင်မြို့နယ် အမှတ် (၈) ရပ်ကွက်၌ ည ၁၁ နာရီခွဲခန့်တွင် ဖမ်းဆီးရမိခဲ့ကာ လုယက်သွားသည့် သက်သေခံရွှေဆွဲသီး (အလေးချိန်နှစ်ပဲ တစ်ရွေး)ကို ရောင်းချထားသည့် လှိုင်မြို့နယ် (၉) ရပ်ကွက်ရှိ ရွှေဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။ လုယက်မှုကျူးလွန်သူ လေးဦးကို အခြားအမှုများကျူးလွန်ခြင်းရှိ၊ မရှိ ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ယခုကျူးလွန်သည့် လုယက်မှုနှင့်စပ်လျဉ်း၍ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေပြင်းတိုက်ခတ်သဖြင့် လှိုင်းကြီးပြီးနစ်မြုပ်ခဲ့သည့် ကင်းမွန်မီးထွန်းလှေမှ လှေပေါ်ပါသူငါးဦး ကယ်ဆယ်နိုင်ခဲ့

မြိတ် စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ပင်ပန်းကျွန်းတောင်ဘက် တောင်ပြိုကျွန်းနှင့် မရမ်းတောင်ကျွန်းကြား ရေပြင်တွင် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်သဖြင့် လှိုင်းကြီးပြီး ကင်းမွန်မီးထွန်းလှေတစ်စင်း နစ်မြုပ်ခဲ့ရာ လှေပေါ်ပါသူငါးဦးအား ပရည်ကျွန်းကျေးရွာရာအိမ်မှူးနှင့်အဖွဲ့မှ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ကင်းမွန်မီးထွန်းလှေမနစ်မြုပ်မီ လှေပိုင်ရှင် ဦးထွန်းဦးက နေအိမ်သို့ လှေနစ်မြုပ်တော့မည်ဟု ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် ပရည်ကျွန်းကျေးရွာရာအိမ်မှူးနှင့်အဖွဲ့က ချက်ချင်းသွားရောက် ရှာဖွေကယ်ဆယ်ခဲ့ရာ လအဲကျေးရွာနှင့် ပလောပေါ်မော်ကြား ရေပြင်တွင် ညနေ ၅ နာရီခန့်က လှေပေါ်ပါသူအားလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ လှေမှာနစ်မြုပ်သွား၍ ဆယ်ယူနိုင်ခြင်းမရှိဘဲ လှေနှင့်ပစ္စည်းများ ဆုံးရှုံးသွားကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

နစ်မြုပ်ခဲ့သည့် ကင်းမွန်မီးထွန်းလှေမှာ ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု ပရည်ကျွန်းကျေးရွာနေ ဦးထွန်းဦး ပိုင်ဆိုင်သော အလျား ၃၂ ပေ၊ အနံ ခြောက်ပေ၊ ရေစူး ငါးပေရှိ တရုတ်စက် ၁၀ ကောင်အား နှစ်လုံး ဘေးချိတ်တပ်ဆင်ထားသော လှေဖြစ်ကြောင်း၊ လှေပိုင်ရှင်အပါအဝင် လှေသားလေးဦးသည် တောင်ပြိုကျွန်းနှင့် မရမ်းတောင်ကျွန်းကြား ရေပြင်တွင် လှေကို ကျောက်ချရပ်နားထားစဉ် လှိုင်းကြီးလာပြီး လှေပဲ့ပိုင်းသို့ လှိုင်းလုံးဝင်ရောက်ကာ ကင်းမွန် မီးထွန်းလှေမှာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

ခိုင်ထူး (မြိတ် ပြန်/ဆက်)

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နံပါတ်ပြောင်းလဲထားသည့် ယာဉ်ပေါ်မှ တရားမဝင်သစ်များဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၁၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၄ စီး၊ သွင်းကုန် ၃၅၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀ ၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇ ဒသမ ၂၁၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၁၂ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၀မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁ ဒသမ ၈၂၄ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၇ ရက်၌ သတင်းအရမူဆယ်သို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ၂၂ ဘီးတွဲမော်တော်ယာဉ်တစ်စီးသည် ယာဉ်နံပါတ်ပြားပြောင်းလဲတပ်ဆင်လျက် သစ်များတင်ဆောင်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခားရွေတုံး ၅၆ တုံး၊ ၆ ဒသမ ၆၁၄၁ တန်၊ ပိတောက်သစ်လုံး ၁၄ လုံး၊ ၂ ဒသမ ၉၄၈၀ တန် စုစုပေါင်းအလေးချိန် ၉ ဒသမ ၅၆၂၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇ ဒသမ ၂၁၂ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် သစ်များသယ်ဆောင်သည့်ယာဉ်ကို တွေ့ရစဉ်

အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

ဘားအံ စက်တင်ဘာ ၁၈

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာ ကျေးလက်လမ်းမ၌ အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျသေဆုံးခဲ့ကြောင်း ဘားအံမြို့မရဲစခန်းမှ သိရသည်။

အဆိုပါအမှုမှ စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီ ခန့်တွင် ကော့ဂွန်းရွာသစ်ကျေးလက်လမ်းမပေါ်၌ အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ဘားအံပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြောင်း သတင်းရရှိသဖြင့် ရဲတပ်ကြပ်ကြီး တင်အောင်က သွားရောက်စစ်ဆေးခဲ့ရာ ဖြစ်စဉ်မှာ ကော့ဂွန်းကျေးရွာမှ နှစ်ခြင်းကျေးရွာဘက်သို့ ကျေးလက်လမ်းအတိုင်း ဦးအောင်မြင့် ဘားအံမြို့နေသူ မောင်းနှင်လာပြီး နောက်မှလိုက်ပါစီးနင်းလာသော ဒေါ်မူမူ (ခ) ဒေါ်ညွန့်ညွန့်တင်သည် ကော့ဂွန်းရွာလမ်း ဦးဝက်ဆီ၏ နေအိမ်ရှေ့အရောက်တွင် ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ ဒဏ်ရာများရရှိကာ ဘားအံပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးအောင်မြင့်ကို ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းရာဇာ (မြစ်ကြီးနား)**

နမ္မတီးမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နမ္မတီး စက်တင်ဘာ ၁၈ - ကချင်ပြည်နယ် နမ္မတီးမြို့၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀နာရီခွဲက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်လွန်းအောင်နှင့် တပ်ဖွဲ့ဝင်များသည် နမ္မတီးမြို့မြို့မ(၃) ရပ်ကွက်နေ မချိုချိုဦး(၃၂ နှစ်)၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဖြိုးဝေထွန်း(၂၅ နှစ်)၊ ဒေါင်ထောင်(၆၉ နှစ်)တို့အား မူးယစ်ဆေးဝါး သုံးစွဲရန် ရောက်ရှိနေသည်ကိုတွေ့ရှိရပြီး နေအိမ်အတွင်းဆက်လက်ရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၃ ဂရမ် သိမ်းဆည်းရမိသဖြင့် နမ္မတီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ကျရောက်သော ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်း အမှတ် ကျန်းမာရေးဟောပြောပွဲကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျန်းမာရေးဟောပြောပွဲနှင့် ၁၁ နာရီ နောက်ပိုင်းတွင် ကျန်းမာရေးအခမဲ့စစ်ဆေးပေးခြင်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်)တွင် ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဇီဇဝါဆေးကုမ္ပဏီ

အမည်မှန်

ဦးမင်းဦး၏သမီး သထုံမြို့ အထက(၂) အဋ္ဌမတန်း(C)မှ မဝတီဦး၏ အမည်မှန်မှာ မဖြူဝတီဦး ဖြစ်ပါကြောင်း။ **မဖြူဝတီဦး**

စာအုပ်စာပေလှူ့မိတ်ဆွေ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/4820, SSS Super Carrier(DSK-04)P/U(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသန္တာ ၁၂/ရကန(နိုင်)၀၂၀၆၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဓနုဖြူသီရိရပ်ကွက်၊ တိုက်ခန်းအမှတ်(၃၃၄)၊ B-5၊ ငါးလွှာအခန်းအား လက်ရှိတရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်ဆွေရီ ၁၂/လမတ(နိုင်)၀၀၅၉၇၁ နှင့် ဒေါ်သူဇာဆွေ ၁၂/သကတ(နိုင်)၁၂၆၆၇၉ တို့ထံမှ ကျွန်တော်ဦးဂိုပါ(လ်) ၉/ပဥလ(နိုင်)၀၄၂၅၃၉ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားယူဆောင်၍ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဂိုပါ(လ်) ၉/ပဥလ(နိုင်)၀၄၂၅၃၉
အမှတ် (၈၅)၊ မြေညီထပ်၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၀၉-၄၂၈၂၀၁၄၉၁၊ ၀၉-၇၉၉၈၈၀၂၁၃

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/8309 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၂၈ယ/၂၇၆၉၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာတွင်(သက်ပိုင်ဇေယျာ)၊ ဒုမြို့နယ်တရားသူကြီး(၁)၊ ချမ်းအေးသာစံမြို့နယ်တရားရုံးအစား(သက်ပိုင်ဇေယျာ)၊ ဒုတိယမြို့နယ်တရားသူကြီး(၁)၊ ချမ်းအေးသာစံမြို့နယ်တရားရုံးဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

(သက်ပိုင်ဇေယျာ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းအေးသာစံမြို့နယ်တရားရုံး

ဂရန်အမည်ပြောင်းလျှောက်ထားခြင်းအတွက် ကန့်ကွက်ရန် ရှိ/မရှိအများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် ၄၅/မြမာလာ၊ ဦးပိုင်အမှတ် ၃၄၊ မြေယာအမှတ် 34၊ မြေဧရိယာ ၀ဒသမ၁၃၅ဧကရှိမြေအား ဂရန်မှုတွဲနံပါတ် ၉၁၇/၉၄-၉၅အရဒေါ်အားရွှင်အမည်ပေါက်ပိုင်ဆိုင်ပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အားရွှင်ထံမှမှတ်ပုံတင်မြေအရောင်းအဝယ်စာချုပ်အမှတ် ၂၈၃/၂၀၁၅အရ လက်ရောက်ရယူပိုင်ဆိုင်ထားသူ ဒေါ်အေးအမ် ၁၃/မရတ(နိုင်) ၀၁၂၄၆၁က ဂရန် အမည်ပြောင်းလျှောက်ထားခြင်းကိစ္စအား ကန့်ကွက်လိုသူမည်သူမဆို ပြင်ဦးလွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရန်လျှောက်ထားမှုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးပိုအေး
B.A,(Law),(LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၉၃၊ ရွှေမြင်တင်ဘုရားလမ်း၊ ၁၂-ညံကွဲရပ်၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် ၂၈/သုမင်္ဂလာ၊ ဦးပိုင်အမှတ် ၆၃၊ မြေယာအမှတ် 114၊ မြေဧရိယာ ၀ဒသမ၁၁၆ဧကရှိ မြေအား ဂရန်မှုတွဲနံပါတ် ၂၅၁/၈၇-၈၈အရ ဒေါ်ရှောက်ပူး(ခ)လျှောက်ပူး ၉/မမန(နိုင်)၀၂၀၉၂၃၊ AX-၀၂၀၇၂၇ နှင့် ဦးမောင်ဝင်း(ခ)မောင်မောင်ဝင်း ၉/မမန(နိုင်)၀၈၄၃၆၇၊ MMO-၃၆၅၇၃ တို့မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ အမည်ပေါက်ဂရန်အား မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ (၁-က)စာရင်းတွင် ရေးသွင်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရှောက်ပူး(ခ)လျှောက်ပူး	**ဦးမောင်ဝင်း(ခ)မောင်မောင်ဝင်း**
၉/မမန(နိုင်) ၀၂၀၉၂၃	**၉/မမန(နိုင်)၀၈၄၃၆၇**
AX-၀၂၀၇၂၇	**MMO-၃၆၅၇၃**

အမှတ် ၆၃၊ ၂၈-သုမင်္ဂလာရပ်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့

ရုပ်ရှင်ပွဲတော်

သရာစောထီ
ဒီမိုရပ်ကွက်
တိမ်ပြာသောနေ့
နေခြည်မှာ ရွှေရည်လောင်း
ကြီးမြတ်သော မြန်မာ

ရုပ်ရှင်ဇာတ်ကား၅ကားကို
မြန်မာတနိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင်
ပြသပါမည်။

နေ့ရက် - (၁၅.၉.၂၀၁၇) မှ (၂၁.၉.၂၀၁၇) ထိ
အချိန် - ရုပ်ရှင်ပွဲချိန်များအတိုင်း
နေရာ - သတ်မှတ် ရုပ်ရှင်ရုံများ

မြန်မာ့ဒီမိုကရေစီပွဲတော်

ပဒေသာကပွဲ

ရုပ်ရှင်၊ ဂီတ၊ သဘင်
နိုင်ငံကျော် အနုပညာရှင်များ
ပါဝင် ဖျော်ဖြေပါမည်။

၃၀၀၀/-
၅၀၀၀/-

နေ့ရက် - (၁၈.၉.၂၀၁၇) (၁၉.၉.၂၀၁၇)
အချိန် - ည၇း၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

အငြိမ့်ပြိုင်ပွဲ

ခေတ်သစ်ကြေးမုံ
လူငယ်စတား
ရွှေညာမြေရဲ့ကြယ်ပွင့်များ
ဖူးသစ်ကြယ်စင်
ဖွဲ့
မန်းစတား
စကားဝါမြေ
မော်ဒယ်လ်ဟား အငြိမ့်အဖွဲ့ (၈)ဖွဲ့တို့က
ဗိုလ်လုပွဲ ယှဉ်ပြိုင်ကြပါမည်။

ဝင်ကြေး အခမဲ့

နေ့ရက် - (၂၀.၉.၂၀၁၇) (၂၁.၉.၂၀၁၇)
အချိန် - ည၆း၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(G)မှ မောင်နီဝေမင်း၏ ဖခင် ဦးမင်းနိုင်၏ အမည်မှန်မှာ ဦးနှင်းဆွေအောင် ၉/မခန(နိုင်)၀၉၀၂၃၅ ဖြစ်ပါကြောင်း။

အမည်မှန်
မြင်းခြံမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(E)မှ မရွှေစင်ဖြိုး၏ အမည်မှန်မှာ မရွှေဇင်ဖြိုး ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(G)မှ မောင်ကျော်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၉/မခန(နိုင်)၁၇၈၆၆၄ ဖြစ်ပါကြောင်း။
ဦးဝင်းနိုင်ဦး

ဖခင်အမည်မှန်
ချောင်းဆုံမြို့နယ်၊ အထက(ချောင်းဆုံ) တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ် (၁၃၈/၂၀၁၂)မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁၀/ခဆန(နိုင်)၁၀၄၉၈၃ ဖြစ်ပါကြောင်း။

မိဘအမည်မှန်
ချောင်းဆုံမြို့နယ်၊ အထက(ချောင်းဆုံ) တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ် (၂၇၃/၂၀၁၅) မကေကေခိုင်၏ မိဘအမည်မှန်မှာ ဦးကျော်ကျော်ဦး ၁၀/ခဆန(နိုင်) ၀၇၅၄၃၁နှင့် ဒေါ်စန်းစန်းထွေး ၆/ရဖန(နိုင်) ၀၁၉၉၆၀ ဖြစ်ပါသည်။

ဖခင်အမည်မှန်
ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) တောင်ကမ္ဘရိုက် တက္ကသိုလ်ဝင်တန်း မှ နော်အေးအေးလှ၏ ဖခင်အမည်မှန်မှာ ဦးဒို့ဒွေ ၃/ကကရ(နိုင်)၁၀၀၄၀၇ ဖြစ်ပါကြောင်း။
ဦးဒို့ဒွေ

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အထကဇရပ်ကွင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဖိုးလုံး၏ ဖခင်အမည်မှန်မှာ ဦးစိန်အောင် ၉/သပက(နိုင်)၀၁၈၂၈၉ ဖြစ်ပါကြောင်း။
ဦးစိန်အောင်

အမည်မှန်
သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်သန်းစိုးမင်း၏ အမည်မှန်မှာ မောင်သန်းမင်းစိုး ၇/သဝတ(နိုင်)၁၄၅၂၃၆ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်သဲကိုကိုလင်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးသင်း ၇/သဝတ(နိုင်)၀၉၂၄၉၁ ဖြစ်ပါကြောင်း။
ဒေါ်အေးအေးသင်း

မိဘအမည်မှန်
သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်စုံဦး၏ မိဘအမည်မှန်မှာ ဦးမင်းထိုက် ၇/သဝတ(နိုင်)၀၈၂၇၂၉-ဒေါ်ညိမ်းညိမ်းစိုး ၇/သဝတ(နိုင်)၀၈၂၆၉၂ ဖြစ်ပါကြောင်း။

မိဘအမည်မှန်
သာယာဝတီမြို့နယ်၊ ငဖြူကလေးကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဇူလိုင်မိုး၏ မိဘအမည်မှန်မှာ ဦးတင်ဆန်း ၇/သဝတ(နိုင်)၀၁၈၀၆၃-ဒေါ်မြင့်မြင့်ထွေး ၇/သဝတ(နိုင်)၀၁၈၆၁၁ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၄ယ/၉၅၉၆၃ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်း နောင် ၆/ထဝန(နိုင်)၁၁၇၈၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး၊ (ထားဝယ်)

လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဘော်လခဲခရိုင်၊ မယ်စဲ့မြို့နယ်ရှိ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ(၁၃)လမ်း မိုင်(၄၁/၀-၄၉/၂)အတွင်း လမ်းတာချဲ့ခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်** - ၁၈-၉-၂၀၁၇ ရက်
ရက်/အချိန် နံနက် ၉း၃၀ နာရီ
တင်ဒါလျှောက်လွှာအရောင်းပိတ်မည့် - ၁၇-၁၀-၂၀၁၇ ရက်
ရက်/အချိန် ညနေ ၄း၃၀ နာရီ
လျှောက်လွှာရောင်းချမည့်နေရာ - ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံး
- ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး
လမ်းဦးစီးဌာန၊ ဘော်လခဲခရိုင်

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို လမ်းဦးစီးဌာန၊ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၈၃-၂၂၂၄၉၄၊ ဘော်လခဲခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၈၃-၅၀၁၀၂၊ ၀၉-၇၈၇၅၄၀၃၇၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
ကယားပြည်နယ်၊ လမ်းဦးစီးဌာန

ဖခင်အမည်မှန်
လှိုင်မြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်း ဖြစ်ပါသည်။

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း(အထက) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ချစ်ချစ်မြတ်နိုးဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ထွေး ၉/မတလ(နိုင်)၀၀၆၈၅၆ ဖြစ်ပါကြောင်း။
ဦးကျော်ကျော်ထွေး

တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ် အထက(၂)မှ အထက်တန်းပြဆရာမ ဒေါ်မင်းမင်းအေး ၁၂/အစန(နိုင်)၁၅၀၂၉၃ နှင့် ဒေါ်သန်းဌေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

အမည်ပြောင်း
တာမွေမြို့နယ် အဖ ဦးရန်မျိုးသန်း (၁၂/သဃက(နိုင်)၀၄၅၉၂၅) ၏ သမီးဖြစ်သူ အထက(၄) တာမွေ အဋ္ဌမတန်း (A)မှ မသက်နှင်းစံအား မကြည်ဖြူသန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာ(အထက)ကျောင်းဝင်အမှတ်(၆၁၅၇) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်သူနှင့် မငြိမ်းငြိမ်းကြည်၊ ရေလဲထိန်ကျော်ကျေးရွာ၊ အလက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဆန်းမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးဇော် ၅/ဟမလ(နိုင်)၀၇၁၅၀၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ (အထက)ဇရပ်ကွင်း တက္ကသိုလ်ဝင်တန်း(A)မှ မဇင်မာခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြဆန်း ၉/သပက(နိုင်) ၀၁၈၃၅၂ ဖြစ်ပါကြောင်း။
ဦးမြဆန်း

မိဘအမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာ(အထက) ကျောင်းဝင်အမှတ် (၄၃၂၉)တက္ကသိုလ်ဝင်တန်းမှ မမြင့်မြင့်စိန်၏ မိဘအမည်မှန်မှာ ဦးသန်းဆင့် ၅/ဟမလ(နိုင်) ၀၆၉၇၈၁ နှင့် ဒေါ်ကေသီမြိုင် ၅/ဟမလ(နိုင်)၀၄၉၁၈၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ (အထက) ဇရပ်ကွင်း တက္ကသိုလ်ဝင်တန်း(C)မှ မအေးအေးနွယ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းအောင် ၉/သပက(နိုင်)၀၁၈၄၈၆ ဖြစ်ပါကြောင်း။
ဦးသိန်းအောင်

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မစန်းစန်းကြိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝိုင်း(ခ)ဦးကျော်တင် ၅/ဟမလ(နိုင်)၁၁၄၃၆၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(K)မှ မောင်ဦးဇော်ဌေး၏ ဖခင် အမည်မှန်မှာ ဦးတင်ရွှေမောင် ၁၁/ကတန(နိုင်)၀၅၁၇၆၈ ဖြစ်ပါကြောင်း။
ဦးတင်ရွှေမောင်

ဖခင်အမည်မှန်
မအူပင် အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ထက်မြက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၅/စကန(နိုင်)၁၅၃၅၉၀ ဖြစ်ပါကြောင်း။
ဦးဇော်မင်းထိုက်

ဖခင်အမည်မှန်
အထက(ခွဲ)အလက(၁၆) တက္ကသိုလ်ဝင်တန်းမှ မဆုသဇင်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမိုးအောင် ၁၂/လသယ(နိုင်) ၀၃၂၇၄၉ ဖြစ်ပါကြောင်း။
ဦးစိုးမိုးအောင်

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အထက(ခွဲ) ရလိုင် အဋ္ဌမတန်းမှ မအေးမို့မို့၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၆/သရခ(နိုင်)၀၃၀၄၅၆ ဖြစ်ပါကြောင်း။
ဦးစိုးနိုင်

ဖခင်အမည်မှန်
ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်မျိုးသန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်းမြင့် ၁၁/မပန(နိုင်)၀၅၇၁၄၂ ဖြစ်ပါကြောင်း။
ဦးကျော်သန်းမြင့်

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းအထက တက္ကသိုလ်ဝင်တန်း(C)မှ မသက်မွန်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေ ၉/သပက(နိုင်) ၀၀၈၈၀၆ ဖြစ်ပါကြောင်း။
ဦးတင်ရွှေ

အမှန်ပြင်ဆင်ခြင်း
၁၈-၉-၂၀၁၇ရက်၊ စာမျက်နှာ ၂၆ပါ အထက်တန်းရှေ့နေဒေါ်ခင်မာဆွေ၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာစာပါတိုက်အမှတ် ၅/၈ အစား တိုက်အမှတ် ၈/၅၊ အခန်းအမှတ် ၂၂၊ ရန်အေးအိမ်ရာ၊ ရွှေအုန်းပင်အိမ်ရာ၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှာ အမှန်ဖြစ်ပါသည်။

ဖခင်အမည်မှန်
အထက(၁)ဟုမ္မလင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ ကျောင်းဝင်အမှတ်(၁၃၂၇၁) မဆွေဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆွေ ၅/ဟမလ(နိုင်)၀၀၈၆၈၉ ဖြစ်ပါကြောင်း။
ဦးအောင်ဆွေ

အမေရိကန်နှင့် တောင်ကိုရီးယား၊ ရုရှားနှင့်တရုတ်နိုင်ငံတို့ စစ်ရေးလေ့ကျင့်မှုများအပြိုင်အဆိုင်ပြုလုပ်

ပေကျင်း စက်တင်ဘာ ၁၈

လာမည့်အင်္ဂါနေ့တွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံမတိုင်မီတွင် အမေရိကန်သည် တောင်ကိုရီးယားနှင့်အတူ ကိုရီးယားကျွန်းဆွယ်ပေါ်၌ ဗုံးကြဲသည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုပြုလုပ်ခဲ့ပြီး ရုရှားနှင့် တရုတ်နိုင်ငံတို့ကလည်း ရေတပ်စစ်ရေးလေ့ကျင့်မှုများကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားက တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ပြီးခဲ့သည့် သောကြာနေ့က ဂျပန်ကိုကျော်ဖြတ်၍ နောက်ထပ်ပစ်ခတ်မှု ပြုလုပ်လိုက်ပြီးနောက်တွင် အဆိုပါစစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် ပြီးခဲ့သည့် စက်တင်ဘာ ၃ရက်ကလည်း ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများနှင့် နိုင်ငံတကာ၏ ဖိအားပေးမှုများကို လိုက်နာခြင်းမရှိဘဲ အင်အားအပြင်းဆုံး နျူကလီးယားစမ်းသပ်မှုကို ခြောက်ကြိမ်မြောက် လုပ်ဆောင်ခဲ့သည်။ အမေရိကန် ဘီ၀မ်းဘီ ဗုံးကြဲလေယာဉ်များနှင့် F-35 ဂျက်လေယာဉ်များသည် ဂူအမ်နှင့်ဂျပန်တို့မှ ပျံသန်းလာခဲ့ပြီး တောင်ကိုရီးယား F-35K တိုက်ခိုက်ရေးလေယာဉ်များနှင့် ပူးပေါင်းကာ စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်ခဲ့ကြောင်း ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယခုရက်ပိုင်းအတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို သုံးကြိမ်မှလေးကြိမ်အထိပြုလုပ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး ဆောင်းယောင်မိုက တနင်္လာနေ့တွင် ပါလီမန်လွှတ်တော်၌ ပြောကြားခဲ့သည်။ ထို့အပြင် တရုတ်နှင့်ရုရှားတို့သည် ရုရှား - မြောက်ကိုရီးယားနယ်စပ်နှင့် မဝေးကွာလှသည့် ရုရှားအရှေ့ဖျားရှိ ဗလာဒီဗော့စတော့ဆိပ်ကမ်း၌ ရေတပ်စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ယခုနှစ်အတွက် တရုတ်နှင့်ရုရှားတို့ ရေတပ်စစ်ရေးလေ့ကျင့်မှု၏ ဒုတိယပိုင်းဖြစ်ကြောင်း၊ လေ့ကျင့်မှုပထမပိုင်းကို ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဘောလ်တစ်ဒေသ၌ လုပ်ဆောင်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ ဖြစ်ပွားနေသည့်တင်းမာမှုများနှင့် မည်သို့ဆက်နွှယ်နေကြောင်း ဆင်ဟွာသတင်းဌာနက တိုက်ရိုက်ဖော်ပြထားခြင်းမရှိပေ။ တရုတ်နှင့်ရုရှားတို့သည် မြောက်ကိုရီးယားအရေးကိစ္စနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာဖြေရှင်းရန်နှင့် စကားပြောဆိုဆွေးနွေးမှုပြုလုပ်ရန် ကြိမ်ဖန်များစွာ တိုက်တွန်းထားသည်။

တနင်္ဂနွေနေ့က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန် နစ်ကီဟာလေသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ လုပ်နိုင်ခွင့်များ ကုန်ဆုံးသွားပြီဖြစ်ပြီး ယင်းကိစ္စကို အမေရိကန်က ပင်တဂွန်သို့ လွှဲအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

စိန့်လူးဝီ၌ ဖြစ်ပွားသည့် ဆန္ဒပြမှုအတွင်း ရဲတပ်ဖွဲ့က လူ ၈၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်း

စိန့်လူးဝီ စက်တင်ဘာ ၁၈

ပြီးခဲ့သည့်တနင်္ဂနွေနေ့ညက အမေရိကန်ပြည်ထောင်စုစိန့်လူးဝီ၌ ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအတွင်း ရဲတပ်ဖွဲ့က လူ ၈၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းမှုများလုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

လူဖြူရဲတပ်ဖွဲ့ဝင် တစ်ဦးက လူမည်းအမျိုးသားတစ်ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့မှုတွင် ရဲတပ်ဖွဲ့ဝင်အား အပြစ်မရှိကြောင်း တရားသေလွှတ်လိုက်ရာမှ ပေါ်ပေါက်ခဲ့သည့် ဆန္ဒထုတ်ဖော်မှုသည် သုံးညတိုင်ရှိခဲ့ပြီဖြစ်သည်။

ဆန္ဒပြသူများ၏ ဖျက်ဆီးမှုကြောင့် စတိုးဆိုင်တစ်ခုတွင် ကျိုးပဲ့ပျက်စီးမှုများကို တွေ့ရစဉ်

ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကိုထိန်းချုပ် သည့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် လူစုခွဲရန် ငရုတ်ကောင်းဖျန်းဆေးများကို အသုံးပြုခဲ့ရပြီး အမိန့်နာခံမှုမရှိသည့် ဆန္ဒထုတ်ဖော်သူများကို ဖမ်းဆီးခဲ့သည်။

မှောင်စပျိုးချိန်လောက်တွင် လူစုအနည်းငယ်မျှသာကျန်ရှိခဲ့ပြီး ဖရိုဖရဲဖြစ်ပွားခဲ့သည်။ ဆန္ဒဖော်ထုတ်သူများသည် ပြတင်းမှန်များကို ရိုက်ခွဲခဲ့ကြပြီး လမ်းမများပေါ် ယာဉ်သွားလာမှုကို ပိတ်ဆို့ရန်ကြိုးစားခဲ့ကြကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့၏ အမိန့်ကို နာခံခြင်းမရှိသည့် ဆန္ဒပြသူများကို စတင်မဖမ်းဆီးမီ လူစုခွဲရန်အတွက် ငရုတ်ကောင်းဖျန်းဆေးများဖြင့် လူအုပ်ထဲသို့ ပက်ဖျန်းခဲ့သည်။

တနင်္ဂနွေနေ့ညပိုင်းက ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မြို့တော်ဝန်လိုင်ဒါခရူဆန်က ဆန္ဒပြသူများအနက် အများစုသည် ဆူပူသောင်းကျန်းမှုမရှိဘဲ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြသူများဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး ကျူးဘားဆောင်ရွက်

ဟာဗားနား စက်တင်ဘာ ၁၈

ကျူးဘားအာဏာပိုင်များသည် လွန်ခဲ့သောရက်သတ္တပတ်အကြာက ဟာရီကိန်းမုန်တိုင်းအီမာကြောင့် အကြီးအကျယ်ထိခိုက်ပျက်စီးသွားခဲ့သည့် နိုင်ငံ၏အကြီးဆုံးစီးပွားရေးလုပ်ငန်းစုဖြစ်သည့် ခရီးသွားလုပ်ငန်းကို ပြန်လည်ထူထောင်နိုင်ရေးအတွက် အင်အားစိုက်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်းအီမာသည် အတ္တလန္တိတ်ဒေသ၏ အင်အားအပြင်းဆုံးမုန်တိုင်းအဖြစ်စံချိန်တင်ခဲ့ပြီး ကျူးဘားမြောက်ဘက်ကမ်းခြေမှသည် အနောက်ဘက်ရှိ ဟာဗားနားအထိ ဝင်ရောက်မွှေနှောက်ဖျက်ဆီးခဲ့သည်။

မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်း တစ်လျှောက်တွင် နိုင်ငံအတွင်းရှိ ကမ္ဘာလှည့်ခရီးသွားများအားဆွဲဆောင်သည့် အချက်အချာနေရာများရှိနေသည်ဖြစ်ရာ အဆိုပါနေရာများအကြီးအကျယ် ထိခိုက်ပျက်စီးသွားခဲ့သည်။

ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှအာဏာပိုင်များက အကြီးစားဇိမ်ခံသုကာလက်ရာများ ထိခိုက်ပျက်စီးခဲ့ပြီး အမိုးများ၊ မျက်နှာကြက်များနှင့် ပြတင်းပေါက်များပျက်စီးသွားခဲ့သည်ဟု အပန်းဖြေစခန်းမှ သတင်းပေးပို့မှုရရှိခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဂျာဒီနက်စ် အဒ်ရေ၊ ဆန်တာမာရီယာ၊ ဂွီလာနိုနှင့် ကိုကိုကီးတို့၌ မုန်တိုင်းကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့သည်။

ကမ္ဘာလှည့်ခရီးသွား အယောက် ၅၀၀၀ခန့်ကို ဟာဗားနားအရှေ့ဘက် ကီလိုမီတာ ၁၄၀ အကွာခန့်ရှိ ဗာရာဒီရိုအပန်းဖြေစခန်းသို့ ကယ်ဆယ်ရွှေ့ပြောင်းခဲ့ကြောင်းနှင့် ယင်းအပန်းဖြေစခန်းမှာ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးရမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

ဂျပန်၌ တာလင်မုန်တိုင်းဝင်ရောက်မှုကြောင့် နှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေ

တိုကျို စက်တင်ဘာ ၁၈

အင်အားပြင်းအပူပိုင်းမုန်တိုင်းတာလင်သည် ဂျပန်အနောက်ဘက်ကမ်းရိုးတန်းကို ကျော်ဖြတ်လာပြီးနောက် ဂျပန်မြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးကျွန်းသို့ ဝင်ရောက်လာခဲ့သည်။ အဆိုပါမုန်တိုင်းသည် လေပြင်းတိုက်ခတ်မှုများနှင့် မိုးအဆက်မပြတ်ရွာသွန်းမှုများကို ဖြစ်ပွားစေခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် တာလင်မုန်တိုင်းကြောင့် သေဆုံးသူမှာနှစ်ဦးရှိပြီး သုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိသူအရေအတွက် ၃၅ ဦးအထိရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့မှ အာဏာပိုင်များက အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

တာလင်မုန်တိုင်းသည် တိုင်ဖွန်းမုန်တိုင်းအဆင့်မှ တနင်္ဂနွေနေ့တွင် အင်အားလျော့နည်းသွားခဲ့ကြောင်း မိုးလေဝသအေဂျင်စီကဖော်ပြခဲ့သည်။ တနင်္လာနေ့ နံနက် ၁၀ နာရီတွင် မုန်တိုင်း၏ အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၀၈ ကီလိုမီတာဖြင့် တိုက်ခတ်ခဲ့သည်။ တာလင်မုန်တိုင်းကြောင့် ဟော့ကိုင်းဒိုးကျွန်းပေါ်ရှိ နေရာအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**

မုန်တိုင်းကြောင့် တစ်ကပြန်စဖို့အကြောင်းဖန်လာသည့် စိန့်မာတင်

ကလျာမိုးမြင့်

အမျိုးသမီးတစ်ဦးဟာသူနဲ့သူ့ကလေးတွေအတွက် လုံလောက်မယ့် လက်ဆွဲသေတ္တာငယ်တစ်လုံးကို ဆွဲကိုင်ထားပါတယ်။ ဆိပ်ကမ်းတစ်ခုလုံးမှာဖရိုဖရဲ တိမ်းမှောက်နေတဲ့လှေတွေနဲ့အတူ ကျွန်းတစ်ခုလုံးဟာလည်း ပျက်စီးနေပါတယ်။ ကျွန်မဒီထက်ပိုပြီးခံနိုင်ရည်မရှိတော့ဘူးလို့ အမျိုးသမီးက အော်ဟစ်ငိုယိုလိုက်ပြီး ကတ္တရာလမ်းပေါ်ကို ထိုင်ချလိုက်ပါတယ်။ သူ့အိမ်ကတော့ မုန်တိုင်းရဲ့ မွှေနှောက်ဖျက်ဆီးခြင်းကို ခံလိုက်ရပါပြီ။

အဆောက်အအုံတွေနဲ့နေအိမ်တွေဟာ အောက်ခြေကနေဆွဲနုတ်ထားသလို ပြိုလဲကျနေပြီး ထိခိုက်ပျက်စီးမှုတွေကနေ လွတ်မြောက်ဖို့ လေဆိပ်မှာ အရဲစွန့်ရောက်ရှိနေကြတဲ့သူတွေ စုပြုံနေခဲ့ကြပါတယ်။

ကာရစ်ဘီယံကျွန်းတစ်ကျွန်းဖြစ်တဲ့ စိန့်မာတင်ဟာ ဟာရီကိန်းမုန်တိုင်းအီမာရဲ့အငြိုးတကြီးတိုက်ခိုက်မှုကို ခံလိုက်ရပြီးတဲ့နောက်မှာတော့ ကျွန်းပေါ်ကဘဝတွေဟာ ဆတ်ဆတ်ထိမခံကြေကွဲပျက်စီးလွယ်တဲ့အနေအထားမျိုး ဖြစ်နေပါတယ်။ မုန်တိုင်းဝင်ရောက်မှုဖြစ်ပြီး သိပ်မကြာခင်မှာဘဲ ဒီကျွန်းပေါ်ကလူနေအဆောက်အအုံတွေမှာ အစာနဲ့ရေပြတ်လပ်မှုဒဏ်ကို အကြီးအကျယ်ခံစားရပြီး ဒေသခံအချို့ဟာဆိုရင် အစာရေစာရရှိဖို့အတွက် စွန့်ပစ်အမှိုက်သရိုက်တွေကနေ အစာရေစာရှာဖွေရတဲ့ အခြေအနေမျိုးကို ရောက်သွားခဲ့ပါတယ်။ တစ်ခါတလေမှာ စားစရာအကြွင်းအကျန် နည်းနည်းလေးကို လုယက်ပြီးရန်ဖြစ်တဲ့သူတွေတောင် ရှိခဲ့ပါတယ်။

ဟာရီကိန်းဝင်ရောက်မှုဖြစ်ပွားပြီး တစ်ပတ်ကျော်လောက်အကြာမှာတော့ ကျွန်းပေါ်ကနေရာအများစုမှာ ပုံမှန်အခြေအနေတစ်ခုဖြစ်အောင်ရှင်းလင်းဆောင်ရွက်မှုတွေ ပြန်လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခုချိန်ထိကတော့ လောင်စာဆီနဲ့ လျှပ်စစ်မီးမရရှိသေးသလို အစာရေစာပေးပို့မှုကိုလည်း ပုံမှန်မရရှိသေးပါဘူး။ ကျွန်းတစ်ခုလုံးနီးပါး ဆက်သွယ်ရေးအမှောင်ကျသွားခဲ့တယ်။ ကျောင်းတွေအားလုံးနီးပါးဟာလည်း ပြိုလဲပျက်စီးသွားခဲ့ပြီး လများစွာကြာအောင်ကျောင်းတွေ ပိတ်ထားရဦးမှာပါ။

ဒေသခံတွေဟာ သူတို့ရဲ့အိမ်နီးချင်းတွေနဲ့ ချစ်ခင်ရသူတွေဘာဖြစ်သွားကြလဲဆိုတာကို သိခွင့်ရဖို့ကြိုးစားနေကြရပါတယ်။ ဒေသဆိုင်ရာအစိုးရအဖွဲ့ရဲ့ ယာယီထားရှိတဲ့ အရေးပေါ်ရုံးချုပ် အပြင်ဘက်မှာ ကျယ်လောင်စူးရှတဲ့ အသံတွေနဲ့ကားဟွန်းသံတွေကို ကြားလိုက်ရပါတယ်။ သူငယ်တန်းကျောင်းအုပ် လူစီကာဘာချီနဲ့မိသားစုဝင်တွေဟာ စတိုခန်းထဲမှာပုန်းအောင်းပြီး မုန်တိုင်းကနေ လွတ်မြောက်လာခဲ့ကြသူတွေပါ။

လူစီကာက ၎င်းရဲ့ကျောင်းသား တစ်ဦးနဲ့ အဲဒီကလေးရဲ့မိဘတွေကို ရုံးချုပ်အပြင်ဘက်က ဖြတ်ကျော်သွားတဲ့ ကားတစ်စီးထဲမှာ တွေ့လိုက်ပါတယ်။ သူတို့ဟာကားကို ချက်ချင်းရပ်တန့်လိုက်ပြီး ကားတံခါးကို အလျင်အမြန်ဆွဲဖွင့်ကာ လမ်းမပေါ် ပြေးလာခဲ့ကြပြီး တစ်ယောက်နဲ့ တစ်ယောက်ပွေ့ဖက်ငိုကြွေးခဲ့ကြပါတယ်။ ဘာသတင်းမှ မကြားရဘူး။ ဆက်သွယ်စရာလည်း ဘာမှမရှိဘူးလို့ အသက် ၅၆ နှစ်ရှိပြီဖြစ်တဲ့ ကာဘာချီက ပြောပါတယ်။

စိန့်မာတင်ကျွန်းရဲ့ ပြင်သစ်ဘက်အခြမ်းမှာရှိတဲ့ ဒေသအုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲ ဒယ်နီရယ်လ်ဂစ်က ဒီကျွန်းပေါ်က အရာအားလုံးကို သုညကနေပြန်စရလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။ "ကျွန်တော့်ပြည်သူတွေကို ကြံ့ကြံ့ခံနိုင်အောင် မုန်တိုင်းကလုပ်ဆောင်လိုက်ပြီ။ သူတို့မုန်တိုင်းဒဏ်ကို ရင်ဆိုင်ခံစားနေရတယ်။ ဒါပေမယ့် ဒီနေ့ ကျွန်တော်တို့မှာ ပြန်လည်တည်ဆောက်ခြင်းမဟုတ်တဲ့ အသစ်တည်ဆောက်ခြင်းကိုစတင်ဖို့ အခွင့်အရေးရရှိထားပြီ"လို့ ၎င်းက ပြောပါတယ်။

ပြည်သူတွေကို ကြံ့ကြံ့ခံနိုင်အောင် မုန်တိုင်းက လုပ်ဆောင်လိုက်ပြီ။ သူတို့မုန်တိုင်းဒဏ်ကို ရင်ဆိုင်ခံစားနေရတယ်။ ဒါပေမယ့် ဒီနေ့ ကျွန်တော်တို့မှာ ပြန်လည်တည်ဆောက်ခြင်းမဟုတ်တဲ့ အသစ်တည်ဆောက်ခြင်းကိုစတင်ဖို့ အခွင့်အရေးရရှိထား

ပြင်သစ်နဲ့ ဒတ်ချ်နယ်နိမိတ်ကို ပိုင်းခြားထားတဲ့ စိန့်မာတင်ကျွန်းဟာ နယ်နိမိတ်အကျယ်အဝန်းအားဖြင့် ၃၄ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၇၅၀၀၀ နေထိုင်တဲ့ ကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ ကျွန်းပေါ်မှာ ပျက်စီးဆုံးရှုံးခဲ့တာတွေအတွက် အသစ်ပြန်တည်ဆောက်ဖို့ လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းတွေကို စတင်ယူဆောင်နေပါပြီ။ ပြင်သစ်ဘက်အခြမ်းရှိအုပ်ချုပ်ရေးအဖွဲ့က မုန်တိုင်းကြောင့် သေဆုံးရသူ ၁၁ ဦးရှိကြောင်းသတင်းပေးပို့ထားပါတယ်။

အရေးပေါ်ခန်းတွေမှာ အလုပ်လုပ်နေကြတဲ့ဆရာဝန်တွေအပါအဝင် ဒေသခံများစွာဘက်က ကြည့်မယ်ဆိုရင်တော့ သေဆုံးတဲ့သူ အရေအတွက်ဟာ နည်းလွန်းနေတယ်လို့ တောင်ပြောလို့ရပါတယ်။ တစ်နာရီမှာ ၁၈၅ မိုင်နှုန်းနဲ့ ကာရစ်ဘီယံအရှေ့ဘက် ဒေသတစ်လျှောက်ကိုဝင်ရောက်ခဲ့တဲ့ နံပါတ်ငါး အဆင့် လေပြင်းတိုက်ခတ်မှုကနေ လူပေါင်းများစွာဟာ ကံကောင်းထောက်မစွာ လွတ်မြောက်လာခဲ့ကြတာပါ။

တကယ်တော့ မုန်တိုင်းရဲ့အရှိန်က လူရာချီသေဆုံးစေနိုင်လောက်အောင် အရှိန်ပြင်းထန်ခဲ့တယ်လို့ အာဏာပိုင်အချို့က မှတ်ချက်ချခဲ့ကြပါတယ်။ စိန့်မာတင်ကျွန်းပေါ်မှာ ဘယ်လိုပြောင်းလဲမှုတွေဖြစ်သွားဖြစ်သွား ခရီးသွားလုပ်ငန်းကတော့ အဲ့ဒီကျွန်းရဲ့ အချက်အချာစီးပွားရေးတစ်ခုအနေနဲ့ ကျန်ရှိနေဦးမှာပါလို့ မစ္စတာဂစ်ကပြောခဲ့ပါတယ်။

အသက် ၄၈ နှစ်ရှိပြီဖြစ်တဲ့ စားသောက်ဆိုင်ပိုင်ရှင် မစ္စတာထိုင်ဘတ်ဟာ အပျက်အစီးတွေကိုရှင်းလင်းဖယ်ရှားဖို့အတွက် ဆိုင်ကယ်စီးလက်အိတ်ကို ဝတ်ဆင်နေပါတယ်။ သူ့ရဲ့ပျက်စီးသွားတဲ့ စားသောက်ဆိုင်တစ်ခုလုံးထက်စာရင် သူ့ရဲ့လှေကားထစ်စိုက်ခင်းကမှ ပိုပြီး ကြည့်ကောင်းနေပါသေးတယ်။သူ့ရဲ့ဆုံးရှုံးမှုတွေအတွက် အာမခံလျော်ကြေး ရရှိမှုဟာ သူ့စိုက်ခင်းထဲမှာရှိတဲ့ အရာတွေအတွက်တောင် ကာမိမယ့်ပုံစံမရှိပါဘူး။ ဒါပေမယ့် သူကတော့ဒီမှာပဲ ဆက်ပြီးနေသွားမယ်။ ပြီးတော့ပျက်စီးဆုံးရှုံးခဲ့သမျှကို ပြန်ဆောက်မယ်လို့ ပြောခဲ့ပါတယ်။

တော်တော်များများက ဒီမှာမရှိကြတော့ဘူး။သူ့ရဲ့စားပွဲထိုးနှစ်ယောက်လည်း ထွက်ပြေးသွားခဲ့ပါပြီ။ တခြားသူတွေလည်း နေအိမ်တွေကို အနည်းဆုံးတော့ ခေတ္တခဏဖြစ်ဖြစ်စွန့်ခွာထွက်ပြေးသွားဖို့ ခက်ခက်ခဲခဲဆုံးဖြတ်လိုက်ကြပြီဖြစ်ပါတယ်။ အိမ်နီးချင်း Concordia မှာရှိတဲ့ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွေမှာတော့ ခိုလှုံရာအဆောက်အအုံတွေအဖြစ် ပြောင်းလဲသွားတဲ့ အခြေခံကျောင်းတစ်ကျောင်းရဲ့ ဟာလာဟင်းလင်းဖြစ်နေတဲ့ အခန်းလွတ်တွေမှာ လူတွေစီတန်းစုဝေးနေကြပါတယ်။ မိခင်တစ်ဦးဟာ သူ့ရဲ့ကလေးငယ်ကို ကစားကွင်းထဲမှာရှိတဲ့ ရေနုတ်မြောင်းပေါ်မှာ တိတ်တိတ်ဆိတ်ဆိတ်ရေချိုးပေးနေပါတယ်။

နေအိမ်ကင်းမဲ့သွားကြတဲ့အမျိုးသားတွေကတော့ သစ်ကိုင်းခြောက်တွေ၊ ပစ္စည်းအစအနတွေနဲ့ မီးမွှေးနေကြတယ်။ စတိုးဆိုင်ပိုင်ရှင်တစ်ဦးက ပေးလှူထားတဲ့ အသားငါးတွေဟာလည်း တစ်ခဏချင်းမှာပဲ ကုန်သွားခဲ့ပါတယ်။

လန့်ချီပြီးကြာမြင့်မယ့် ရှင်းလင်းရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို ဒီကျွန်းပေါ်မှာ ပြန်လည်လုပ်ဆောင်ရတော့မှာဖြစ်ပြီး စိန့်မာတင်ကျွန်းဟာ အရာအားလုံးကို တစ်ကပြန်စရဖို့နိုးထရမယ့်အချိန်ကို ကျရောက်လာခဲ့ပါပြီ။

(နယူးယောက်တိုင်းမ်)

အီဂျစ်နိုင်ငံအထက်ပိုင်းရှိ ရထားသံလမ်းများ၏ ၇၀ ရာခိုင်နှုန်းကို အဆင့်မြှင့်တင်မည်

ကိုင်ရို စက်တင်ဘာ ၁၈

အီဂျစ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဟစ်ဟန်အာရာဖတ်သည် အီဂျစ်နိုင်ငံအထက်ပိုင်းရှိရထားသံလမ်းများ၏ ၇၀ ရာခိုင်နှုန်းကို ပြန်လည်ဆန်းသစ်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဒေသမီဒီယာက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။

ဝန်ကြီးအာရာဖတ်သည် စနေနေ့က ကိုင်ရိုတောင်ပိုင်းရှိကွီနာတွင် လမ်းစီမံကိန်းအမြောက်အမြားကို ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့စဉ်အတွင်း ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဝန်ကြီးနှင့်အတူ ကွီနာအုပ်ချုပ်ရေးမှူး အဘဒယ်လ်ဟာမစ်အယ်လ်ဟာဂန်က လိုက်ပါဆောင်ရွက်ခဲ့သည်။

စီမံကိန်းဆောင်ရွက်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ရထားသံလမ်းစုစုပေါင်း ၂၄၅ ခုတို့ကို ပြန်လည်ဆန်းသစ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း အာရာဖတ်က ပြောကြားခဲ့သည်။ ဝန်ကြီးဌာနသည် တစ်လလျှင်ရထားသံလမ်းပေါင်း ၁၀ ခုမှ ၁၅ ခုအထိ ဖွံ့ဖြိုးတိုးတက်စေရေး ဆန်းသစ်မှုလုပ်ဆောင်သွားရန်အတွက် ပြည်တွင်းရှိ ကုမ္ပဏီအချို့အပါအဝင် စစ်ဘက်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကြိုးပမ်းလျက်ရှိကြောင်း ဝန်ကြီးအာရာဖတ်က ပြောကြားခဲ့ကြောင်း သိရသည်။

တံတားပေါင်း ၁၅ စင်းနှင့် ဥမင်လိုဏ်ခေါင်း လေးခုတို့ပါဝင်မည့် ရောမစီမံကိန်းတစ်ရပ်ကိုလည်း စစ်ဆေးမှုများလုပ်ဆောင်ခဲ့သည်။

(ဆင်ဟွာ)

အန္ဒဂူရုပ်ကြွနှင့် အုတ်ခွက်ဘုရားများ

မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ-ဝင်းဝင်းလှိုင်(အမျိုးသားပြတိုက်၊ နေပြည်တော်)

ထေရဝါဒဗုဒ္ဓဘာသာကို ပြည်သူအများကိုးကွယ်သည့် မြန်မာနိုင်ငံတွင် ပုံသဏ္ဌာန်မျိုးစုံ၊ အရွယ်မျိုးစုံရှိသည့် ဗုဒ္ဓဆင်းတုတော်များကို ခေတ်အဆက်ဆက် အမြောက်အမြားထုလုပ်ခဲ့ကြသည်။ ဗုဒ္ဓရုပ်ပွားတော်များကို မြေ၊ အုတ်၊ အင်္ဂတေ၊ သစ်၊ ရွှေ၊ ငွေ၊ ကြေးတို့အပြင် ပဉ္စလောဟာဟုခေါ်သည့် သတ္တုစပ်များဖြင့်လည်း ထုလုပ်ခဲ့ကြသည်။ ကျောက်ဆစ်ရုပ်ပွားတော်များကို သဲကျောက်ဖြင့် အများဆုံး ထုလုပ်ခဲ့ကြပြီး အန္ဒဂူ ဟုခေါ်သည့် Dolomite ကျောက်များကိုလည်း ဆင်းတုတော်ပုံများ ထုလုပ်ခဲ့သည်။ ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် စကျင်ကျောက်ရုပ်ပွားတော်များကို တွင်ကျယ်စွာ ထုလုပ်ခဲ့ကြပေသည်။

မြန်မာအဘိဓာန်တွင် အန္ဒဂူကို ထုံးကျောက်တစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အန္ဒဂူကျောက်သည် တွင်းထွက် ကာဗွန်နိတ်ပစ္စည်းတစ်မျိုးဖြစ်သည့် ကယ်လ်ဆီယမ်မဂ္ဂနီဆီယမ်ကာဗွန်နိတ် (CaMg(CO3)2) ဖြစ်ကာ အဖြူရောင်၊ ပန်းရောင်နှင့် မီးခိုးရောင်များရှိ၍ အနည်းငယ် ကြွပ်ဆတ်သည်။ ရောမမြို့ဟောင်း အဆောက်အအုံများ ဆောက်လုပ်ခဲ့စဉ် အန္ဒဂူကျောက်များကို ပထမဆုံး အသုံးပြုခဲ့သည်ဟုဆိုသည်။ အန္ဒဂူ ကျောက်ပေါ်တွင် ထွင်းထုထားသည့် ဗုဒ္ဓဝင်ရှစ်ခန်းရုပ်ကြွများကို မြန်မာနိုင်ငံအပြင် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာ၊ နာလန္ဒာတက္ကသိုလ်ဟောင်း၊ ဘီဟာပြည်နယ်နှင့် ဘင်္ဂလားပြည်နယ်တို့တွင်လည်း တွေ့ရှိရသည်။ အိန္ဒိယမှ အန္ဒဂူရုပ်ကြွများကို ကြီးမားသောကျောက်ချပ်များပေါ်တွင် ထုလုပ်ထားပြီး မြန်မာနိုင်ငံမှ အန္ဒဂူရုပ်ကြွများကို သေးငယ်သော ကျောက်ပြားပေါ်တွင် လက်ရာ ပိုမိုကောင်းမွန်သေသပ်စွာ အနုစိတ်ထုလုပ်ထားသည်။

တမုတ်ရွှေဂူကြီးစေတီမှရရှိခဲ့သည့် အန္ဒဂူရုပ်ကြွ၏ ကြာပလ္လင်တံကဲတွင် ဟင်္သာနှစ်ကောင်ပါရှိပြီး ဆင်းတုတော်အထက်၌ ဗောဓိပင်နှင့် မာရ်နတ်စစ်သည်ပုံများ ပါရှိသည်။ ရုပ်ပွားတော်၏ ဘေးနှစ်ဖက်၌ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘုရားလောင်း အရိမေတ္တေယျနှင့် မဟာယန ဗုဒ္ဓဘာသာဝင်များ၏ ဘုရားလောင်း အဝလောကီ တေသွာရ ပုံတို့ကို ထုလုပ်ထားသည်။ ကြာပလ္လင်၏အောက်ခြေ၌ ကြာရိုးကြာစွယ်များနှင့်အတူ ပလ္လင်ကိုပင့်ချီထားသည့် နဂါးနှစ်ကောင်ပုံ ပါရှိသည်။

ဆင်းတုတော်၏ လက်ဝဲဘက်အလယ်တွင် သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တန်ခိုးပြာဋိဟာပြခန်း၊ လက်ဝဲဘက်အခြေတွင် ဘုရားလောင်းဖွားတော်မူခန်း၊ ယာဘက်အလယ်တွင် ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ယာဘက်အခြေတွင် ပါလိလေယျကတော၌ သီတင်းသုံးတော်မူခန်းတို့ကို ထုလုပ်ထားသည်။

နေပြည်တော် အမျိုးသားပြတိုက်တွင် ပြသထားသည့် အန္ဒဂူရုပ်ကြွ

ဆင်းတုတော်ဦးခေါင်း၏ ဝဲယာနှစ်ဖက်တွင် နာဠာဂီရိဆင်ကို အောင်တော်မူခန်းနှင့် တာဝတိံသာ နတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ဘုရားရှင်ဆင်းကြွတော်မူခန်းတို့ကို ထုဆစ်ထားပြီး ကုသိနာရုံတွင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခန်းကို ဦးခေါင်းတော်၏ အပေါ်တည့်တည့်တွင် ပုံဖော်ထားသည်။

ရွှေဂူကြီး အန္ဒဂူရုပ်ကြွ၏ ပလ္လင်အောက်တွင် ဆင်ရုပ်ခံပလ္လင်နှင့် ကြာပွင့်ခံပလ္လင်တို့ကို ထည့်သွင်းထားသည့်အပြင် ပလ္လင်အောက်ဆုံးအဆင့်တွင် စကြာဝတေးမင်း၏ ရတနာခုနစ်ပါးဖြစ်သည့် စစ်သူကြီး၊ သူဌေး၊ မိဖုရား၊ ပတ္တမြား၊ စကြာ၊ ဆင်ပျံရုပ်နှင့်မြင်းပျံရုပ်များကို မြင်တွေ့ရသည်။

ပုဂံခေတ်လက်ရာ အန္ဒဂူရုပ်ကြွနှစ်ခုနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနပညာရှင် မြန်စာမြေသိန်းလွင်က ထိုင်တော်မူရုပ်ပွားတော်သည် ထူးခြားစွာ မကိုဋ်ဆောင်းထားကြောင်း၊ မကိုဋ်ဆောင်းထားသည့် ဆင်းတုများသည် နားတောင်းများပန်ဆင်ထားပြီး လက်ကောက်၊ လက်ကြပ်များလည်း ဝတ်ဆင်ထားကြောင်း၊ ယင်းဆင်းတုများကို မင်းဝတ်ဘုရားဟု ခေါ်ဆိုကြောင်းနှင့် ရုပ်ပွားတော်များသည် အိန္ဒိယနိုင်ငံ ပါလသေနခေတ် ရုပ်ပွားတော်များနှင့် တူညီနေကြောင်း ရေးသားခဲ့သည်။ မကိုဋ်ဆောင်းဗုဒ္ဓဆင်းတုများကို အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များတွင် စလွယ်များ ထည့်သွင်းထုလုပ်ခဲ့ကြသည်။

ပုဂံခေတ်လက်ရာ အန္ဒဂူရုပ်ကြွ နှစ်ဆူအနက် အမြင့် ၈ ဒသမ ၅ လက်မနှင့် အနံ ၆ ဒသမ ၅ လက်မရှိသည့် ရုပ်ကြွကို ညောင်ဦးအနောက်ရွာနေ ဦးရွှေမြက ရွှေစည်းခုံစေတီတော်အနီး လယ်ကွင်းထဲမှ တွေ့ရှိခဲ့ပြီး ယင်းအန္ဒဂူရုပ်ကြွသည် ပျောက်ဆုံးနေပြီဖြစ်သည်။ အမြင့် ၆ ဒသမ ၈ လက်မ၊ အနံ ၄ ဒသမ ၆ လက်မနှင့် အထူ ၁ ဒသမ ၃ လက်မရှိသည့် အန္ဒဂူရုပ်ကြွကို ဒီပဲယင်းမြို့ရှိ ဦးသောင်းထံတွင် တွေ့ရှိခဲ့သည်ဟု ဆိုသည်။

ပုဂံဒေသအတွင်း ရရှိခဲ့သည့် အန္ဒဂူရုပ်ကြွများအနက် ဥပါလိသိမ်၊ ကန်တော့ပလ္လင်နှင့် မြင်းကပါမှ ရရှိခဲ့သည့် အန္ဒဂူရုပ်ကြွများကို အမျိုးသားပြတိုက်များတွင် ပြသထားကာ မဂ္ဂရာမြို့ဟောင်းမှရရှိခဲ့သည့် အန္ဒဂူရုပ်ကြွကို စဉ့်ကိုင်မြို့နယ် မဂ္ဂရာ စည်းခုံစေတီတွင်လည်းကောင်း၊ တမုတ်ရွှေဂူကြီးမှ ရရှိခဲ့သည့် အန္ဒဂူရုပ်ကြွကို ကျောက်ဆည်မြို့နယ် ရွှေဂူကြီးဘုရားပြတိုက်တွင်လည်းကောင်း ပြသထားသည်။ ပုဂံခေတ်လက်ရာ အန္ဒဂူရုပ်ပွားတော်များသည် အဆူ ၃၀ ရှိခဲ့သည်ဟု ဆိုကြသော်လည်း ယခုအခါတွင် ငါးဆူကိုသာ မြင်တွေ့နိုင်ကြပေသည်။

အုတ်ခွက်ဘုရားများ

အန္ဒဂူရုပ်ကြွများကဲ့သို့ ကျောက်ပေါ်တွင် ထွင်းထုခြင်းမဟုတ်ဘဲ ရွှံ့မြေကို ပုံစံသွင်း၍ မီးဖုတ်ထားသည့် အုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံ နေရာဒေသ အသီးသီးတွင် တွေ့မြင်နိုင်ကြသည့်အနက် တကောင်းမြို့ဟောင်း ရွှေစည်းခုံဘုရားမှ အုတ်ခွက်ဘုရား အကောင်းနှင့်အကျိုးများကို လှည်းငါးစီးတိုက် ရရှိခဲ့သည်။ ပျူခေတ်တွင် အုတ်ခွက်ဘုရားများကို ပြုလုပ်ခဲ့သည့် အထောက်အထားအဖြစ် ၁၉၉၃ ခုနှစ်က ပျူမြို့ဟောင်း သရေခေတ္တရာကို တူးဖော်ခဲ့စဉ် ဘုရားထောင်အရိုးအိုး တွေ့ရှိခဲ့သည့် နေရာဝန်းကျင်နှင့် အရိုးအိုးအတွင်းမှ အုတ်ခွက်ဘုရားအကျိုးများကို တွေ့ရှိခဲ့ရမှုက သက်သေပြနေပေသည်။

ရွှံ့မီးဖုတ် အုတ်ခွက်ဘုရားများကို မြေပုံဘုရားများဟုလည်း ခေါ်ဆိုကြပြီး ယင်းတို့ကို ရှေးဟောင်းသုတေသန တူးဖော်မှုများမှသာမက စေတီပုထိုးဟောင်းများကို ပြုပြင်မှုများမှလည်း ရရှိခဲ့သည်။ အုတ်ခွက်ဘုရားများကို စေတီပုထိုးများတွင် အုတ်ချပ်များနှင့်ယှဉ်တွဲလျက် အတန်းလိုက်ထားရှိသကဲ့သို့ လိုဏ်များအတွင်း ထည့်သွင်းထားခြင်း၊ ဌာပနာထားခြင်းများလည်း ရှိခဲ့သည်။

ရွှံ့ကို ပုံစံခွက်ဖြင့် ပုံသွင်းပြုလုပ်ထားသည့် အုတ်ခွက်ဘုရားများသည် အန္ဒဂူရုပ်ကြွများကဲ့သို့ပင် ရှေ့မျက်နှာတွင် ဗုဒ္ဓရုပ်ပွားတော်ကို ဗဟိုတွင်ထားကာ အခြံအရံများဖြင့် ထုလုပ်ထားပြီး ကျောဘက်တွင် အန္ဒဂူရုပ်ကြွနှင့် မတူညီဘဲ အလှူရှင်အမည်နှင့် ဆုတောင်းစာများကို ရေးသားလေ့ရှိသည်။ ယင်းတို့အနက် အနိရုဒ္ဓဒေဝ (အနော်ရထာမင်းကြီး)ပြုလုပ်ခဲ့ကြောင်း စာများပါသော ပုဂံခေတ်အုတ်ခွက်များသည် စာပေ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနတန်ဖိုး ကြီးမြင့်မားသည့် အမွေအနှစ်ပစ္စည်းများ ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင် တွေ့ရှိရသည့်အုတ်ခွက်ဘုရားများသည် အများအားဖြင့် အလျားငါးလက်မ၊ အမြင့်ခုနစ်လက်မ၊ ထု နှစ်လက်မရှိကာ ရုပ်ပွားတော်၏ အောက်ခြေတွင် သက္ကတနှင့် ပါဠိဘာသာများကို ရှေးဟောင်း ပျူမွန်၊ မြန်မာ အက္ခရာများဖြင့် ရေးသားထားလေ့ရှိသည်။ အုတ်ခွက်ဘုရားများ၏ ရှေ့မျက်နှာတွင် ဖောင်းကြွ နဂရီအက္ခရာများ ရေးသားကာ အုတ်ခွက်ရှေ့ ဘေးနှစ်ဖက် ပေါင်ပေါ်တွင် ကမ္ပည်းစာများ ရေးထိုးလေ့ရှိသည်။

စာတမ်းများပါရှိသည့် မီးမဖုတ်ရသေးသော အုတ်ခွက်ဘုရားများကို ပုဂံ အပါယ်ရတနာဘုရား အနောက်ဘက်ရှိ ဘုရားအမှတ်(၁၁၇၀)အတွင်းမှ ရရှိခဲ့ကြောင်း ဆရာ မင်းဘူးအောင်ကြိုင်က ရေးသားခဲ့သည်။ ထို့အတူပင် မီးမဖုတ်ရသေးသော အုတ်ခွက်များကို ဆူးလေကုန်းဘုရားစုရှိ ရွှေဘုံသာဘုရားအမှတ်(၃၁၆)နှင့် သီရိပစ္စယာဟိုတယ်ဝင်း မြောက်ဘက်ရှိ ဂူအတွင်းမှလည်းကောင်း၊ ပျူစာပါသော ပျူအုတ်ခွက် ၅၆၀ ကျော်ကို အလိုတော်ပြည့်ဘုရား တံတိုင်းဝင်းအတွင်းရှိ အနောက်ဘက်အုတ်ကုန်းမှလည်းကောင်း တွေ့ရှိခဲ့ရကြောင်း ရှေးဟောင်းအုတ်ခွက်နှင့် ရုပ်ပွားဆင်းတုတော်များ စာအုပ်တွင် ဖတ်ရှုရပေသည်။

ဗုဒ္ဓအနုပညာလက်ရာ၊ ရုပ်ပွားဆင်းတုများဖြစ်ကြသည့် ပုဂံခေတ်အုတ်ခွက်ဘုရားများတွင် အန္ဒဂူရုပ်ကြွများကဲ့သို့ ဗုဒ္ဓဝင်ရှစ်ခန်းကို ထုလုပ်ကြပြီး ပျူအုတ်ခွက်အချို့တွင် သုဇာတသတို့သမီး ဃနာနို့ဆွမ်းကပ်သည့်ပုံကိုပါ ထည့်သွင်း ပြုလုပ်ခဲ့ကြသည်။ အုတ်ခွက်ဘုရားများတွင် ဘုရားရှင်၏ လက်ဟန်ကို လက်ချောင်းမြေထိပုံစံ(ဘူမိဖဿမုဒြာ)နှင့် ခြေဟန်ကို ဈာန်သမာပတ်ဝင်စားနေသည့်ပုံစံ(ဈာန အာသန)ဖြင့် ပြုလုပ်ကြောင်း အများဆုံးတွေ့ရှိကြရသည်။ ပုဂံခေတ် အုတ်ခွက်ဘုရားများတွင် သာဝကများခြံရံနေသည့် အုတ်ခွက်ဘုရားနှင့် ဗောဓိသတ္တဘုရားလောင်း ခြံရံနေသည့် အုတ်ခွက်ဘုရားများကိုလည်း တွေ့ရှိနိုင်သည်။

အုတ်ခွက်ဘုရားများကို မြန်မာပြည်မြောက်ဖျား ဧရာဝတီမြစ်နှင့် ရွှေလီမြစ်ဆုံဒေသမှ မြန်မာပြည်တောင်ပိုင်း မြိတ်ဒေသနှင့် မြန်မာပြည်အနောက်ဘက် ရခိုင်ဒေသအထိ တွေ့ရှိရသည်။ အုတ်ခွက်ဘုရားများကို အလွယ်တကူ ပြုလုပ်နိုင်သောကြောင့် ခေတ်အဆက်ဆက် ပြုလုပ်ခဲ့သည့် အုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံနေရာအနှံ့၌ တွေ့ရှိခဲ့ကြရပေသည်။ မြန်မာနိုင်ငံတွင် ၅ ရာစုမှ ၁၅ ရာစုအထိ ပုံစံမျိုးစုံ ပြုလုပ်ခဲ့သည့် အုတ်ခွက်ဘုရားများအနက် ပျူခေတ်လက်ရာ အုတ်ခွက်ဘုရားအများစုသည် ညောင်ရွက်ပုံနှင့် ခုံးပေါက်ပုံများ ဖြစ်ကြပြီး ပုဂံခေတ်အုတ်ခွက် ဘုရားများတွင် ပုံစံ ၁၇ မျိုး ရှိခဲ့သည်။ ယင်းတို့အနက် ထူးခြားသည့် အုတ်ခွက်တစ်ခုကို ကုန်းအမှတ်(၁၅၂၆)မှ ရရှိခဲ့ရာ အမြင့် ရှစ်လက်မနှင့် အကျယ် ခြောက်လက်မသာ ရှိသည့် ယင်းအုတ်ခွက်တွင် စေတီ ၁၂၅ ဆူ ထည့်သွင်းပြုလုပ်ထားသည်။

ပုဂံ ရှေးဟောင်းသုတေသနပြတိုက်တွင် အုတ်ခွက်ဘုရားများပြုလုပ်သည့် ကြေးပုံစံခွက်သုံးခုကို ပြသထားသည်။ ပထမပုံစံခွက်ကို ပုဂံ ဝက်ကြီးအင်းရွာ တောင်ဘုရားကြီး(ဘုရားအမှတ် ၄၄၆)၏ မြောက်ဘက်ယာခင်းမှ ယာပိုင်ရှင် ဦးလှအောင်က ၁၉၆၈ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ ပုံစံခွက်၏အလယ်တွင် သရဖူဆောင်းထားသော ဗုဒ္ဓဆင်းတုပုံ ပါရှိပြီး ဗုဒ္ဓဝင်ရှစ်ခန်းကို ဆင်းတုတော် ဘေးနှစ်ဖက်တွင် ထုလုပ်ထားကာ ယင်းအုတ်ခွက်ဘုရားပုံစံသည် အေဒီ ၁၁ ရာစု လက်ရာဖြစ်ပြီး အလျား ၇ ဒသမ ၃ စင်တီမီတာ၊ အမြင့် ၁၀ ဒသမ ၇ စင်တီမီတာနှင့် အထူ စင်တီမီတာဝက် ရှိသည်။ ဗုဒ္ဓဝင်ရှစ်ခန်းပါဝင်သည့် ပုဂံခေတ်လက်ရာ အုတ်ခွက်များ အများအပြား ရှိသော်လည်း သရဖူဆောင်းထားသည့်ဗုဒ္ဓ(Crowned Buddha)ပါရှိသည့် အုတ်ခွက်သည် ရှားပါးသောလက်ရာဖြစ်ပေသည်။

ညောင်ရွက်ပုံသဏ္ဌာန်ရှိသည့် ဒုတိယပုံစံခွက်ကို မြင်းကပါရွာတောင်ဘက် ဥတ္တဘုရားတိုက်မ မြောက်ဘက်လိုဏ်အတွင်းမှ ၁၉၆၈ ခုနှစ်တွင် ရရှိခဲ့သည်။ ယင်း

စေတီ ၁၂၅ ဆူပါသည့် အုတ်ခွက်ဘုရား

အုတ်ခွက်ပုံစံကို အေဒီ ၁၃ ရာစုလက်ရာဟု သတ်မှတ်ပြီး အလျား ၄ ဒသမ ၂ စင်တီမီတာ၊ အမြင့် ၅ ဒသမ ၃ စင်တီမီတာနှင့် အထူ ၀ ဒသမ ၃ စင်တီမီတာ ရှိသည်။ ရုပ်ပွားတော်၏ ဝဲယာနှစ်ဖက်တွင် ရဟန္တာပုံ ပါရှိသည်။

တတိယအုတ်ခွက် ပုံစံခွက်သည်လည်း အေဒီ ၁၃ ရာစု လက်ရာပင်ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် အလှူရှင် ဦးစိန်ဝင်းနှင့် ဒေါ်လှိုင်တို့က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သည်။ အလျား ၅ ဒသမ ၃၂ စင်တီမီတာ၊ အမြင့် ၇ ဒသမ ၄ စင်တီမီတာ၊ အမြင့် စင်တီမီတာတစ်ဝက်ရှိသည့် ယင်းအုတ်ခွက်ပုံစံသည် သဲဥပုံသဏ္ဌာန်ဖြစ်ပြီး ထိပ်တွင် ထီးတစ်လက်နှင့် ဘေးနှစ်ဖက်တွင် ပန်းခက်များ ပြုလုပ်ထားသည်။ ပုဂံ ရှေးဟောင်း သုတေသနပြတိုက်တွင် ကြေးပုံစံခွက်များအပြင် မြေမီးဖုတ်ပုံစံခွက် (Clay Mould)များကိုလည်း ပြသထားသည်။

ပုဂံခေတ် အုတ်ခွက်ဘုရားများတွင် တွေ့ရှိရသည့် ဆုတောင်းစာများအနက် အချို့က သံသရာမှလွတ်မြောက်ပါရခြင်း အကျိုးငှာ နိဗ္ဗာန်ဆုကိုတောင်းကြပြီး အချို့က နိဗ္ဗာန်မရမီ ဖြစ်လေရာဘဝတွင် အကြီးအကဲဖြစ်ရပါလို၏ဟု ဆုတောင်းကြသည်။ အချို့က မေတ္တေယျဘုရားသခင်နှင့်အတူ ဖြစ်ပါစေသတည်းဟုလည်းကောင်း၊ အချို့က ထိုလိုင်မင်းဘုရားဖြစ်သည့်အခါ သာဝကဖြစ်ရပါလို၏ ဟုလည်းကောင်း၊ အချို့က ဘုရားဖြစ်ရပါလို၏ဟုလည်းကောင်း ဆုတောင်းကြသည်။ အနော်ရထာနှင့် စောလူးမင်းတို့သည် နိဗ္ဗာန်ဆုကိုပန်ခဲ့ကြပြီး ကျန်စစ်သားနှင့် အလောင်းစည်သူတို့က ဘုရားဆုပန်ခဲ့သည်။

အုတ်ခွက်ဘုရား အလှူရှင်အမည်များကို အုတ်ခွက်မျက်နှာစာရှိ ရုပ်ပွားတော် ပလ္လင်အောက်ခြေနှင့် အုတ်ခွက်၏ကျောဘက်တွင် ရေးထိုးခဲ့ကြသည်။ အလှူရှင်များတွင် ဘုရင်၊ မိဖုရား၊ မှူးမတ်နှင့် ရဟန်းသံဃာများအပြင် သာမန်ပြည်သူများကိုလည်း တွေ့ရှိနိုင်သည်။ အုတ်ခွက်ဘုရားအလှူရှင် အမည်များမှ ပုဂံဘုရင်များ၏ ဘွဲ့အမည်များ၊ သားတော်သမီးတော်များ၏ ဘွဲ့များကို သိရှိကြရပေသည်။

မဟာရာဇသီရိ အနိရုဒ္ဓဒေဝသည် အနော်ရထာမင်းကြီး၊ မဟာရာဇသီရိ ဇဗြာဘရဏဒေဝသည် စောလူးမင်း၊ ဂြိတြိဘုဝနာ ဒိတျဓမ္မရာဇာသည် ကျန်စစ်သားမင်း၊ ဂြိတြိဘုဝနာ ဒိတျဝရ ဓမ္မရာဇာသည် အလောင်းစည်သူမင်း၊ ဂြိတြိဘုဝနာ ဒိတျပဝရ ဓမ္မရာဇာသည် နရပတိစည်သူမင်း၊ တြိလောက သိင်္ဃဝိဇယသည် ကျန်စစ်သားမင်းကြီး၏ သားမက်နှင့် တြိလောက စူဠာမဏိဒေဝီသည် ကျန်စစ်သား၏သမီးတော် ရွှေအိမ်စည်ဖြစ်သည်။

ထူးခြားသည့် အုတ်ခွက်တစ်ခုကို အာနန္ဒာဘုရားအနီး အရှေ့ဘက်ကွင်းပြင်မှ ရရှိခဲ့ပြီး ယင်းအုတ်ခွက်သည် ဘာသာရေးနှင့် သက်ဆိုင်မှုမရှိဘဲ အသီးအနှံများ၊ ပန်းများ၊ အပင်များ၏ အမည် ၆၅ ခု ရေးသားထားသည်။

တံ့တေးမြို့နယ် မောင်းတီးဘုရားမှ တွေ့ရသည့် အနော်ရထာမင်းအုတ်ခွက်များကဲ့သို့ ကြီးမားသော အုတ်ခွက်များကို သီရိပစ္စယာရွာ တောင်ဘက်ရှိ ကျောက်စကားကြီးဘုရား အာရုံခံအတွင်းမှ ၁၉၉၃ ခုနှစ်တွင် တူးဖော်ရရှိခဲ့ရာ အလျား ၁၅ ဒသမ ၇၅ လက်မ၊ အမြင့် ၁၀ ဒသမ ၅ လက်မနှင့် ထု ၃ ဒသမ ၇၅ လက်မရှိသည်။ ၂၀၀၇ ခုနှစ်တွင် ကျောက်စကားကြီးဘုရား အနောက်ဘက်မှ အလျား ၁၆ လက်မ၊ အမြင့် ၂၁ လက်မ၊ ထု ၄ လက်မရှိသည့် အုတ်ခွက်ကြီးတစ်ခုကို ထပ်မံရရှိခဲ့သည်။ ယင်းအုတ်ခွက်ကြီးနှင့်အတူ စောလူးမင်းဘွဲ့ပါရှိသော အုတ်ခွက်ကြီးများနှင့် နှစ်ကျိပ်ရှစ်ဆူပုံပါရှိသော အုတ်ခွက်အကျိုးများကို တွေ့ရှိခဲ့ရသည်။

အုတ်ခွက်ဘုရားများကို ပျူခေတ်မှ ကုန်းဘောင်ခေတ်အထိ လက်ရာမျိုးစုံ တွေ့ရှိခဲ့ကြရာ ပျူအုတ်ခွက်များသည် ပုဂံအုတ်ခွက်များထက် ပိုမိုသေသပ်ကောင်းမွန်ကြောင်း တွေ့ရှိနိုင်သည်။ ပုဂံခေတ်မှာပင် ခေတ်နှောင်းပိုင်းအုတ်ခွက်များသည် ခေတ်ဦးပိုင်းအုတ်ခွက်များထက် ပိုမိုကောင်းမွန်သော်လည်း ပျူအုတ်ခွက်များကို မမီသေးပါချေ။ သို့သော် ပညာရှင်များက အုတ်ခွက်ဘုရားများတွင်ပါရှိသည့် ဆင်းတုများ၏ လက်ရာကိုကြည့်၍ မည်သည့်ခေတ်တွင် မည်သည့်မင်းပြုလုပ်ကြောင်း ခွဲခြားနိုင်ကြပေသည်။

အုတ်ခွက်ဘုရားများသည် တစ်ခုနှင့်တစ်ခု မတူညီကြသော်လည်း အားလုံးသည် ဗုဒ္ဓယဉ်ကျေးမှုကို ဖော်ညွှန်းသည့် ဘာသာရေးဆိုင်ရာ အမွေအနှစ်များသာ ဖြစ်ကြပေသည်။ ထို့အတူ ဗုဒ္ဓဝင်ရှစ်ခန်းကို အသားပေးထုလုပ်ထားသည့် အန္ဒဂူရုပ်ကြွများသည်လည်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အထောက်အထားများ ဖြစ်ကြပေရာ ယင်းတို့ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုကိုဂုဏ်ကို ပိုမိုမြှင့်တင်နိုင်ကြမည်ဖြစ်ပေသည်။ ။

ကိုးကား

ရှေးဟောင်း ရုပ်ပွားဆင်းတုတော်များ(မင်းဘူးအောင်ကြိုင်)

ဗုဒ္ဓဝင်ရှစ်ခန်းနှင့် မကိုဋ်ဆောင်းဗုဒ္ဓ (မြန်စာမြေ သိန်းလွင်)

မြန်မာ့သမိုင်းနှင့်ယဉ်ကျေးမှု ဒီပလိုမာသင်တန်းပို့ချချက်များ (ဒေါက်တာကျော်ဝင်း)

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-2 အဆင့်သို့ လူရွေးချယ်ပွဲ ကျင်းပမည်

ကလေး စက်တင်ဘာ ၁၈

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူးပြီး MRTV, Forever Group နှင့် ရွှေသံလွင်မီဒီယာ SKY NET တို့ ပူးပေါင်း တင်ဆက်သည့် ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇(Peace Music Festival 2017) သီချင်းဆိုပြိုင်ပွဲကို မြို့နေရာများသတ်မှတ်ကာ ပထမအဆင့်(Level-1)ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်လည်း အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိ Level-2 သို့ယှဉ်ပြိုင်ရန် ပထမအဆင့် ပဏာမလက်ရွေးစင် ရွေးချယ်ပွဲကို ကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။

"ကလေးမြို့ဟာ အဆိုကောင်းသူတွေ အများအပြားရှိတဲ့မြို့လေးပါ။ တစ်ခါမှ မလုပ်ဖူးတဲ့ပွဲမျိုးဆိုတော့ ဒီပွဲကျင်းပပြုလုပ်မှာကို အားလုံးစိတ်ဝင်စားကြတယ်။ တစ်နိုင်ငံလုံးမှာ ၁၁ မြို့ပဲ ကျင်းပတဲ့ပွဲမျိုးကို ကျွန်တော်တို့မြို့သူမြို့သားတွေ ကြုံတွေ့ကြရမယ်။ သီချင်းသီဆိုမှု အတွေ့အကြုံတွေ ရကြမယ်။ ရှက်ပုန်းသီးအဆိုဝါသနာရှင်တွေ ပေါ်ထွက်လာမယ်။ နောက်နောင် သီချင်းအဆိုပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ကြဖို့ အတွေ့ အကြုံကောင်းတွေ ရကြမယ်။ ငြိမ်းချမ်းရေးဆိုတဲ့စကားလုံး လူထုကြားမှာပျံ့နှံ့သွားမယ်။ တီဗွီတိုက်ရိုက် ရိုက်ကူးထုတ်လွှင့်မှုတွေကို မမြင်ဖူးကြတဲ့ ကိုယ့်မြို့သားတွေ မြင်ဖူးပြီး ဗဟုသုတရကြမယ်။ အခုလို ကလေးမြို့မှာလာကျင်းပတာ အလွန်ဝမ်းသာစရာပါ။ ကိုယ်မြို့သူမြို့သားတွေအနေနဲ့လည်း ဒီပွဲကြီးဖြစ်မြောက်အောင်မြင်အောင် ထပ်ပြီး ဝိုင်းဝန်းကူညီကြစေလိုပါတယ်"ဟု ကလေးမြို့ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပရေး ကော်မတီ(ရုပ်သံ)မှ ဦးတင်ထွန်းဝင်းက ပြောသည်။

ကလေးမြို့ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအတွက် ချင်းပြည်နယ် (မြောက်ပိုင်း)အပါအဝင် ကလေး၊ ဂန့်ဂေါ၊ တမူးနှင့် ချင်းတွင်းအထက်ပိုင်းဒေသများမှ သီချင်းဆိုဝါသနာရှင် ၂၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း၊ အကဲဖြတ်ဒိုင်အဖြစ် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ရွေးချယ်ထားသော တေးရေးဆရာအောင်နိုင်စန်း၊ ဂီတအနုပညာရှင် ခင်မြတ်မွန်နှင့် တေးသံရှင် ဆုန်သင်းပါရ်တို့က လာရောက်ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း၊ ဧည့်သည်အဆိုရှင် အဖြစ် တေးသံရှင်ဆုန်သင်းပါရ်နှင့် ခင်မိုးဝေ(ခ)ဇန်သော်ဒ်ကျင်းတို့က ပြည်သူများ အား ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီချင်းဆိုပြိုင်ပွဲကို တောင်ကြီးမြို့မှစတင်ကျင်းပခဲ့ရာ နောက်ဆုံးဖိုင်နယ်ပွဲအထိ ပြိုင်ပွဲများကို MRTV ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ သီချင်းဆို ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်သွားမည် ဖြစ်ကြောင်း ကလေးမြို့ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပရေးကော်မတီ(ရုပ်သံ)မှ ဦးသန့်ဇင်က ပြောသည်။

အဆိုပါပြိုင်ပွဲကို ကလေးမြို့၌ ပြီးခဲ့သည့် ဩဂုတ်လအတွင်းကပင် ကျင်းပရန်ဖြစ် သော်လည်း တိုက်ရိုက်ထုတ်လွှင့်မှုအတွက် ရာသီဥတုအခြေအနေနှင့် လမ်းပန်းဆက် သွယ်ရေးအခြေအနေများကြောင့် ရက်ပြန်လည်ရွှေ့ဆိုင်းခဲ့ရပြီး ယခုအခါ အသံ စစ်ဆေးမည့်နေ့ရက်ကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ၊ Stage Rehearsal ပြုလုပ်ခြင်းကို အောက်တိုဘာ ၇ ရက်နှင့် တိုက်ရိုက်ထုတ်လွှင့်ယှဉ်ပြိုင်ခြင်း(Level-1 Live) ကို အောက်တိုဘာ ၈ ရက်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား

နမ့်ခမ်းမြို့၌ သဘာဝဘေးလျော့ပါးရေး အလုပ်ရုံဆွေးနွေး

နမ့်ခမ်း စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် သဘာဝဘေးလျော့ပါးရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်က အမှာစကားပြောကြားပြီး ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးစိုးနိုင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က မြို့နယ်အတွင်း သဘာဝဘေး လျော့ပါးရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနမှူးက ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုများ အကြောင်း၊ ဖြစ်ပွားခဲ့ပြီးသော သဘာဝဘေးအန္တရာယ်များ အကြောင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များအကြောင်း၊ သဘာဝဘေး ဆိုင်ရာ အခြားသိသင့်သိထိုက်သောအကြောင်း များကိုလည်းကောင်း၊ လားရှိုးခရိုင် ဦးစီးမှူး ဦးမင်းသိန်းက သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် ကော်မတီများ၏ လုပ်ငန်းတာဝန်များအကြောင်း အပါအဝင် ဥပဒေ၊ နည်းဥပဒေနှင့် ဆောင်ရွက်မှုများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဉာဏ်မင်း(နမ့်ခမ်း)

အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲ ကျင်းပ

ညောင်လေးပင် စက်တင်ဘာ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲကို စက်တင်ဘာ ဒုတိယပတ်က ညောင်လေးပင်မြို့နယ် ရဲနွယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်း၊ ဂျိုပ့င်ကျေးရွာတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးမျိုးမြင့်(ဦးစီးမှူး)က အမှာ စကားပြောကြားခဲ့ပြီး သင်တန်းတွင် ထူးချွန်သင်တန်းသား တစ်ဦးအား လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းများ ဆုချီးမြှင့်ပေးအပ်ခဲ့ ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

ဘားအံ စက်တင်ဘာ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ NEP စီမံကိန်းအရ ကရင်ပြည်နယ် ဘားအံမြို့နယ် ကုန်းတန်းကြီးကျေးရွာတွင် ဆောင်ရွက်ခဲ့သော တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျေးရွာမူလတန်းကျောင်းရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းဇော်ချစ်နှင့် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းတို့က ကျေးလက်မီးလင်းရေး တစ်အိမ် သုံးဆိုလာစနစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဦးစီးမှူးက အမှာစကားပြောကြားကာ မြို့နယ်ဦးစီးမှူးက NEP စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများသည် ကုန်းတန်းကြီး ကျေးရွာရှိ တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်ထားသည့် မူလတန်းကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဒေသခံပြည်သူများ၏ နေအိမ်များသို့ သွားရောက်စစ်ဆေးခဲ့ ကြသည်။

ကုန်းတန်းကြီးကျေးရွာတွင် NEP စီမံကိန်းအရ နေအိမ် ၈၉ အိမ်ကို လိုအပ်ချက် အလိုက် ဝပ် ၃၀၊ ၄၅ ဝပ်နှင့် ဝပ် ၆၀ ဆိုလာစနစ်များ တပ်ဆင်ပေးထားပြီး ကျေးရွာ ဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်းတို့ကို ဝပ် ၁၂၀ ဆိုလာစနစ်နှင့် ကျေးရွာရှိ လမ်းမီးတိုင် ငါးတိုင်အတွက် ဝပ် ၇၀ ဆိုလာစနစ်များ တပ်ဆင်ကာ မီးလင်းရေးအတွက် ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **မင်းသူ-ထွန်းထွန်းထွေး (ဘားအံ)**

၂၀၁၇ခုနှစ်၊ ဩဂုတ်လအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၇၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၈၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်း အလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၇ခုနှစ်၊ ဩဂုတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ

စဉ်	ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်	အလုပ်ရ			မှတ်ချက်
		အစိုးရ	ပုဂ္ဂလိက	စုစုပေါင်း	
၁။	ပြည်ထောင်စုနယ်မြေ	၂၈၈	-	၂၈၈	
၂။	ရန်ကုန်တိုင်းဒေသကြီး	၇၇၄	၁၀၉၈၇	၁၁၇၆၁	
၃။	ဧရာဝတီတိုင်းဒေသကြီး	၈၇	၇၃၀	၈၁၇	
၄။	ပဲခူးတိုင်းဒေသကြီး	၁၅၃	၁၇၉၀	၁၉၄၃	
၅။	မန္တလေးတိုင်းဒေသကြီး	၈၂	၁၃၆၂	၁၄၄၄	
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၁၃၁	၆၂၈	၇၅၉	
၇။	မကွေးတိုင်းဒေသကြီး	၂၂၀	၃၂၉	၅၄၉	
၈။	တနင်္သာရီတိုင်းဒေသကြီး	၃၈	၁၉၄	၂၃၂	
၉။	ကချင်ပြည်နယ်	၁၃	၉၀	၁၀၃	
၁၀။	ကယားပြည်နယ်	၃၅	၃	၃၈	
၁၁။	ကရင်ပြည်နယ်	၈	၁၈၁	၁၈၉	
၁၂။	ချင်းပြည်နယ်	၈	-	၈	
၁၃။	မွန်ပြည်နယ်	၄၈	၁၀၄	၁၅၂	
၁၄။	ရခိုင်ပြည်နယ်	၄၇	၁၉၄	၂၄၁	
၁၅။	ရှမ်းပြည်နယ်	၁၀၃	၁၆၂	၂၆၅	
	စုစုပေါင်း	**၂၀၃၅**	**၁၆၇၅၄**	**၁၈၇၈၉**	

၂၀၁၇ခုနှစ်၊ ဩဂုတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင် ရရှိမှုအခြေအနေ

စဉ်	နိုင်ငံ	စေလွှတ်ဦးရေ	မှတ်ချက်
၁။	မလေးရှားနိုင်ငံ	၇၅၇	
၂။	စင်ကာပူနိုင်ငံ	၂၁	
၃။	ကိုရီးယားနိုင်ငံ	၃၂၃	
၄။	ထိုင်းနိုင်ငံ	၁၆၅၆၀	
၅။	ဂျပန်နိုင်ငံ	၂၂၅	
၆။	ယူအေအီး	၃	
၇။	ကာတာနိုင်ငံ	၃	
	စုစုပေါင်း	**၁၇၈၉၂**	

(သတင်းစဉ်)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့ အမှတ်(၁၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးထိုက် ဦးဆောင်သော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက်က ပြည်မြို့ခေတ္တရာဘိုးဘွားရိပ်သာအတွင်း/အပြင်ရှိ ချုံနွယ်များနှင့် မြက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ် (ခရိုင်ပြန်/ဆက်)

မကြာမီကျရောက်တော့မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး စလင်းမြို့ ခုတင် ၅၀ ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်တို့ ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင် အင်အား ၆၀ ဖြင့် စက်တင်ဘာ ၁၆ ရက်က ဆောင်ရွက်ပေးနေစဉ်

စစ်ကြည်(စလင်း)

စက်မှုလယ်ယာပြောင်းလဲခြင်းမှစ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်များတွင် လုပ်သားရှားပါးလာမှုများသည် လယ်လုပ်သူ တောင်သူများအား လက်မှုလယ်ယာမှ စက်မှုလယ်ယာခေတ်သို့ ပြောင်းလဲသွားရန် တိုက်တွန်းနေခြင်းပင်ဖြစ်သည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် မြေယာပြုပြင်သည်မှ ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းခြွေလှေ့သည်အထိ လုပ်သားရှားပါးလာမှု၊ လုပ်အားခဈေးနှုန်း မြင့်မားမှုနှင့် မလိုအပ်ဘဲ လုပ်ငန်းကာလကြာမြင့်၍ အလေအလွင့် အပျက်အစီးများမှုတို့ကို စပါးစိုက်ပျိုးသူ တောင်သူများ တွေ့ကြုံနေကြရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင်လည်း တောင်သူများအနေဖြင့် ထိုအခက်အခဲများကို ကြုံတွေ့ခဲ့ကြရာမှ ယခုနောက်ပိုင်းတွင် လယ်ယာလုပ်ငန်းခွင်များ၌ စက်ကိရိယာများအသုံးပြုမှုကို ကုမ္ပဏီများက ဝန်ဆောင်မှုပေးလာကြသည်။ လယ်ယာမြေကို စတင် မြေယာပြုပြင်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့်ရိတ်သိမ်းခြွေလှေ့သည့် လုပ်ငန်းများအတွက် တောင်သူတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးသလို ရာသီအလိုက်မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို အချိန်ကိုက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်လည်း ဝန်ဆောင်မှုများ ပေးနေကြကြောင်း သိရသည်။

ဖျာပုံမြို့မြို့ပတ်တာလမ်းရှိ နေရွှေလက်ပန်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးအေးအောင်က မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအနေဖြင့် တောင်သူများကြုံတွေ့ရသည်မှာ အောင်မြင်ဖြစ်ထွန်းနေသည့် စပါးများကို ရိတ်သိမ်းရန် အခက်အခဲရှိနေခြင်း၊ ရိတ်သိမ်းခဈေးနှုန်းမြင့်မားနေခြင်းတို့ဖြစ်၍ တောင်သူများအဖို့ အလေအလွင့်နည်းပြီး အချိန်မီပြီးစီးရန် ဝန်ဆောင်မှုပေးနေကြောင်း၊ စပါးရိတ်စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ပေးပြီး ထားလိုသည့်နေရာအရောက် ငှားရမ်းခအနေဖြင့် တစ်ဧက လေးသောင်းကျပ်ဖြင့် ဝန်ဆောင်ပေးပြီး လယ်မြေအနေအထားအရ တစ်နေ့ ခုနစ်ဧကမှ ၁၀ ဧကအထိ ရိတ်သိမ်းပေးနိုင်ကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် ဖျာပုံမြို့နယ်မှ မိုးစပါးဧကတစ်ထောင်ခန့်ကို ကုမ္ပဏီအနေဖြင့် ရိတ်သိမ်းပေးနိုင်ခဲ့ကြောင်း ပြောသည်။

ထိုသို့ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အချိန်မီ ရိတ်သိမ်းပေးနိုင်ခဲ့၍ တောင်သူများအနေဖြင့် နွေစပါးများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့အပြင် စက်ဖြင့်ရိတ်သိမ်းခြင်းက လူရိတ်သည်ထက် အလေအလွင့်နည်းပြီး အချိန်ကုန်လည်း သက်သာကြောင်း၊ မြန်မာနိုင်ငံ အောက်အရပ်နှင့် မြေလတ်ပိုင်းအထက်ဒေသများ၏ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန် ကာလမတူသောကြောင့် စပါးရိတ်စက်များကို မြန်မာနိုင်ငံအောက်ပိုင်းတိုင်းဒေသကြီးများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတို့အပြင် အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးဘက်ရှိ မြို့နယ်များအထိ အငှားလိုက်နေရကြောင်း၊ တောင်သူများအနေဖြင့်လည်း လယ်ယာလုပ်ငန်းများတွင် စက်ကိရိယာများ ငှားရမ်းအသုံးပြု၍ လုပ်ကိုင်မှုမှာ တစ်နှစ်ထက်တစ်နှစ် များပြားလာကြောင်း ၎င်းက ဆက်ပြောသည်။

နိုင်ငံတော်အနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဦးတည်ပြောင်းလဲနေရာတွင် ခေတ်စနစ်လိုအပ်ချက်အရ တောင်သူလယ်သမားများ ကိုယ်တိုင်ကလည်း လူလုပ်အားနေရာတွင် စက်စွမ်းအားများကို တိုးချဲ့သုံးစွဲနေကြပြီဖြစ်သည်။ စက်ကိရိယာများကို စမ်းသပ်သုံးစွဲရာမှ အကျိုးသက်ရောက်မှု ပိုမိုကောင်းမွန်ကြောင်းကိုလည်း တောင်သူများအနေဖြင့် လက်တွေ့သိရှိလာကြပြီဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး သက်ဆိုင်ရာ တာဝန်ရှိ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ ပူးပေါင်းကာ စက်မှုလယ်ယာပြောင်းလဲရေး အရှိန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက စပါးစိုက်ပျိုးမှုကဏ္ဍ ပိုမိုဖြစ်ထွန်းအောင်မြင်လာပြီး နိုင်ငံတော်၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။

အောင်ဝင်း(ဖျာပုံ)

နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စစ်ဆေးမှုများဆောင်ရွက်နေ

မိုင်းယု စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စစ်ဆေးမှုများကို မိုင်းယုနယ်မြေရဲစခန်းမှူး ရဲအုပ်ဟိန်းဝဏ္ဏမောင်နှင့် နယ်ထိန်းအရာရှိ ရဲအုပ်စိုင်းခမ်းဒီးနွဲ့တို့ ဦးဆောင်သော လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာလဆန်းပိုင်းမှ စတင်ကာ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လှည့်ကင်းအဖွဲ့များသည် မိုင်းယုမြို့နယ်အတွင်းရှိ မြို့ဝင်မြို့ထွက်ဂိတ်များ၊ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ဆိုင်ကယ်များကို ရပ်တန့်စစ်ဆေးခြင်း၊ တရားမဝင် နယ်မြေဖြတ်ကျော် ဝင်ရောက်၍ ခိုးဝင်မှုများ မရှိစေရေး၊ လက်နက်ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာမှု မရှိစေရေးတို့အတွက် ဦးစားပေးအဆင့်အဖြစ် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား နယ်မြေလုံခြုံရေး အထူးဂရုစိုက်ကြရန်နှင့် သတိဝီရိယရှိစွာ သွားလာကြရန် လမ်းညွှန်မှာကြားခဲ့သလို ထူးခြားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထူးခြားဖြစ်စဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြခြင်းဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(ပြန်/ဆက်)

ကျေးရွာရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ချောင်းခြားကျေးရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် Unicef ၏ထောက်ပံ့ကူညီမှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ စက်ရေတွင်းတစ်တွင်း တူးဖော်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းသိုက်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၆ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ချောင်းခြားကျေးရွာ စက်ရေတွင်းကို Unicef ၏ ထောက်ပံ့ငွေ ကျပ် ၁၀ ဒသမ ၆၄ သန်းနှင့် ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ် ၄ ဒသမ ၅၆ သန်း၊ စုစုပေါင်း ကျပ် ၁၅ ဒသမ ၂ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ တူးဖော်နေခြင်းဖြစ်ကာ အနက်ပေ ၄၀၀ ရှိ လေးလက်မစက်ရေတွင်းဖြစ်သည်။ ရေတွင်းကို ဇူလိုင်လဆန်းပိုင်းက စတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စက်ရေတွင်းတူးဖော်မှုလုပ်ငန်းမှာ ပြီးစီးနေပြီဖြစ်ကာ ပိုက်ချအနက် ပေ ၄၀၀ တွင် တစ်နာရီ ရေထွက်နှုန်း ဂါလန် ၁၅၀၀ ရရှိကြောင်း သိရသည်။ စက်ရေတွင်းမှ ရေတင်အသုံးပြုရန်အတွက် ရေမြုပ်ပန့်၊ အင်ဂျင်နှင့် ဒိုင်နမိုများ တပ်ဆင်သွားမည်ဖြစ်ပြီး အင်ဂျင်နှင့် ဒိုင်နမိုများအတွက် ရေစက်ရုံကို ဆက်လက်ဆောက်လုပ်လျက်ရှိကာ လုပ်ငန်းများအားလုံးကို အောက်တိုဘာ ၁၅ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးနှင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းတို့အဖွဲ့က စက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေများနှင့် ရေစက်ရုံဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စက်ရေတွင်း ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် ရေစုပ်စက်များ ကြံ့ခိုင်မှုရှိစေရေးအတွက် ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းကြရန်လည်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ စက်ရေတွင်းလုပ်ငန်းများ ပြီးစီးပါက ချောင်းခြားကျေးရွာရှိ အိမ်ခြေ ၁၃၀ မှ ဒေသခံပြည်သူ ၇၀၀ နီးပါးအတွက် သန့်ရှင်းသောသောက်သုံးရေများကို ရာသီမရွေး ရယူသုံးစွဲသွားနိုင်မည်ဖြစ်ကာ နှစ်စဉ် နွေရာသီကာလတိုင်း ကြုံတွေ့နေရသည့် သောက်သုံးရေရှားပါးမှု အခက်အခဲကို ပြေလည်စေတော့မည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

မျိုးထွန်းမွေးမြူခြင်းနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၈

မျိုးထွန်းမွေးမြူခြင်း (Mutation Breeding)နည်းပညာနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆွေးနွေးပွဲကို နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန Farmer Channel စတူဒီယိုအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးသုတေသနဦးစီးဌာန၊ ဇီဝနည်းပညာသုတေသနဌာနစုမှ သုတေသနအရာရှိ ဒေါ်သက်သက်ဦးက လက်ရှိဆောင်ရွက်လျက်ရှိသော သံခာတ်ကြွယ်ဝသည့်ဆန် ရရှိမည့် စပါးမျိုး၊ ယိုင်လဲမှုဒဏ်ခံနိုင်ရည်ရှိမည့် စပါးမျိုး၊ သက်တမ်းတိုစပါးမျိုးများနှင့် အထွက်နှုန်းကောင်းသည့် မတ်ပဲသီးနှံများ ရရှိရေးအတွက် မျိုးထွန်းမွေးမြူခြင်းနည်းပညာကို အသုံးပြု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် သုတေသနရလဒ်များကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက မျိုးထွန်းမွေးမြူခြင်းနည်းပညာကို အသုံးပြု၍ သုတေသနလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သီးနှံသုတေသနဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ဇီဝနည်းပညာ သုတေသနဌာနစုကလည်း မျိုးထွန်းမွေးမြူခြင်း နည်းပညာသုတေသနကို တစိုက်မတ်မတ်ဆောင်ရွက်ရန်နှင့် မျိုးထွန်းမွေးမြူခြင်းနည်းပညာကို အသုံးချ၍ သုတေသနများဆောင်ရွက်ရာတွင် Mutation Breeding Unit ထားရှိရန်နှင့် မျိုးထွန်းနည်းပညာသုတေသန ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်ရန်လိုအပ်ကြောင်းတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သီးနှံသုတေသနဌာနစုများမှ တာဝန်ခံများ၊ သုတေသနပညာရှင်များနှင့် မျိုးဆက်သစ် လူငယ်သုတေသနပညာရှင်များ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကျောင်းသားကျောင်းသူများ ကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

ဖာပွန် စက်တင်ဘာ ၁၈

ကရင်ပြည်နယ် ဖာပွန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေး ဌာနတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ ကာယစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပခဲ့သည်။

ကျောင်းသား ကျောင်းသူ ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ပြီး ယှဉ်ပြိုင်လိုစိတ်ရှိရန် ရည်ရွယ်ချက်များဖြင့် အဆိုပါ ကာယစွမ်းရည်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အမှတ်(၁)ရပ်ကွက် မူလတန်းကျောင်းမှ တတိယတန်းနှင့် KG တန်း ကျောင်းသား ကျောင်းသူ ၂၄ ဦးအား အဖွဲ့ခြောက်ဖွဲ့ခွဲကာ ကာယအားကစားနည်း နှစ်မျိုးကို ယှဉ်ပြိုင်စေခဲ့ပြီး ဆုရရှိသော အဖွဲ့ သုံးဖွဲ့အား တာဝန်ရှိသူများမှ ဆုချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူလေးများအား အာဟာရရှိသော အစားအစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

အောင်မျိုးလွင်(ပြန်/ဆက်)

(၁၆၆)နှစ်မြောက် ရွှေကျင် သီတင်းကျွတ်မီးမျှောပွဲတော် ကျင်းပမည်

ရွှေကျင် စက်တင်ဘာ ၁၈

မြန်မာသက္ကရာဇ် ၁၂၁၃ ခုနှစ် ကုန်းဘောင်ခေတ် ဦးပိုင်းမှ စတင်ကျင်းပခဲ့သည့် ပဲခူးခရိုင် ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပွဲတော်သည် ယခုနှစ်တွင် ၁၆၆ နှစ်ရှိပြီဖြစ်သည်။ ပွဲတော်တွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်မည်ဖြစ်ရာ ယခင်နှစ်များထက် ပိုမိုစည်ကားရန်အတွက် ကော်မတီပေါင်း ၂၃ ခုဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရှင်ဥပဂုတ္တမထေရ်မြတ်အား မြို့တွင်းသို့ ပင့်ဆောင်ပူဇော်ပွဲနှင့်အတူ နိုင်ငံကျော် အနုပညာရှင်များ၏ တေးဂီတဖျော်ဖြေပွဲ၊ ဘောလုံးပြိုင်ပွဲ စသည့် ဖျော်ဖြေရေးနှင့် အားကစားပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထို့နောက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နံနက်ပိုင်းတွင် ရွှေကျင်ချောင်းအတွင်း အမျိုးသား အမျိုးသမီး တက်ပုံယိမ်း၊ အမျိုးသမီးတက်ခုတ်ယိမ်း၊ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာယိမ်းအကများ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ထို့နောက် ယင်းနေ့ည ၇ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဓမ္မစကြာဝတ် အသင်းများခြံရံ၍ လှော်ကားတော်ကြီးလှေဖြင့် ပင့်ဆောင်ကာ ရောင်စုံမီးကြာခွက်တစ်သိန်းဖြင့် မီးမျှောပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း (၄) မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	အလှကုန်ပစ္စည်းအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ	တွေ့ရှိချက်
၁။	MADAME Organic	ဖော်ပြမထားပါ။	Mercury (+)
၂။	Cleo Me' White	ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။	Mercury (+)
၃။	Cosmetic Set (YunShiManCream)	ဖော်ပြမထားပါ။	Mercury (+)
၄။	Anti-Freckle Day Cream+NightCream	တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။	Mercury (+)

၃။ အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ချင်းတွင်းတံတား (ဟုမ္မလင်း) သံပေါင်များ စတင်တပ်ဆင်လျက်ရှိ

ဟုမ္မလင်း စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အထက်ပိုင်းဒေသများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ကာ ကုန်စည်စီးဆင်းမှု လွယ်ကူရန်၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူဖြစ်စေမည့် ချင်းတွင်းမြစ်ကူး တံတား(ဟုမ္မလင်း)ကို စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်း တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်၌ ချင်းတွင်းမြစ်ကိုဖြတ်ကူး၍ ဆောက်လုပ်လျက်ရှိရာ လက်ရှိအချိန်တွင် တံတားသံပေါင်များ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း တံတားအထူးအဖွဲ့ (၂)မှ သိရသည်။

ချင်းတွင်းတံတား (ဟုမ္မလင်း)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခု စက်တင်ဘာလဆန်းပိုင်းမှ စတင်ကာ တံတားသံပေါင်များ စတင်တပ်ဆင်နေခြင်းဖြစ်ကြောင်း၊ တံတားတွင် ရေလည်တံတားတိုင်များအဖြစ် P1, P2, P3, P4, P5, P6, P7 တို့ ပါဝင်ပြီး P1 မှ P5 အထိတွင် ၁၂၀ မီတာ သံပေါင် Steel Truss လေးခန်း၊ P5 မှ P7 အထိတွင် ၆၀ မီတာ Box Girder နှစ်ခန်းစီကို တပ်ဆင်နေခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် P5 နှင့် P4 ကြား သံပေါင်ကို တပ်ဆင်နေပြီး ၁၂၀ မီတာ တစ်ခန်းစာ ချိတ်ဆက်မိပြီးဖြစ်ကြောင်း တံတားတည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် ချဉ်းကပ်လမ်း Girder များလည်း တင်ပြီးဖြစ်ကာ ချဉ်းကပ်လမ်း တံတားကြမ်းခင်းကို Overlay ခင်းနေကြောင်း၊ သံပေါင် ၁၂၀ မီတာ ပထမအခန်းတွင် ၁၂ မီတာ သံပေါင်ငယ်များ ၁၀ ခန်း ဆင်ပြီးဖြစ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးမြောက်ရေး ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်းလည်း အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။

ချင်းတွင်းတံတား(ဟုမ္မလင်း)သည် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကက်သာကျေးရွာတို့ကို ချိတ်ဆက်ပြီး ဆောက်လုပ်နေခြင်းဖြစ်ကာ တံတားအမျိုးအစားမှာ အုတ်မြစ်အနေဖြင့် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်မှာ ပင်မတံတား သံမဏိ သံပေါင် အမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတား R.C Girder နှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်လက်ရန်း အမျိုးအစားဖြစ်သည်။

တံတားခန်းဖွင့် အကျယ်အနေဖြင့် ၂၀ မီတာ ၁၂ ခန်း၊ မီတာ ၁၂၀ လေးခန်းနှင့် မီတာ ၆၀ နှစ်ခန်း စုစုပေါင်း ၁၈ ခန်းပါရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကာ တံတားကင်းလွတ်အမြင့်မှာ ၁၂ မီတာနှင့် တံတားကင်းလွတ်အကျယ် ၁၀၅ မီတာဖြစ်သည်။ စုစုပေါင်း တံတားအရှည်မှာ ၈၄၂ မီတာ (၂၇၆၂ ဒသမ ၆ ပေ) နှင့် တံတားအကျယ် ၁၀ ဒသမ ၂ မီတာ (၃၃ ဒသမ ၅ ပေ) ရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ (နှစ်လမ်းသွား)နှင့် တစ်ဖက်စီတွင် အကျယ် သုံးပေရှိ လူသွားလမ်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် ဖျာပုံမြို့၌ ပြသလျက်ရှိ

ဖျာပုံ စက်တင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနမှ ကျင်းပလျက်ရှိသည့် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် ဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်က ဖျာပုံမြို့ရှိ Paradiso အဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပခဲ့ပြီး ရုပ်ရှင်ငါးကားကို တစ်ပတ်ကြာ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်း၊ တိုင်းဒေသကြီး ပြန်ကြားရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်းနှင့် ရုပ်ရှင်ရုံမန်နေဂျာ ဦးအောင်ကိုမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လွှတ်တော်ကိုယ်စားလှယ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဖျာပုံမြို့ မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် စက်တင်ဘာ ၁၅ ရက်မှစ၍ နေခြည်မှာရွှေရည်လောင်း၊ တိမ်ပြာသောနေ့၊ သရာစောထိ၊ ဒီမိုရုပ်ကွက်၊ ကြီးမြတ်သောမြန်မာ စသည့် ဒီမိုကရေစီဆိုင်ရာ ရုပ်ရှင်ကားငါးကားကို ပြသသွားမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲနေ့တွင် ရုပ်ရှင်များကို အခမဲ့ပြသပြီး စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ အဆိုပါဇာတ်ကားများကိုပင် အခကြေးငွေဖြင့် ဆက်လက်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံနှင့် လူမျိုး၏ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာမြင့်မားစေရေးနှင့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် နိုင်ငံတကာ၌ ခံယူလုပ်ဆောင်နေသည့် ဒီမိုကရေစီကျင့်စဉ်နှင့် စိတ်ဓာတ်များ ပြည်သူများအကြား ရင့်သန်လာစေရန် ရည်ရွယ်လျက် အသိပညာပေး ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးကာ ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကို ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံပေါင်း ၄၄ ရုံတွင် တစ်ပြိုင်နက်တည်း ပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ကျေးရွာသစ်စီမံကိန်းအရ ရေစင်တည်ဆောက်

သုံးခွ စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျေးရွာတွင် ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မာအူးလ်အွန်ဒုံ SMU ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပါ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးအစီအစဉ်အရ ကျေးရွာနေပြည်သူများ၏ နေအိမ်များရှေ့အရောက် ရေပိုက်လိုင်းဖြင့် ရေဖြန့်ဖြူးပေးနိုင်ရန် ရေစင် တစ်ခုကို စီမံကိန်းရန်ပုံငွေနှင့် ကျေးရွာနေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် စက်တင်ဘာ ၁၅ ရက်က စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါရေစင်သည် မြေပြင်အောက်ခြေအကျယ် ၁၀ ပေရှိပြီး အမြင့် ၁၅ ပေ သံရေစင်ဖြစ်ကာ လီတာ ၃၀၀၀ ဆံ့ ကော်ရေတိုင်ကီနှစ်ခုပါရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မြန်မာ့အာမခံလုပ်ငန်း မန္တလေးတိုင်းဒေသကြီး လျော်ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

မန္တလေး စက်တင်ဘာ ၁၈

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်များ ဝယ်ယူထားရှိပြီး ကုန်ပစ္စည်း၊ မော်တော်ယာဉ်၊ လူအသက်ဆုံးရှုံးခဲ့သူများသို့ ဆုံးရှုံးမှုနစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ယာဉ်လိုင်းများကြီးကြပ်ရေးကော်မတီ(အဝေးပြေး) အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဆုံးရှုံးနစ်နာမှု လျော်ကြေးများ လက်ခံရယူရန် မော်တော်ယာဉ်ပိုင်ရှင်များ၊ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကဏ္ဍအသီးသီးမှ မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိသူများ၊ မြန်မာ့အာမခံလုပ်ငန်းဌာနအသီးသီးမှ ဌာနအကြီးအမှူးများ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် နိုင်ငံပိုင်တစ်ခုတည်းသော အာမခံလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်ရယူ စီးပွားရေးလုပ်ငန်းရှင်များနှင့် အာမခံထားရှိသူများသို့ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနစ်နာမှုများအတွက် ပြုလုပ်သည့် လျော်ကြေးပေးအပ်ပွဲ အခမ်းအနားဖြစ်ကြောင်း၊ အလုံးစုံမော်တော်ယာဉ်အာမခံလုပ်ငန်းအနေဖြင့် ဧပြီလ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ မော်တော်ယာဉ် ၁၉၇ စီးအတွက် ကျပ် နှစ်ထောင်လေးရာကိုးဆယ့်တစ်သိန်း တစ်သောင်းခြောက်ထောင် တစ်ရာခြောက်ဆယ့်ကိုးတိတိ ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု အခမ်းအနားတွင် အလုံးစုံမော်တော်ယာဉ် အာမခံထားရှိသူများဖြစ်ကြသော မန်းရွှေပြည်-ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှ ဦးလှမိုးအောင်သို့ ကျပ်သိန်း ၄၇၀ ဒသမ ၄၄၂၀၆၊ Hercules Logostics Co.,ltd မှ ဦးထွန်းမင်းအောင်သို့ ကျပ်သိန်း ၂၀၀၊ အာကာသယာဉ်လိုင်းအသင်းမှ ဒေါ်သပြေယုသို့ ကျပ်သိန်း ၄၀၀ စုစုပေါင်း ကျပ်သိန်း ၁၀၇၀ ဒသမ ၄၄၂၀၆ နှင့် သေဆုံးသူ ၁၂ ဦးအတွက် သူတစ်ပါးထိခိုက်မှု အာမခံနစ်နာကြေး ကျပ်သိန်း ၁၂၀ အား ပေးအပ်ခြင်းဖြစ်ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ ယုံကြည်အားကိုးစွာဖြင့် လာရောက်အာမခံထားသူများအတွက် အလုပ်လက်ခံများ လွယ်ကူလျင်မြန်စွာ ပြီးမြောက်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ ကံမကောင်းအကြောင်းမလှ၍ နစ်နာဆုံးရှုံးမှု ဖြစ်ပွားသူများသို့လည်း နစ်နာကြေး၊ လျော်ကြေးများ လျင်မြန်စွာ စိစစ်ထုတ်ပေးခြင်းအားဖြင့် အာမခံလုပ်ငန်းအပေါ် ပြည်သူများ ပိုမိုယုံကြည်အားကိုးလာကာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအားဖြင့် အာမခံလုပ်ငန်းအပေါ် ပြည်သူများ ပိုမိုယုံကြည်အားကိုးလာကာ ပြည်သူ့ အကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ပိုမိုတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားပြီး လျော်ကြေး၊ နစ်နာကြေး လက်ခံရရှိသူများမှလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် မြန်မာ့အာမခံလုပ်ငန်းသို့ လုပ်ငန်းများ ရှာဖွေပေးသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်ရသော အာမခံလုပ်ငန်းများအကြောင်း၊ ဖြည့်စွက်ဆောင်ရွက်မည့် အာမခံလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လယ်ဝေးမြို့နယ်၌ အသိပညာပေးဟောပြော

လယ်ဝေး စက်တင်ဘာ ၁၈

နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ဦးဆောင်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန်၊ ပြည်သူများ မှုခင်းအသိပညာရရှိစေရန် မြို့နယ်အလိုက် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လယ်ဝေးမြို့မရဲစခန်းမှူး ရဲမှူး ကျော်ညွန့်၏ ဦးဆောင်မှုဖြင့် စက်တင်ဘာလ တတိယပတ်က လယ်ဝေးမြို့နယ် ပိတောက်ချောင်းကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ အ.လ.က စာသင်ကျောင်း၌ အေလာနယ်မြေစခန်းမှူး ရဲအုပ် ကျော်ကျော်ဦးက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် သက်ငယ်မုဒိမ်းမှုအကြောင်း အသိပညာပေးဟောပြောခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာသူ ကျေးရွာသား ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

ရှားတောမြို့ မြို့ဦးစေတီဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်

ရှားတော စက်တင်ဘာ ၁၈

ရှားတောမြို့ ဈေးပိုင်းရပ်ကွက် မြို့ဦးစေတီ၌ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကို ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြစိုး ဦးစီး၍ တပ်ဖွဲ့ဝင် ၂၅ ဦးတို့ဖြင့် စေတီတော်ဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တို့တွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများအား စက်တင်ဘာလ တတိယပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့ငွေပေးအပ်

နမ့်ခမ်း စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း မေလ ၂ ရက်နှင့် ၅ ရက်က မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ စက်တင်ဘာ ၁၄ ရက်က ကူညီထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ထောက်ပံ့ငွေမှာ လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ညီနိုင်တို့က ကောင်းခေရွာ၊ နောင်စန့်ကုန်းရွာမှ ထိခိုက်ဒဏ်ရာရရှိကြသူ ခြောက်ဦးကိုတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီဖြင့် လူမှုဝန်ထမ်းဦးစီးဌာနကိုယ်စားပေးအပ်ခဲ့ကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

နယ်မြေအေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်

ပန်းတနော် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော် မြို့နယ်အတွင်း နယ်မြေအေးချမ်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်ဦး ဦးစီးသည့် အဖွဲ့များက စက်တင်ဘာ ၉ ရက်မှစ၍ အထူးကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့များက နယ်မြေအတွင်း အကြမ်းဖက်အဖွဲ့အစည်းများ၏ သတင်းများနှင့်အတူ ထူးခြားမှုသတင်းများအား ကြိုတင်သတင်းရယူနိုင်ရေး၊ နယ်မြေအတွင်း အရေးကြီးအဆောက်အအုံ၊ တံတား၊ တာဝါတိုင်၊ စက်သုံးဆီဆိုင်များအား နှောင့်ယှက်ဖျက်ဆီးမှုမဖြစ်စေရေး ချိတ်ဆက်သတင်းရယူခြင်းများကို အဖွဲ့လိုက်လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများနှင့် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဦး (လေးမျက်နှာ)

ရွှေတောင်မြို့နယ်၌ အခြေခံကွန်ပျူတာ သင်တန်းဖွင့်

ရွှေတောင် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် နွားမယံကျေးရွာ၌ စက်တင်ဘာလဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဒုတိယ အုပ်ချုပ်ရေးမှူး ဦးနေမျိုးနိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးသူက သင်တန်းများဖွင့်လှစ်ပေးနိုင်မှုနှင့် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း (ပြည်)

တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူ

ရှားတော စက်တင်ဘာ ၁၈

ကယားပြည်နယ် ရှားတောမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုစာရင်းများ ထုတ်ပြန်နိုင်ရန်ရည်ရွယ်၍ စက်တင်ဘာလပထမပတ်မှစ၍ ဒေါလဲဒူကျေးရွာတွင် တိရစ္ဆာန်ရှေ့ပြေးကောက်ယူခြင်းနှင့် မြေပြင်အမှန်စာရင်းရရှိရန်အတွက် မြို့နယ်မွေး/ကု ဦးစီးဌာနဦးစီးမှူး ဒေါက်တာစန်းခိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးများပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး တိရစ္ဆာန်မွေးမြူရေး၊ ရောဂါထိန်းချုပ်ရေး လက်ကမ်းစာစောင် ၁၀ မျိုးကိုလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးဈေးကွက်အတွင်း လက်ကျန်နည်းပါးမှုကြောင့် ကြက်သွန်နီဈေးမြင့်တက်

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးကြက်သွန်နီဈေးကွက်အတွင်း ကြက်သွန်နီလက်ကျန်နည်းပါးမှုကြောင့် လွန်ခဲ့သော ရက်နှစ်ဆယ်အတွင်းက ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ခန့်ရှိခဲ့ရာမှ ယခုရက်ပိုင်းအတွင်း ငွေကျပ် ၂၀၀၀ အထိ ဈေးမြင့်တက်လာကြောင်း စိုးဝင်းမြင့်ပွဲရုံမှ ဦးစိုးဝင်းမြင့်က ပြောသည်။

မုံရွာ၊ မြင်းမူ၊ ပခုက္ကူ၊ မြင်းခြံမြို့နယ်များအတွင်းမှ ထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း နေ့စဉ်ကုန်တင်ယာဉ် ၁၂ စီးမှ ၁၃ စီးခန့်အထိ ဝင်ရောက်နေသော်လည်း ကြက်သွန်နီမှာ အခြေခံ စားသောက်ကုန်ဖြစ်သည့်အတွက် ဝယ်လိုအားများပြားမှုကြောင့် လောက်ငမှုမရှိဘဲ ယခုလို ဈေးမြင့်တက်လာခြင်းဖြစ်သည့်အပြင် ယခင်နှစ်အတွင်းက ကြက်သွန်နီထွက်ရှိမှု နည်းပါးခြင်းကြောင့် ပြည်တွင်းတွင် ကြက်သွန်နီလက်ကျန်နည်းပါး၍ ယခုကဲ့သို့ ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ဈေးမြင့်ခြင်းကြောင့် လက်ကျန်လှောင်ထားသူများနှင့် တောင်သူများအတွက် အကျိုးရှိနိုင်သော်လည်း အိမ်ရှင်မများအတွက် ခေါင်းခဲစရာတစ်ခုဖြစ်လာကြောင်း ၎င်းက ပြောသည်။

“အရင်နှစ်တွေတုန်းကဆိုရင်တော့ ဒီလိုပြည်တွင်းမှာ လက်ကျန်နည်းလာပြီဆိုရင် တရုတ်တို့၊ အိန္ဒိယတို့ဘက်ကနေဝင်တယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ အိန္ဒိယဘက်မှ တမူးဘက်ကနေတစ်ဆင့် ဝင်လာတာတော့ မရှိသေးဘူး။ တရုတ်ဘက်ကတော့ ဝင်လာတာတွေရှိတယ်။ အလုံးချောတယ်။ တစ်ပိဿာကို ငွေကျပ် ၈၀၀ လောက်ပဲရှိတယ်။ ဒါပေမယ့် စားသုံးသူတွေကကျတော့ မကြိုက်ကြဘူး။ မရှိသုံးဘဲ သုံးကြတယ်။ ဝယ်လိုအားလည်း သိပ်မများဘူး။ ပြည်တွင်းကကြက်သွန်ကိုပဲ လူကြိုက်များတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယခုကဲ့သို့ ဈေးမြင့်တက်လာခြင်းမှာလည်း ကြက်သွန်နီပေါ်ချိန်မဟုတ်သည့် ကြားကာလအတွင်းသာ ဈေးမြင့်တက်မှုများဖြစ်ပေါ်တတ်ပြီး သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလခန့်တွင် မြစ်သားနှင့် နွားထိုးကြီးဘက်မှ မြိတ်ဖြတ်ကြက်သွန်များ ဝင်ရောက်လာချိန်တွင် ဈေးများ ပြန်လည်ကျဆင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီအဓိကထွက်ရှိရာနေရာဖြစ်သည့် ဆိပ်ဖြူကုန်စည်ဒိုင်ဈေးကွက်အတွင်း ယခုတစ်ပတ်အတွင်း နေ့စဉ်ကြက်သွန်နီကုန်ချိန် ၁၇၀၀ မှ ၂၀၀၀ အတွင်း ဝင်ရောက်လျက်ရှိပြီး ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ မှ ၁၉၀၀ အထိရှိကြောင်း ဖြိုးရာဇာကြက်သွန်နီရောင်းဝယ်ရေးမှ သိရသည်။

ဇင်ဦး (မြန်မာ့အလင်း)
ဓာတ်ပုံ- သီဟစည်သူ

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ Book Club ဖွဲ့စည်းရေးဆွေးနွေး

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ စာရေးဆရာများနှင့် မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဒေါ်သန်းသန်းဝေ၊ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းတို့က တွေ့ဆုံ၍ Book Club (စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း) ဖွဲ့စည်းနိုင်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူးက အမှာစကား ပြောကြားရာတွင် ယခုဖွဲ့စည်းမည့် Book Club (စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း) ကို ဖွဲ့စည်းနိုင်ရန် ယခုကဲ့သို့ စာရေးဆရာကြီး၊ ဆရာမကြီးများကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ Book Culb သို့ အသင်းဝင်ရောက်လိုသူများ ဝင်ရောက်နိုင်ကြောင်း၊ Book Club ကို စာရေးဆရာများအား အခြေခံ၍ ဖွဲ့စည်းလိုကြောင်း၊ ဖွဲ့စည်းပြီးပါက စာပေဆွေးနွေးပွဲများ စာပေနှီးနှောဖလှယ်ပွဲများ၊ စာပေစကားဝိုင်းများ၊ စာပေရေးသားနည်းသင်တန်းများကိုလည်း ပြုလုပ်နိုင်ကြောင်း၊ ဆက်လက်၍ Book Club အပြင် ဝါသနာတူလူငယ်များစုစည်း၍ Youth Club နှင့် Women Club တို့ကိုလည်း ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် စက်တင်ဘာ ၂၉ ရက်တွင် အမျိုးသမီးများနှင့် ပတ်သက်သည့် ဇာတ်လမ်းတိုတစ်ပုဒ်ကို ခရိုင်ပြန်/ဆက် Community Centre ၌ ပြသမည်ဖြစ်ကြောင်း၊ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးကလည်း ခရိုင် Community Centre တွင် စာရေးနည်းသင်တန်းများ၊ ကွန်ပျူတာသင်တန်း၊ ပန်းချီသင်တန်းများ ဖွင့်လှစ်ရန်ရှိကြောင်း၊ ပညာရှင်များအနေဖြင့် လိုအပ်သည်များကူညီပေးပါရန် ပြောကြားခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

ဒေါနိုးကူးသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်

လှိုင်ကော် စက်တင်ဘာ ၁၈

ကယားပြည်နယ် လှိုင်ကော်မြို့အတွင်း ဒေါနိုးကူးရပ်ကွက်နှင့် ဒေါတမရပ်ကွက်တို့အကြားရှိ ဘီလူးချောင်းပေါ် ဖြတ်ကျော်တည်ဆောက်ထားရှိသည့် ဒေါနိုးကူးသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြီးခဲ့သည့် ဩဂုတ်လဆန်းမှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ဆဲဒေါနိုးကူးသံကူကွန်ကရစ်တံတားသည် အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် လေးပေစီအကျယ်၊ ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန် ၆၀ တို့ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၇၄၀ သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရှင်းသန့်ထွဋ်ထံမှ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသမှ အစပြုလျက်စီးဆင်းလာသော ဘီလူးချောင်းသည် လှိုင်ကော်မြို့လယ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိ၍ ဘီလူးချောင်းတစ်ဖက်မှတစ်ဖက်သို့ ကူးသန်းသွားလာရန် သီရိမင်္ဂလာ၊ ဥတ္တရာရုံ၊ ကန္ဒာရဝတီ၊ ရှမ်းပိုင်း၊ ဒေါနိုးကူးနှင့် ဂျပန်သံပေါင်တံတားအမည် အသီးသီးရှိ တံတားခြောက်စင်းကို တည်ဆောက် အသုံးပြုခဲ့ကြသည်။ အဆိုပါ တံတားခြောက်စင်းတို့အနက် သီရိမင်္ဂလာ၊ ဥတ္တရာရုံ၊ ကန္ဒာရဝတီ၊ ရှမ်းပိုင်းနှင့် ဒေါနိုးကူးအမည်ရှိ တံတားငါးစင်းတို့ မှာ ယခင်က သစ်သားတံတားများအဖြစ် နှစ်ပေါင်းများစွာ တည်ရှိခဲ့သည်။

ယင်းနောက် အထက်တွင် ဖော်ပြပါသစ်သားတံတားငါးစင်းတို့အား သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်ဆင့်မြှင့်တင်တည်ဆောက်မှုများ ပြုလုပ်ခဲ့ကြရာ ကန္ဒာရဝတီသစ်သားတံတားကို အရှည် ၃၀၆ ပေရှိ သံကူကွန်ကရစ်တံတားကြီးအဖြစ် ၁၉၈၅ ခုနှစ် မေ ၃၀ ရက်တွင်လည်းကောင်း၊ သီရိမင်္ဂလာတံတားကို အရှည် ၂၄၁ ပေရှိ သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင်လည်းကောင်း၊ ဥတ္တရာရုံတံတားကို အရှည်ပေ ၂၄၀ ရှိ သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင်လည်းကောင်း၊ ရှမ်းပိုင်းတံတားကို အရှည်ပေ ၂၇၀ ရှိ သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၇ ခုနှစ် ဇွန် ၁၁ ရက်တွင် လည်းကောင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ကြပြီဖြစ်သည်။ ယခုအခါ ကျန်ရှိသည့် ဒေါနိုးကူးသစ်သားတံတားကိုလည်း သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၄၃၇၂၄ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမျိုးသန့် ၁၀/ကမရ(နိုင်)၀၅၃၄၆၅ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၉၈၁၃ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နဝရတ်မိုးလွင် ၁၀/မလမ(နိုင်)၁၈၁၁၂၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

နာမည်ကျော် နာမည်ပေးကင်ပွန်းတပ် ပါရဂူ _ အနာဂတ်ဟောကိန်းများ လက္ခဏာနက္ခတ္တဗေဒအတိုင်ပင်ခံ

ဆရာကြီးရာဇာဇော်ဝင်း(LL.B.)

ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်၊ မင်္ဂလာမော်ကွန်း၊ဇာတာ၊ဂဏန်းဗေဒင်အဟောများ၊နက္ခတ်အဟောများမိဘနာမည်တွဲသုံးပုံလမ်းညွှန်တစ်သက်တာဟောစာတမ်းများနာမည်ပေးအမည်ပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေး ဖြစ်စေရန်အာမခံသည်။ဆိုင်အမည်၊လုပ်ငန်းအမည်၊ကုမ္ပဏီခွဲစိတ်မီးဖွားရက်၊အိမ်ဆောက်ပန္နက်ရိုက်၊ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်း ပါဦးမည်။အိမ်အရောက်ပို့နယ်သို့ စာတိုက်မှပို့သည်။အိမ်ထောင်ရေး၊လုပ်ငန်းနာမည်များ၊ကောင်းမကောင်းစစ်ပေးသည်။လူကြီးများအိမ်အရောက်ပို့အနာဂတ်စစ်တမ်း၊အန္တရာယ်ကင်းအဆောင်များ၊ဘေးရန်ကာ ယတြာများ လုပ်ငန်းကောင်း၊စီးပွားတက်၊ချစ်သူစုံတွဲမင်္ဂလာရက်ကောင်းရက်မြတ်များရွေးခြင်းအိမ်ခြံမြေတိုက်ယာဉ်ကားရောင်း ထွက်ရန်မိမိ၏ ဇာတာကတွက်ချက်၍ဆရာကိုယ်တိုင်သတ်မှတ်ပေးသောရက်ရောင်းထွက်ပြီးမှညဏ်ပူဇော်ပေးပါ။ (Viber Ph.09 -5152521)မနောသိဒ္ဓိနည်းများဖြင့်အိမ်ခြံမြေဆောင်ရွက်သည်။အိမ်ခြံမြေရောင်းထွက်သဖြင့်ပဲခူးမြို့မဟာဝိသုတာရာမကျောင်း၀င်အတွင်း ၂၄.၁၁. ၂၀၁၆ ရက်နေ့တွင်ထီးတော် တင်လှူခဲ့သည်။ဖုန်း–01,394727 , 01 , 399426 , 09 , 73009994 , 09 , 5152521 **(ပိတ်ရက်မရှိ)**



ကလေးနာမည်ပေးမည်ဆိုရင်ဆရာကြီးမှစိတ်ချရသည်။ ရှိုင်းလက်ျာဇင် အ.ထ.က (၁) ဒဂုံ

ရုံးခန်း – တိုက်အမှတ်(၉၄)၊ပထပ်၊မန္တလေးလမ်း၊(လယ်)ရေမြောင်းကြီးအနီး၊သိမ်ဖြူစာတိုက်မှတ်တိုင်ဆင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
အိမ်–အမှတ်(၉)၃ထပ်၊၈၇လမ်းမင်္ဂလာတောင်ညွှန့်.လမ်းညွှန်–ရန်ကုန်တာမွေသွား ၇ / ၂၀ / ၆၄ / ၈၀ စီး သိမ်ဖြူစာတိုက်ဆင်း။ကိုယ်ပိုင်ကား–ဒေါ်သိန်းတင်လမ်းမှဝင်။



လှိုက်လှဲဝမ်းသာစွာဖြင့် ကျေးဇူးတင်ရှိခြင်း

(၁၆.၉.၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ၏ ပထမဆုံးနှင့်အကြီးမားဆုံး ဆောက်လုပ်ရေးနှင့်အိမ်အသုံးအဆောင် ပစ္စည်းအရောင်းစင်တာ တစ်ခုဖြစ်သည့် **PRO 1 HOME CENTER** ၏ ဆဌမမြောက်ဆိုင်ခွဲ **MAWLAMYINE BRANCH** ဆိုင်ဖွင့်ပွဲအခမ်းအနားအားအောင် မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ကြွရောက် ချီးမြှင့်ပေးပါသော မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မွန်ပြည်နယ်ဆယ်ဗာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ မွန်ပြည်နယ် အစိုးရအဖွဲ့ မှ ဝန်ကြီးများ၊ ပြည်ထောင်စု ဝန်ကြီး(ငြိမ်း) ဦးဝင်းမြင့်၊ ဗိုလ်မှူးကြီး(ငြိမ်း) ဦးအောင်မော်မော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပမှ ဧည့်သည်တော်များ၊ **FARMER PHOYARZAR GROUP** ၏ ဦးဆောင် ဥက္ကဋ္ဌကြီး ဦးဇော်ဇော်တင်၊ **SCG** မှ တာဝန်ရှိ လူကြီးမင်းများ၊ ပြည်တွင်း/ပြည်ပမှ အချိန်ပေး လာရောက်ကြသော **Supplier** များ၊ PRO 1 အဆောက်အဦး ကြီးကို ခမ်းနားထည်ဝါစွာ တည်ဆောက်ပေးပါသော Mottama Holding Company မှအဖွဲ့သားများ၊ ဖွင့်ပွဲအား တက်ရောက်ပေးကြပါသော ဧည့်သည်တော်ကြီးများ အားလုံးနှင့်မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးပေးပါသော မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများ၊ Sky Net နှင့် MRTV-4 မှ ဝန်ထမ်းများ မီဒီယာ အသီးသီးမှ သတင်းထောက်များ၊ ဖွင့်ပွဲအခမ်းအနား ဖြစ်မြောက်ရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသော လူကြီးမင်းများအားလုံးကို အထူးပင် လှိုက်လှဲဝမ်းသာစွာကျေးဇူးတင်ရှိပါကြောင်း နှင့် အတူတကွ ကြီးပွားတိုးတက်ပါစေကြောင်း PRO 1 Home Center မိသားစုမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

PRO 1 HOME CENTER
BOD အဖွဲ့နှင့် ဝန်ထမ်းများ

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်

Open Tenderခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ထားဝယ်- မြိတ်လမ်းပေါ်ရှိသမုတ်-လွတ်လွတ်တံတား၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ တနင်္သာရီတံတား နှင့် ကော့သောင်း-ပုလုံးတုံးတုံးကျွန်းလမ်းပေါ်ရှိ ပုလုံးတုံးတုံးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ရေယာဉ်များအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသည်။

သံချောင်းလုံးရှယ်စုံ၊ ဘိလပ်မြေ၊ ခွဲကျောက်(ရှယ်စုံ)၊ တောသစ်၊ မြစ်သဲ၊ နုံး သဲ၊ ရိုက်သံ(ရှယ်စုံ)၊ Admixture, Binding Wire, Welding Rod (5kg), 4mm tk; M.S Plate(8'x4'),Steel Wire Rope, 2.3mm Thin Sheet(8'x4'), Bentonite, Ready Made Concrete, Carbide Tip, Angle Iron (3"x3"x 3/8") (6m L), Barge 1200 Ton, Z-Craft

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာ ပုံစံများကို ၂၀-၉-၂၀၁၇ရက် မှ ၁၅-၁၀-၂၀၁၇ရက်အထိ ရုံးချိန်အတွင်းတည်ဆောက်ရေးအဖွဲ့ (၄)ရုံး၊ ဘုရင့်နောင်တံတားအမှတ်(၂)၊ ရန်ကုန်မြို့ (ဖုန်း-၀၉-၄၂၂၄၈၆၀၈၇)နှင့် တံတားအထူးအဖွဲ့ (၁၃)ရုံး၊ မြိတ်မြို့ (ဖုန်း-၀၉-၄၂၂၁၉၉၄၉၅)တို့တွင် ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့် ရက်/အချိန် -၁၇-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီ
တင်ဒါဖွင့်မည့် ရက်/အချိန် -၁၇-၁၀-၂၀၁၇ရက် နံနက် ၁၁နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ -တံတားအထူးအဖွဲ့ (၁၃)ရုံး၊ မြိတ်မြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တည်ဆောက်ရေးအဖွဲ့(၄)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၆၈၁၂ WIN MANN STAR LIG P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော် ၃/ကကရ(နိုင်)၀၄၆၄၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၈၄၈၃၈ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြိုင် ၉/မနတ(နိုင်)၀၁၁၈၈၀ဂ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/1301 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် Q/359 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/1745 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၇၁၂၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/7026 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မှော်ဘီမြို့(၄)ရပ်ကွက်စက်လမ်းမြေ/အိမ်ကိစ္စ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မြို့မ(၄)ရပ်ကွက်ရှိ ကွင်းအမည်-ဘူတာရုံကွင်း၊ ဦးပိုင်အမှတ်(က/၅)(၁၂/က)၊ ဧရိယာ(သုည ဒသမ ၀၆)ဧက၊ (လ/န)မြေနှင့် ယင်းမြေပေါ်ရှိ မှော်ဘီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွက်သစ်(၁)လမ်း၊ အိမ်အမှတ်(၁၅၉)ဟုခေါ်တွင်သောနေအိမ်သည် အဘွားဖြစ်သူ ဒေါ်အစီမံအမည်ပေါက်လျှက်ရှိပြီး အမွေပုံပစ္စည်းတစ်ရပ်ဖြစ်နေသည့်အတွက် အမွေဆိုင်များ၏ သဘောတူညီမှုမရရှိဘဲ မည်သူကမျှ ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ပေးကမ်း/လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်းစသည့် တစ်ဦးဦးသို့ တနည်းနည်းနှင့် လွှဲပြောင်းခြင်းမပြုပါရန်နှင့် တရားရုံးတော်၏ အဆုံးအဖြတ်ရယူရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမွေဆိုင်ဦးစိုးဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်-

ဦးစိုးဝင်းနိုင်	**ဦးမြင့်ဆွေ(LL.B, DBL, DIL)**
၁၂/မဘန(နိုင်)၀၀၀၅၄၉	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၁)**
(လွှဲအပ်ညွှန်ကြားသူ)	**ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဘိုးတော်တောရွာနေ ဦးဆန်း၏သား ဦးဖြိုးကိုကိုထိုက် ၅/ရဘန(နိုင်)၂၀၄၂၃၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မာရုံဈေးလမ်း၊ အမှတ်(၁၃)၊ (တတိယထပ်)နေ ဦးမျိုးမင်း၏သား ဦးမျိုးမင်းခိုင် ၇/ပတန(နိုင်) ၁၁၂၂၄၀က ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၄၄၉)၊ မြေအကျယ်အဝန်း အလျားပေ ၄၀× အနံပေ ၆၀အနက်မှ အလျားပေ ၃၀× အနံပေ၆၀ကို လက်ရောက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အထက်ဖော်ပြပါရောင်းချမည့် နေရပ်လိပ်စာရှိ မြေအကျယ်အဝန်းအား လက်ရောက်ဝယ်ယူရန်အတွက် ရောင်းသူ၏လက်ဝယ်သို့ စရန်ငွေကိုပေးချေ၍ ရောင်းသူက လက်ခံထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေအရောင်းအဝယ်ပြုမှုကို ဥပဒေဘောင်အတွင်းမှ ကျွန်ုပ်မိတ်ဆွေ၏ ဂရန်အမည်ပေါက်ရသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးကိုကိုထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ကြီး(အထက်တန်းရှေ့နေ-၃၇၀၂၉)
B.A Eco, DA, RL, DBL, DML, DIL, DIPL, MA(Business Law P_1), DL_{101}, WIPO(Swizterland)
အမှတ်(၄၈၇)၊ ဒုံးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီးဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/9913 Toyota RAV-4 S/W ယာဉ်လက်ဝယ်ရှိသူ ဦးနေလှ ၁၂/ သဃက(နိုင်)၀၃၃၇၆၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/3112 Toyota Hilux Surf KZN 185 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန့် ၁/မညန(နိုင်)၀၁၉၈၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဦးကျော်ရွှေ	၁၄/မအပ(နိုင်)၁၄၅၇၈၃	၂၀၉/က၊ သီရိမင်္ဂလာပတ်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၃	၂၀၉/က	ဒေါ်စမ်းအိ
၂	ဒေါ်အေးမြင့်လှိုင်	၉/တပတ(နိုင်)၁၄၁၆၄၅	၈၄၉၊ ယင်းမာလမ်းသွယ်(၂)လမ်း၊ ၁၂-ရပ်ကွက်၊ ရွှေပြည်သာ	၃၂	၈၄၉	ဗိုလ်မှူးသန်းဝင်း
၃	ဦးလှိုင်ဘွား	၁၂/ဒဝတ(နိုင်)၀၂၈၇၆၇	၁၆၊ သီရိမင်္ဂလာပတ်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၅	၁၆	ဒေါ်ခင်ကြည်
၄	ဦးအေးသွင်	၈/မသန(နိုင်)၀၄၇၆၀၀	၄၄/က၊ စံပါယ်(၄)လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၄/၆	၄၄/က	ဒေါ်စန်းစန်းရီ
၅	ဦးသိန်းလှိုင်	၁၂/မမန(နိုင်)၁၁၀၈၀၂	၁၇၀/ခ၊ ဗိုလ်ချုပ်လမ်းနှင့်သန္တာလမ်းထောင့်၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၆	၁၇၀/ခ	ဦးဝင်းသိန်း
၆	ဦးမျိုးဝင်းနိုင်	၉/တသန(နိုင်)၁၀၇၂၄၁	၁၅၂၄/ခ၊ တုံကော်(၆)လမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ	၄၈	၁၅၂၄/ခ	ဦးသောင်းကြည်
၇	ဒေါ်ခွန်နှင်းမြ	၁၂/အစန(နိုင်)၁၈၉၇၀၈	၂၈၄၊ နေကြာလမ်း၊ ၄-ရပ်ကွက်၊ ရွှေပြည်သာ	င/၁၃	၂၈၄	ဦးဝင်းမောင်
၈	ဒေါ်ထွေးထွေးအောင်	၁၂/အစန(နိုင်)၀၀၁၆၉၇	၂/ခ၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်	၇/B နံ့သာကုန်း	၁/ဆ-၃ A /၁	ဒေါ်ခင်စိန်
၉	ဦးမြင့်ဆွေ+၁	၁၂/အစန(နိုင်)၀၁၆၈၃၅	၅၁၄+၅၁၅၊ ဗဟိုလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်	၅/C ညောင်တုန်း	၁၈	မတင့်
၁၀	ဦးဟန်ဆွန်မန်	၁၂/ဒဂန(နိုင်)၀၀၆၆၀၇	၅၂/ခ၊ သစ္စာရိပ်သာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း	၃၆/ကံဘဲ့	၃၁	မမယ်ပန်း
၁၁	ဒေါ်သက်သက်ငွေး	၁၂/တမန(နိုင်)၀၆၂၀၃၉	၅၈၈၊ အာသဟ(၂၀)လမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပ	၁၀	၅၈၈	ဦးအောင်သန်းငွေး+မညွန့်အေး
၁၂	ဒေါ်စန်းစန်းလွင်	၁၂/ဥကတ(နိုင်)၀၁၁၈၀၁	၉၀၃/ခ၊ မာယ(၁၂)လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပ	၁၂	၉၀၃/ခ	ဒေါ်တင်စိန်
၁၃	ဦးစံထွန်းအောင်ကျော်	၁၂/ဗဟန(နိုင်)၀၅၁၄၂၆	၄၅၊ ဆေးရုံလမ်း၊ ၁၆-ရပ်ကွက်၊ ရန်ကင်း	၅/ကံဘဲ့	၈၇/ဇ-၁	ဦးမောင်မောင်
၁၄	ဒေါ်စန်းစန်းလှ	၁၄/မမန(နိုင်)၀၀၀၂၀၀	၂၇၈/ခ၊ ဗိုလ်မှူးဗထူးလမ်း၊ ၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၅	၂၇၈	ဦးမြဝင်
၁၅	ဦးတင်လှိုင်	၁၂/မရက(နိုင်)၀၂၀၄၁၄	၁၃၊ ကန်လေးစုလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၁၅/သမိုင်း	၁/က	ဒေါ်ကြင်စိန်
၁၆	ဒေါ်အမာမြင့်	၁၂/လမန(နိုင်)၁၁၃၂၁၃	၂၆၊ အောင်ရတနာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၁၅/သမိုင်း	၁/က	ဒေါ်ကြင်စိန်
၁၇	ဦးကျော်သိန်း	၁၂/ပဇတ(နိုင်)၀၀၄၅၄၉	၅၅၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်	၁၀ ရေ	I ၂၂	Hajee E.M Abdul Rahman
၁၈	ဦးထွန်းငွေ	၁၂/ဒဂန(နိုင်)၀၁၉၉၈၁	မ/၄၆၊ တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်	၉/A တောင်သူကုန်း	၂၅	ဒေါ်နော်ရှူး
၁၉	ဦးစောထွန်းမောင်	၁၂/အစန(နိုင်)၁၀၇၆၉၈	၁၇၃၊ ဦးအောင်မင်းလမ်း(ကွင်းပိုင်)လမ်းနှင့်အောက်ဗဟိုလမ်းထောင့်၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၁၂/သမိုင်း	၂	ညိုမောင်ဘုရားသားကုမ္ပဏီ
၂၀	ဦးကြင်ထွေး	၁၂/အစန(နိုင်)၀၁၁၇၃၃	၂၃၂ ဗိသာခါလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်	၂-င(ပေါက်တော)	၉၆/က	ဒေါ်တင်တင်အေး

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ (၁)ကွက်၊ အိမ်အမှတ်၁၇၇နေ ဒေါ်သီတာလှိုင် ၉/မရမ(နိုင်)၀၆၃၄၁၄၏သား မောင်စိုးမိုးဝင်း ၉/ခအဇ(နိုင်) ၀၁၃၁၂၉သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **မေးမြန်းခြင်းသည်းခံပါ။**

မိခင်-ဒေါ်သီတာလှိုင် ၉/မရမ(နိုင်)၀၆၃၄၁၄
အိမ်အမှတ် ၁၇၇၊ ရပ်ကွက်ကြီး၅၊ ပြင်ဦးလွင်မြို့

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ဘုရားလမ်း၊ စုကြီးရပ်ကွက်၊ အိမ်အမှတ်-စက(၁၂၉)နေ ဒေါ်တင်တင်ငွေး (ဘ)ဦးဝင်းငွေး ၉/ကဆန(နိုင်)၀၇၇၂၁၃သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို ကျောက်ဆည်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၂၀၁၇ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

PT
Since 1982
ဖြူသီ
ဇယန်းလက်ဖက်၊ လက်ဖက်နှပ်အမျိုးမျိုး၊ ချင်းနှပ် နှင့်
ရှယ်နှစ်ပြန်ကြော်၊ ပဲကြော်စုံအမျိုးမျိုးလုပ်ငန်း

မှတ်ပုံတင်အမှတ်-၆၉/၂၀၁၇

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ ဇယန်းလက်ဖက်၊ လက်ဖက်နှပ်အမျိုးမျိုး၊ ချင်းနှပ်အမျိုးမျိုး၊ ရှယ်နှစ်ပြန်ကြော်နှင့် ပဲကြော်မျိုးစုံတို့အား ထုပ်ပိုးသည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူဘူးခွံ၊ စက္ကူပုံး၊ ဂျပ်ဘူး၊ ထုပ်ပိုးပစ္စည်းနှင့်ထည့်သွင်းပစ္စည်းများပေါ်တွင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်ကာ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ပြုလုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဖြူသီ ဇယန်းလက်ဖက်၊ လက်ဖက်နှပ်မျိုးစုံ၊ ချင်းနှပ်အမျိုးမျိုး၊ ရှယ်နှစ်ပြန်ကြော်နှင့် ပဲကြော်မျိုးစုံလုပ်ငန်း၏ ကုန်အမှတ်တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ ပုံတူမှားဖြစ်စေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ပါရန်နှင့် တုပပြုလုပ်သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို တွေ့ရှိရပါက နစ်နာမှုများအတွက် တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောမင်းလှိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၀၉)
ကြက်မင်းတွန်ရပ်ကွက်၊ ကျောက်ဆည်မြို့
ဖုန်း-၀၉-၂၅၆၁၇၃၇၇၃၊ ၀၉-၇၇၇၇၉၇၉၃၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၀၉၁၁ ဟွန်ဒါ ဝေ့ဖ် 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြရင် ၃/ကဆက(နိုင်) ၀၁၆၂၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် မ-၂(၂၁၇/၂၁၈)အကျယ်အဝန်း ပေ၆၀×ပေ၄၀ (၂)ကွက်ရှိမြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဒေါ်မြင့်မြင့်ခိုင် ၉/မမန(နိုင်)၀၃၇၁၃၀မှ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ခိုင် ၉/မမန(နိုင်)၀၃၇၁၃၀
ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်၊ အကွက်အမှတ် ၁၆၇၊ ဦးပိုင်အမှတ် ၂၄၆၊ မြေဧရိယာ ၀ဒသမ၂၂၅ဧကကို ဦးသန်းလွင်သည် လွန်ခဲ့သော ၁၅နှစ်မှ စတင်၍ အဆောက်အအုံဆောက်လုပ်နေထိုင်အသုံးပြုလျက်ရှိခဲ့ရာ အဆိုပါမြေကွက်ကို ဦးသန်းလွင် ၁/ဗမန(နိုင်)၀၀၄၆၀၇အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်သစ်လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးသန်းလွင်**
ကုန်းခါးကွက်သစ်ရပ်၊
နောင်ခိုရပ်ကွက်၊ ဗန်းမော်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

သံတွဲမြို့နယ်၊ ငပလီမြို့၊ လင်းသာရပ်ကွက်၊ ကွင်းအမှတ်(၂၀၅)၊ လင်းသာမြောက်ကွင်းမှ မြေဧရိယာ ၀ဒသမ၀၃ ဧကပေါ်ရှိ အဆောက်အအုံနှင့်ခြံမြေအား သံတွဲမြို့နယ်၊ငပလီမြို့၊ လင်းသာရပ်ကွက်၊ ဘုရားကြီးလမ်းနေ ဦးကိုကိုလတ် ၁၁/သတန(နိုင်)၀၁၅၁၉၉မှ ၁၂-၂-၂၀၁၆ ရက်တွင် ငပလီမြို့၊ လင်းသာရပ်ကွက်နေ ဒေါ်မညို ၁၁/သတန(နိုင်)၀၁၅၁၉၈ထံမှ ဝယ်ယူပြီး မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်း အထောက်အထားများဖြင့် သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
သံတွဲမြို့

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၅၀/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ၀ဒသမ၀၂၂ဧကနှင့် ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၀ဒသမ၀၇၉ဧက၊ စုစုပေါင်းဧရိယာ(၀ဒသမ၁၀၁)ဧကရှိမြေသည် ခရိုင်ရုံးမြေခွန်တော် အမှုတွဲအမှတ်(V) ၁၆၃/၁၉၇၆-၇၇အရ ဥက္ကဋ္ဌ၊ မြန်မာတိုင်းရင်းသား တရုတ်ဘုရားကျောင်းအမည်ဖြင့် နှစ် ၃၀မြေငှားဂရန် ရရှိထားပြီး ဂရန်သက်တမ်းမှာ ကုန်ဆုံးနေပြီး မူလဂရန်မူရင်းမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ လျှောက်မြေအား ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသား တရုတ်အမျိုးသားများအသင်းအမည်ဖြင့် ဂရန်သက်တမ်းတိုးဆောင်ရွက်ရန် ဥက္ကဋ္ဌဖြစ်သူ ဦးအောင်သိန်းမှ လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၅၆/ပန်းဘဲတန်း၊ ဦးပိုင်အမှတ် ၂၇/င၊ ဧရိယာ ၀ဒသမ၀၅၀ဧကရှိမြေသည် ခရိုင်ရုံးမြေခွန်တော်အမှုတွဲအမှတ် (V) ၅၃၂/၁၉၈၀-၈၁အရ CM ဟဲရစ် အမည်ဖြင့် နှစ် ၃၀ အငှားဂရန်ရရှိထားသောမြေဖြစ်ပြီး ဦးပိုင်အမည် ပေါက်ပိုင်ဆိုင်သူ CM ဟဲရစ်မှ လျှောက်မြေနှင့်နေအိမ်အား ဒေါ်တင်ဟုန်သို့ တရားဝင်ရောင်းချခဲ့ပြီး၊ ဒေါ်တင်ဟုန်မှတစ်ဆင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးမာမက်ကာဆင်မှ ၎င်းအမည်ဖြင့် နှစ်ရှည်မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/7583,Hyundai Stares, Mini Bus (4 ×2)L ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၇/ကတခ(နိုင်)၀၉၀၅၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/2400,Toyota Crown GS 171, S/L(4 ×2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ငွေ ၁၂/ဥတက(နိုင်)၁၃၀၁၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၉၇/ပဲမှီကုန်း၊မြေကွက်အမှတ်-၆၈၏ တစိတ်တဒေသ၊ဧရိယာ(၂.၉၁၅)ဧက၏တစိတ်တဒေသ(၀.၃၈)ဧက၊မြေကွက်တည်နေရာအမှတ်-၉၊နတ်စင်လမ်း၊စော်ဘွားကြီးကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊အစိုးရအမည်ပေါက်၊L မြေ DO-417(49.50)(19-12-52)(9-12-55)ကွင်းနှုန်းဖြင့်လိုင်စင်ပေး N.H.B ရုံးမြေအခွန်နှင့်မြေတိုင်းဌာန၏(၃၁-၅-၆၅)နေ့စွဲပါစာအမှတ်-၆၄/၃တ(၁၇.၆၃)အရအစိုးရမြေသတ်မှတ်သည်အားမြေ၏အကျိုးခံစားခွင့်များကိုအပြီးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချသည့်နှစ်ဦးနှစ်ဖက်သဘောတူဝန်ခံပဋိညာဉ်အရပ်ကတိစာချုပ်နှင့်လျှောက်ထားမြေကွက်အတွက်ဝင်/ထွက်လမ်းမရှိခြင်းတို့နှင့်ပတ်သက်၍ဝင်/ထွက်လမ်းအားဇနီးဖြစ်သူဒေါ်ခင်နှင်းမာအမည်ပေါက်မြေကွက်အမှတ်(၆၈/H)အတွင်းမှဝင်/ထွက်သွားလာမည်ဖြစ်ပါကြောင်း၊ပူးပေါင်းအသုံးပြုထားသောရေနံ့ပိုက်လိုင်းဟောင်းမြေဧရိယာ(၀.၁၈၄)ဧကနှင့်မြေကွက်အမှတ်(၆၉)အတွင်းမှဧရိယာ(၀.၁၆၃)ဧကတို့နှင့်ပတ်သက်၍အငြင်းပွားမှုပေါ်ပေါက်ပါကဥပဒေကြောင်းအရဖြေရှင်းဆောင်ရွက်ရမည်ကိုသိရှိပါကြောင်းနှင့်မြေကွက်အမှတ်(၆၈)အတွင်းပါဝင်သောဧရိယာ(၀.၃၈)ဧကကိုသာလက်ခံရယူမည်ဖြစ်ပါကြောင်းဦးစံဝင်း(၁၃/မနန(နိုင်)၀၀၉၄၁၈)မှဝန်ခံကတိတင်ပြ၍အထူးဝန်ဆောင်ခနှုန်းထားဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာခြင်းအားဌာနမှမြေချပါမစ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/4247 Honda Fit GE6, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူစင်သန့်လွင် ၁၂/ဒဂတ(နိုင်)၀၅၈၆၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ မြေကွက်အမှတ်(ပစ(C)၄၅၂၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၏ အမည်ပေါက် တပ်ကြပ်ညွှန့်အေး (လေ-၁၉၁၈၄)ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဦး ၁၂/ဥကမ(နိုင်)၀၀၅၁၇၁ (ဘ)ဦးကြည်မောင်မှ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်၊ အမွေခံဇနီးဖြစ်ကြောင်း ထောက်ခံချက်မူရင်းများတင်ပြ၍ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် မ-၂(၂၁၉)၊ အကျယ်အဝန်း ပေ(၆၀×၄၀) ရှိ မြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်စန္ဒာအေး ၉/မမန(နိုင်)၀၈၂၇၂၉ မှ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး ၉/မမန(နိုင်)၀၈၂၇၂၉
လမ်း(၂၀)၊ အမှတ်(၁၇)၊
ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၀၂၊ ဦးပိုင်အမှတ် ၂၈.ခ၊ ဘုရားကြီးအရှေ့မုခ်လမ်းတောင်ဘက် ၇၈လမ်းနှင့် ရန်/မန်းလမ်းကြားရှိ ဦးမျိုးဝေ၊ ဒေါ်စိုးစိုးအမည်ပေါက် ဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်စိုးစိုးကွယ်လွန်သဖြင့် ကျန်ရစ်သောခင်ပွန်း ဦးမျိုးဝေ(ခ)ဦးမျိုးလှဝေ ၉/မနမ(နိုင်)၀၉၁၆၄၅မှ ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၇၉၊ ဦးပိုင်အမှတ် ၄၉.ခ(ခဲစင်း)၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ ၇၅လမ်းနှင့် ၇၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်၊ ဒေါ်ရင်တို့နှစ်ဦးအနက် အစ်မဖြစ်သူ ဒေါ်တင်(အပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၃၁၈၆/၂၀၀၉ ဖြင့် ညီမဖြစ်သူ ဒေါ်ရင်မှ အမွေဆက်ခံပြီး ဒေါ်ရင်သည် ဦးကျော်စိန်နှင့် အိမ်ထောင်ကျပြီး သားဦးမြင့်လွင်ကိုမွေးဖွားခဲ့ပါသည်။ ဖခင်/ပထမခင်ပွန်းဦးကျော်စိန်ကွယ်လွန်ပြီး ဒေါ်ရင်သည် ဦးအစ္စမန်နှင့် ဒုတိယအကြိမ်အိမ်ထောင်ကျပြီး ဦးတင့်လွင် ပါ(၃)ဦးကိုမွေးဖွားခဲ့ပါသည်။ ဖခင်/ဒုတိယခင်ပွန်း ဦးအစ္စမန်၊ မိခင်ဖြစ်သူ ဒေါ်ရင်တို့အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သားသမီးများဖြစ်သည့် ဦးမြင့်လွင် ၉/မရတ(နိုင်)၁၀၁၃၃၁၊ ဦးတင့်လွင် ၉/မဟမ(နိုင်)၀၁၀၃၄၆၊ ဦးမင်းလွင် ၉/မဟမ(နိုင်)၀၁၆၅၀၄၊ ဦးအေးလွင် ၉/မဟမ(နိုင်)၀၁၆၄၆၅ တို့က ဂရန်စာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ် ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သာသနာ့အလင်းရောင်ကျောင်းတိုက်ကြီး၏
ပဓာနမဟာနာယကဆရာတော်
ဘဒ္ဒန္တ နန္ဒောဘာသ (ရပ်ကွက် သံဃနာယကဥက္ကဋ္ဌဟောင်း)
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဆကကြီးတိုက်နယ်၊ အင်းတာလေးကျေးရွာနေ ခမည်းတော် ဦးဘစိန်-မယ်တော်ဒေါ်သဲနုတို့၏သား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ င/က ရပ်ကွက်၊ လုပ်သားလမ်း၊ သာသနာ့အလင်းရောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ရက်) ၁၇-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၉း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်)၂၁-၉-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန သဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(သာသနာ့အလင်းရောင်ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/6658 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5128 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကမ-၂)၊မြေကွက်အမှတ်(၄၇၈/ခ)မြေကွက်တည်နေရာအမှတ်(၄၇၈/ခ)၊အနော်ရထာလမ်း၊(၁၀)ရပ်ကွက်၊လှိုင်သာယာမြို့နယ်ဦးစောမောင်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးစောမောင်(၁၂/လမန(နိုင်)၀၉၁၃၈၆)မှမြေချပါမစ်ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာနှင့်ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိုအောင်မြင့်မြတ် (၁၂/သကတ(နိုင်)၁၆၅၂၄၈)နှင့် သက်ဆိုင်သူများသိစေရန်

ကိုအောင်မြင့်မြတ်နှင့်မအိနွယ်ခိုင် ၁၂/လမန(နိုင်) ၁၄၃၄၇၉ တို့သည် လွန်ခဲ့သော (၁၂.၂.၂၀၁၃)ရက်နေ့က မြန်မာ့ဓလေ့ထုံးတမ်း နှင့်အညီ လက်ထပ်ထိမ်းမြား ပေါင်းသင်းခဲ့ကြသော တရားဝင်အကြင်လင်မယားဖြစ်ပါသည်။ ကိုအောင်မြင့်မြတ်သည် လွန်ခဲ့သော (၂၅.၈.၂၀၁၇)ရက်နေ့က အလုပ်ဆင်းရန် နေအိမ်မှ ထွက်ခွာသွားခဲ့ရာ ယနေ့ထက်တိုင် ပြန်မလာခဲ့ပါ။ ကိုအောင်မြင့်မြတ်သည် တရားဝင်ဇနီးမယား ရှိလျက် တခြားမိန်းမတစ်ဦးနှင့် တရားမဝင်ပေါင်းသင်း နေထိုင်လျက်ရှိသည်ဟု စုံစမ်းသိရှိရသည်။ သို့ဖြစ်၍ ကိုအောင်မြင့်မြတ်က ဤကြေညာသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်(သို့မဟုတ်) မအိနွယ်ခိုင်ထံသို့ လာရောက်ဖြေရှင်းပါရန်၊ ပျက်ကွက်ပါက တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မအိနွယ်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောဟန်၊ တရားလွှတ်တော်ရှေ့နေ (၅၁၀၀)
အမှတ်-၃၇၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၁၀၉၇၊ မြေကွက်တည် နေရာအမှတ်-၁၀၉၇၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒုတိယဗိုလ်မှူးကြီးချစ်ဦး (၁၂/ဒဂန(နိုင်)၀၁၀၃၅၆) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒုတိယဗိုလ်မှူးကြီး ချစ်ဦးထံမှ (၇.၁.၂၀၀၈)ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်သီသီချို (၁၂/ဒဂမ(နိုင်) ၀၁၄၁၅၆) မှလည်းကောင်း၊ ဒေါ်သီသီချိုထံမှ (၇.၁၀.၂၀၁၈)ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၂၀×၆၀)ပေအား ဒေါ်နွယ်နွယ်အေး (၁၂/သဃက(နိုင်)၀၆၀၂၈၆)မှလည်းကောင်း၊ ဒေါ်နွယ်နွယ်အေးထံမှ (၄.၁၀.၂၀၁၃)ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဒေါ်ဆွေမာမြင့် (၁၂/ဗတထ(နိုင်) ၀၂၀၇၁၇) မှလည်းကောင်း၊ ဒေါ်ဆွေမာမြင့် ထံမှ (၅.၁၂.၂၀၁၄) ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဦးရဲနိုင်ဦး (၁၂/အလန(နိုင်)၀၁၇၂၄၁)မှ ဝယ်ယူခဲ့ပြီး တစ်ဖန် ဒေါ်သီသီချိုထံမှ (၂၅.၂၀၀၈) ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိ စာချုပ်ဖြင့် ကျန်(၂၀×၆၀)ပေအား ဒေါ်သန်းရီ (BG-043886)မှ လည်းကောင်း၊ ဒေါ်သန်းရီထံမှ (၇.၂.၂၀၁၂)ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဦးသိန်းဆန်း (၉/နထက(နိုင်)၀၃၇၀၄၅)မှ ဝယ်ယူခဲ့ပြီး ဦးသိန်းဆန်း နှင့် ဦးရဲနိုင်ဦး တို့မှ ပူးတွဲ၍ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား၊ ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုတ်ညှပ်တစ်လုံးနှင့် ပျဉ်ထောင်သွပ်မိုးအဆောက်အဦ(၂)လုံးရှိပြီး ယာဘက်တွင် လျှောက်ထားသူ ဦးရဲနိုင်ဦး ၏အိမ်ထောင် ဦးချမ်းမြေ့အောင် မိသားစုနေထိုင်ပြီး ဝဲဘက်တွင် လျှောက်ထားသူ ဦးသိန်းဆန်း မိသားစု နေထိုင်ပါသည်။ မြေစာရင်းမှတ်ချက်ရှိ (၂၀၁၃)ခုနှစ် ဦးကျော်စိုး ၊ ဒေါ်ခင်စန္ဒာတို့ ကန့်ကွက်ထား ခြင်းနှင့်ပတ်သက်၍ မသိရှိကြောင်း နှင့် ပြဿနာဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝင်စာ (၅၉၅၃) (၁၄.၆.၂၀၁၇)ဖြင့် ဝန်ခံကတိပြုစာ ကျမ်းကျိန်လွှာနှင့် ဒုတိယဗိုလ်မှူးကြီးချစ်ဦး အမည်ပါ ပါမစ်မူရင်းတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြရင် (မုံရွာ) သဲအင်းယောဂီ
အသက်(၉၈)နှစ်

ဦးကျော်စန်ဝင်း (ညွှန်/ချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်မြသိန်း (လ/ထ၊ ထွေဂျာ၊ ငြိမ်း၊ မြန်မာ့အထည်လုပ်ငန်း၊ စက်မှု-၁)တို့၏မိခင်ကြီးသည် ၁၆-၉-၂၀၁၇ရက် ည ၇း၁၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ၊ ရန်ကုန်မြို့
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်သန်း
အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သင်းသင်းနွဲ့၏ဖခင် ဦးအောင်သန်းသည် ၁၇-၉-၂၀၁၇ရက် နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
တရားသူကြီးချုပ်နှင့် တရားသူကြီးများ
တရားရေးမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်သန်း
အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သင်းသင်းနွဲ့၏ဖခင် ဦးအောင်သန်းသည် ၁၇-၉-၂၀၁၇ရက် နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဇေယျာ(၆၄)နှင့်
အပတ်စဉ်(၁)တရားရေးအရာရှိ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးသန့်
အသက်(၆၇)နှစ်

မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး(အစားအသောက်) ဒေါက်တာဖြူဖြူခင်၏ဖခင် ဦးမျိုးသန့်သည် ၁၆-၉-၂၀၁၇ရက် နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ဝင်း
(ပန်းကုံ့ကော်စတိုး)
အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးဆား-ဒေါ်ဖန်ခါး)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် ၁၅၈နေ (ဦးတက်ယဉ်-ဒေါ်တင်တင်မြင့်)တို့၏ညီမ၊ ဒေါ်ခင်စုဝေ၏အစ်မ၊ ဒေါက်တာမျိုးသန့်၊ ဦးမျိုးလင်းတို့၏အဒေါ်သည် ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်မေကြည် (ထားဝယ်မြို့)
(ခိုင်ခိုင် မုန့်တိုက်)
အသက်(၆၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်၊ ဗလီအနောက်လမ်း၊ အမှတ် ၁၇၃နေ ဦးဇဝန(ခ)ဦးတုခိုင်-(ဒေါ်သောင်းမြကြည်)တို့၏သမီး၊ ဦးလှဝင်း၏ဇနီး၊မနီနီနွယ်၊ကိုမျိုးဇော်သိန်း-မညိုညိုစန်း(ခိုင်ခိုင်မုန့်တိုက်)၊ ကိုမျိုးမင်းဦး-မချိုနွယ်မြင့်(ကံကောင်းကုန်စည်ပို့ဆောင်ရေး၊ရန်ကုန်)၊ (ကိုထွန်းထွန်းလတ်)တို့၏မိခင်၊မောင်သိန်းထိုက်ဇော်၊ မနှင်းဣန္ဒြေရှင်၊ မချူးလရိပ်ဟန်၊ မောင်ဟန်ဦးစံတို့၏အဘွား၊ဦးသိန်းဇော်-(ဒေါ်မွေးမွေး)၊ဦးခင်ထွေး-(ဒေါ်ခင်မေကြည်)၊ ဦးသိန်းမြင့်-ဒေါ်မေသဇင်ကြည်၊ ဦးခင်မောင်ကျော်-ဒေါ်ခင်ထွေးကြည်တို့၏ အစ်မသည် ၁၇-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထားဝယ်(ဇဟာ) သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမျိုးဦး (ဗဟိုစည်)
(ထ-၂၊ လမ်းမတော်)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၂၄၊ သုံးလွှာနေ(ဦးမြသန်း)-ဒေါ်အေးသန်းတို့၏သား၊ (ဒေါက်တာဦးခင်မောင်အုန်း)-ဒေါ်ရှုရှုကြည်တို့၏သားသမက်၊ ဒေါက်တာအေးသီတာအုန်း (ဗဟိုအမျိုးသမီးဆေးရုံ)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ငြိမ်းစည်သူ(3rd MB ဆေး-၁)၊ မောင်ကောင်းထက်သူ(အဋ္ဌမတန်း-B၊ ဒဂုံ-၁)တို့၏ချစ်လှစွာသောဖခင်၊ ဦးဇော်မင်းသန်း-ဒေါ်အေးအေးမော်၊ ဦးသန်းထိုက်-ဒေါ်ခင်စန္ဒာဝင်း၊ ဒေါက်တာဦးစိုးမြတ်မောင်-ဒေါ်ခိုင်စန္ဒာအုန်း၊ ဦးမျိုးမင်းကျော်အုန်းတို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၁၇-၉-၂၀၁၇ရက် ညနေ ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်စောမြိုင်
အသက်(၉၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၃၆၊ တန်းမြင့်ကျောင်းလမ်း၊ နံ့သာကုန်းရပ်ကွက်နေ (ဦးမောင်လှ-ဒေါ်ကြီးမေ)တို့၏သမီး၊ (ဒေါ်အေးကြိုင်-ဦးဘသန်း)တို့၏ညီမ၊ ဒေါ်စောဆ၊ (ဒေါ်စောလှ-ဦးခရီမာဖဲ)၊ (ဦးစောမြသန်း)-ဒေါ်မာဂရက်၊ (ဦးအောင်ထွန်းကြည်)တို့၏အစ်မ၊ Rev.ဦးစောလမွန်ဦး၏ဇနီး၊ ဒေါ်နော်ပိ(စ်)(အထက၊ချောင်းမကြီး)-ဦးစောထွန်းထွန်းအောင်တို့၏မိခင်၊ စောကျော်ထွန်းအောင်၊ စောကျော်ထက်အောင်-မသက်ထက်သာကျော်၊ နော်ယွန်းနန္ဒာအောင်တို့၏အဘွားသည် ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် နံနက် ၉နာရီတွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဗိုလ်မှူးအုံးသွင် (ငြိမ်း)
B.S.E.E, Mem: I.E.E.E (USA)
ကြည်း ၈၉၃၃, B.E.M.E
ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၁)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၂၅၈နေ (ဦးဘိုးသစ်-ဒေါ်တင်မြ)တို့၏သား၊ (ဦးခင်မောင်လတ်-ဒေါ်မမကြီး)တို့၏သားသမက်၊ (ဒေါ်အေးအေးသွင်)၏ချစ်ခင်ပွန်း၊ ဗိုလ်မှူးချုပ်တင်မောင်သွင်(ကကထုတ်)-ဒေါ်စန္ဒာ(ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)၊ ဦးကျော်စိုးသွင်-ဒေါ်စိုးစိုးသွင်၊ ဗိုလ်မှူးမင်းသူသွင်(ရေ-ငြိမ်း)-ဒေါ်စိုးစိုးသန်း၊ ဒေါ်မေမြတ်သွင်၊ ဦးသူရသွင်-ဒေါ်မီမီကို၊ ဦးသီဟသွင်-ဒေါ်ခင်ထားအိတို့၏ ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့) ည ၈း၅၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းသန်းကြည်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ် ၂၂၅နေ (ဦးဘကြည်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးသောင်းရွှေ-ဒေါ်မမတင်)တို့၏ချွေးမ၊ (ဗိုလ်မှူးကြီးဝင်းဇော်ညွှန့်)၏ဇနီး၊ ဒေါ်လှလှကြည်၏ညီမ၊ ဒေါ်စန်းစန်းကြည်၏အစ်မ၊ ဦးဇော်ဦးသန်း-ဒေါ်ခင်မိုမို၊ ရဲမှူးချုပ်ဇော်မိုးသန်း (ရဲလေ့ကျင့်ရေးအရာရှိချုပ်)-ဒေါ်သက်သက်နိုင်၊ ဦးစိုးမြင့်သိန်း-ဒေါ်ဆွေဆွေဝင်းသန်း(စက်မှုဝန်ကြီးဌာန)၊ ဒေါ်ခိုင်ခိုင်ဝင်းသန်းတို့၏မွေးသမိခင်၊ မောင်ခိုင်မြဲကျော်၊ မမိုးသက်ဝါ၊ မောင်ရှင်းသန့်ဇော်၊ မောင်ဝေယံမိုးနိုင်၊ မောင်စည်သူဝင်းသန်း၊ မနေခြည်မိုးသက်၊ မောင်ခိုင်ခန့်ရဲဝင့်တို့၏အဘွားသည် ၁၈-၉-၂၀၁၇ရက်(တနင်္လာနေ့) ည ၀၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပခုက္ကူခရိုင်အသင်း(ရန်ကုန်)
ဒေါ်ခင်မြင့် (ပခုက္ကူ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ အမှတ် ၈၊ မြို့ပတ်လမ်းနေ [ဦးမောင်ကို (ဌာနခွဲမှူး၊ ရေကြောင်းပို့ဆောင်ရေးဌာန)]၏ ချစ်လှစွာသောဇနီး၊ ဦးသန့်ဇင်-ဒေါ်သီဂီဟန်၊ ဦးမင်းသိန်းထွန်း(ခေတ္တ-ဂျပန်)၊ ဒေါ်အေးအေးမော်၊ဦးမိုးကျော်သူ(စက်ခန်းအုပ်၊ IWT)-ဒေါ်ခင်မာဆွေ၊ ဦးကျော်စွာမြင့်-ဒေါ်နီနီဝင်း၊ ဒေါ်သီတာခိုင်(Spike Co.,Ltd.) တို့၏မိခင်သည် ၁၂-၉-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးအေးခိုင် (ရွှေပေါက်ကံ)
အသက်(၆၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ တမ္ပဝတီလမ်း၊ အမှတ် ၁၀၀နေ(ဦးညွှန့်မောင်-ဒေါ်ကျင်)၊ (ဦးမောင်မောင်-ဒေါ်တင်တင်)တို့၏သား၊ ဒေါ်ခင်တာ၏ခင်ပွန်း၊ဦးဝင်းမြင့်-ဒေါ်မေဇွန်၊ ဦးသင်းအုန်း - ဒေါ်ခင်တည်တို့၏ ညီ/မောင်၊ (ဦးချစ်ညွှန့်)-ဒေါ်သီတာ၊ ဦးလေးညွှန့်၊ ဦးတင်မောင်အေး - ဒေါ်ခင်သက်မော်၊ ဒေါ်တင်တင်ခက်၊ဒေါ်ဖြူဖြူထွေး၊ ဒေါ်တင်မာအေး၊ဦးအောင်ကိုသန်း-ဒေါ်တင်မာထွေးတို့၏အစ်ကို၊ ကိုဝင်းထက်-မဌေးဌေးမော်၊ ကိုပြည်သိမ်းစံ၊ ကိုပြည်သာစံ၊ ကိုထက်ခေါင်တို့၏ဖခင်၊ မောင်ဇွဲမင်းထက်၏အဘိုးသည်၁၇-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၇ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးပီတာ(ခ)ဦးထွန်းရီ(မြိတ်)
အသက်(၇၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းတို၊ အမှတ် ၅၊ မြေညီထပ်နှင့်မြိတ်မြို့၊ဈေးတန်းရပ်၊ ပုလဲလမ်း၊ ရဲစခန်းရှေ့လမ်းနေ (ဦးရှာလင်-ဒေါ်နယ်လီ)တို့၏သား၊ အရာခံဗိုလ် ဒေါ်ဝင်းတင်(ငြိမ်း)-(စခန်းမှူး ဦးထွန်းအေး)တို့၏မောင်၊ ဒေါ်အေးအေးမွန်-ဥးသိန်းနိုင် (မြိတ် လေယာဉ်ဆိပ်ဌာန)၊ ဦးဝင်းလှိုင်-ဒေါ်ဟေမာဝင်း၊ ဦးညီညီထွန်း-ဒေါ်သူဇာတို့၏ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုး၊ ကိုမျိုးဝင်းထွဋ်-မခင်မှုံနှစ်၊ မချိုချိုဝင်း-ကိုလှကိုတို့၏ ဦးလေးသည် ၁၈-၉-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကျော်စိန်(ခ)
လျောင်ကစ်ကြည်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၂၂၊ ခြောက်လွှာနေ [ဦးချိန်ယျောင်း - ဒေါ်ဝမ်မင်အင်း(ခ) ဒေါ်ဆွေ]တို့၏သား၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ ဦးစည်သူအောင်-ဒေါ်မာလာညွှန့်၊ ဦးဇေယျာလင်း-ဒေါ်နှင်းယုယုလှိုင်၊ ကိုရဲလင်းကျော်-မစောနန္ဒာမြင့်၊ ကိုအောင်စိုးမိုး-မရီမွန်ကျော်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၁၈-၉-၂၀၁၇ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအောင်သန်း
ကုန်သွယ်ရေး(ငြိမ်း)၊မော်လမြိုင်မြို့
အသက်(၉၅)နှစ်

မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ကျိုက်မရောလမ်း၊အမှတ် ၄၁-ဘီ၊ ကြက်မောက်ဂေဟာနေ ဦးခင်မောင်လေး-ဒေါ်သန်းသန်းဦး(တွဲဖက်ပါမောက္ခ၊ငြိမ်း)၊ ဦးသန့်ဇင် - ဒေါ်မြင့်မြင့်ဦး(အထပြ၊ ငြိမ်း)၊ ဒေါ်သီတာနု(တွဲဖက်ပါမောက္ခ၊ ငြိမ်း)၊ ဦးသန်းဌေးညွှန့်-ဒေါ်စန်းစန်းရီ၊ (ဦးနေဦး)-ဒေါ်ရီရီသန်း၊ ဒေါ်သင်းသင်းနွဲ့ (ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီး)၊ ဦးအေးသန်း-ဒေါ်မိုးသီတာတို့၏ဖခင်သည်၁၇-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဂရေးဟဲမ်ချမ်းသာ
အသက်(၈၆)နှစ်

တောင်ငူမြို့၊ ရပ်ကွက်(၂၀)၊ အမှတ် ၄၆၆နေ [ဦးအက်(စ်)ချမ်းသာ-ဒေါ်နော်သာမိ]တို့၏သား၊ ဒေါ်နော်ဖြူးမေ၏ခင်ပွန်း၊ Rev စောစတီဗင်-နော်ဆာဝေ၊ စောမာသီး-နော်ချမ်းမင်းမြတ်၊ မောင်နေလင်းအောင်-နော်မာရီ၊ စောခိုင်ထူးလေး-နော်ကက်သရင်းတို့၏ ချစ်လှစွာသောဖခင်၊(ဦးဂျယ်ဖရီချမ်းသာ)၊(ဦး S. ဂျော့ချမ်းသာ)တို့၏ညီ၊ ဦးအင်ဒြူးချမ်းသာ၊ ဦးစောလုကာချမ်းသာ၊ ဒေါ်ဂရေ့(စ်)ချမ်းသာတို့၏အစ်ကို၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၇-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၁၀း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၉-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင်ဝတ်ပြုဆုတောင်းပြီး အနောက်ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဖေခင် (ဘားအံ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၃၃၁၊ (လကမ္ဘာ အုန်းဆီစက်)နေ (ဦးကျော်ဘန်-ဒေါ်ကျင်လွှမ်း)တို့၏သား၊ (ဦးစောကြင်-ဒေါ်ကြင်ရွှေ)တို့၏ သားသမက်၊ ဒေါ်စမ်းစမ်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်သန့်(Asia Power Quality Electric Co., Ltd.)-ဒေါ်ကေသီညို၊ (ဦးခင်မောင်စိုး)၊ ဦးဟန်ဝင်း-ဒေါ်ခင်ရွှေစင်စမ်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီ အမှတ် ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးနေဝင်း(ခ)ဦးညီ (ကသာ)
ဗဟိုတရားရုံးရှေ့နေ
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုတာရုံလမ်း၊ အမှတ် ၇နေ ရှေ့နေကြီး(ဦးအုန်းဘေ-ဒေါ်ဇင်)(ကသာ)တို့၏မြေး၊(ဦးချစ်ဆွေ-ဒေါ်စမ်းရီ)တို့၏သား၊ (ဦးခင်မောင်ညွှန့် - ဒေါ်တင်အေး)တို့၏သားသမက်၊ (ဦးဟန်မြင့်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ဝင်း - ဒေါ်လှလှဝင်း၊ (ဦးမြင့်အောင်-ဒေါ်မြမြဝင်း)၊ ဦးဇော်မင်း-ဒေါ်ခင်မြင့်နိုင်၊ ဦးခင်မောင်ဝင်း-ဒေါက်တာစမ်းရီရီဆွေတို့၏ ညီ/မောင်၊ ဒေါ်စိုးစိုးညွှန့်၏ခင်ပွန်း၊မောင်လွှမ်းမိုး၊ မောင်အောင်ဇေယျ-မမေမိုးဦး၊ မောင်တေဇ၊ မစိမ်းလဲ့စိုးတို့၏ ဖခင်သည် ၁၅-၉-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့)တွင် ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပုဏ္ဏားကျွန်းမြို့နယ် သံဃနာယက ဥက္ကဋ္ဌ(ငြိမ်း)
အထုပ်သည်ဆရာတော်
ဘဒ္ဒန္တသုဇာတ
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အထုပ်သည်ကျေးရွာ သာသနပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တသုဇာတ(ဓမ္မာစရိယ) မဟာဂန္ထဝါစကပဏ္ဍိတ သံဃသမ္မုတိရ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ(ငြိမ်း)၊ မြို့နယ် ဩဝါဒါစရိယ၊ မြို့နယ် သမိုင်းဝင်တန်ခိုးကြီးဘုရားများ၏ ဩဝါဒါစရိယ ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်) ၁၆-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇း၃၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) ၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့)တွင် ပန်းကြာကလာပ်ပေါ်သို့ပင့်ဆောင်ပူဇော်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ
အထုပ်သည်ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်သန်း
(ကုန်သွယ်ရေး၊ ငြိမ်း၊ မော်လမြိုင်)
အသက်(၉၅)နှစ်

မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ကျိုက်မရောလမ်း၊ အမှတ် (၄၁-ဘီ)၊ ကြက်မောက်ဂေဟာနေ ဦးခင်မောင်လေး-ဒေါ်သန်းသန်းဦး(တွဲဖက်ပါမောက္ခ၊ ငြိမ်း)၊ ဦးသန့်ဇင်-ဒေါ်မြင့်မြင့်ဦး(အထပြ၊ ငြိမ်း)၊ ဒေါ်သီတာနု(တွဲဖက်ပါမောက္ခ၊ ငြိမ်း)၊ ဦးသန်းဌေးညွှန့်-ဒေါ်စန်းစန်းရီ၊ (ဦးနေဦး)-ဒေါ်ရီရီသန်း၊ ဒေါ်သင်းသင်းနွဲ့ (ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီး)၊ ဦးအေးသန်း-ဒေါ်မိုးသီတာတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုး၊ (ဒေါ်လှိုင်ရှင်း)၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောအိုဟားမား အသက်(၉၃)နှစ်
(ကျောင်းဆရာ၊ ငြိမ်း၊ ရေဥက္ကံ)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၂၆၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဖိုးကျော်-ဒေါ်မေ)တို့၏သား၊ (ဦးတင်လှ-ဒေါ်ဒါးစိန်)တို့၏သားသမက်၊ ဒေါ်ခင်မြရီ၏ချစ်လှစွာသောခင်ပွန်း၊ စောကွယ်ထူး-(နော်ဖေအယ်ဒို)၊ နော်မူးမူ-စောဘိုရွှေ၊ စောကတော်ထူး-(နော်စတဲလာ)၊ (စောဆမ်ဆမ်)၊ (နော်မီးမီ)၊ စောသဒူး-နော်မူးမူချို၊ နော်မူအေး၊ နော်ဝါးဝါးစေး-ဦးစိုင်းကျော်တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၁၇-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် တောင်သူကုန်း ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းအမ၊ ကျောင်းအမ
ဒေါ်နီနီဝင်း
ကျောင်းဆရာမ(ငြိမ်း)
အမက(၄၂)၊ သင်္ဃန်းကျွန်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (A-၈)လမ်း၊ တိုက်အမှတ်(၁)၊ အခန်း ၂၀၂၊ ပြည်ကြီးတံခွန်စာပုံနှိပ်တိုက်နေ (ဦးဘိုးမျှင်-ဒေါ်ဒေါ်မြို့)တို့၏မြေး၊ (ဗိုလ်ကြီးကြည်မြင့်-ဒေါ်ဝင်းနု)တို့၏သမီး၊ (ဦးမောင်နု၊ ကျောင်းဆရာ၊ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ဝင်း(ကျောင်းဆရာ၊ ငြိမ်း၊ အထက-၃၊ တာမွေ)-ဒေါ်တင်စန်းတို့၏ညီမ၊ ဦးစည်သူရ(ဇေကမ္ဘာကုမ္ပဏီ)တို့၏အဒေါ်၊ မောင်ဇေဘုန်းသော်၊ မောင်ကောင်းငြိမ်းချမ်းတို့၏ အဘွားသည် ၁၄-၉-၂၀၁၇ရက်တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၇ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဝင်းလှိုင်
အသက်(၆၆)နှစ်

ဖျာပုံမြို့၊ အပြောင်ကျေးရွာနေ (ဦးညွှန့်-ဒေါ်ခင်စီ)တို့၏သား၊ တိုက် ၃၈၊ အခန်း ၀၀၁(စီ)၊ ၁၂လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ (ဒေါ်မြမြရွှေ)၏ခင်ပွန်း၊ ကိုဉာဏ်လင်းလှိုင်၊ ကိုကျော်စိုး-မဌေးဌေးလှိုင်(ဖွံ့ဖြိုးဘဏ်)တို့၏ ဖခင်သည် ၁၇-၉-၂၀၁၇ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်သိန်း
(YRTA ၊ ဌာနစုမှူး)
အသက်(၅၆)နှစ်

(ဦးခင်မောင်ကြီး-ဒေါ်ခင်စန်း)တို့၏သား၊ (ဦးအုန်းသွင် - ဒေါ်သန်းတင်)တို့၏သားသမက်၊ ဦးခင်မောင်နွယ်-ဒေါ်ကြူကြူစိုးတို့၏ညီ၊ ကိုသိန်းမြင့်-မခင်ဝင်းမာ၊မခင်သန်းဌေးတို့၏အစ်ကို၊ မောင်ဝေယံ-မပြည့်ပြည့်ဖြိုးတို့၏ဖခင်၊ ဂျူသစ်စံ၏အဘိုး၊ အမှတ် ၇၄၀/က၊ သစ္စာလမ်း၊ (၅၄)ရပ်ကွက်၊ တောင်ဒဂုံနေ ဒေါ်အေးအေးသွင်၏ ခင်ပွန်းသည် ၁၇-၉-၂၀၁၇ရက် မွန်းလွဲ ၁၂း၀၅နာရီတွင် အလုပ်သမားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၇ရက်ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အရာခံဗိုလ်ကျော်စိုးဦး
တပ်မတော်(ရေ)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နတ်ရေကန် ၂လမ်း၊ အမှတ် ၈၄၁နေ ဦးလှကြိုင်(စား/ထွေ၊ငြိမ်း)-(ဒေါ်ခင်မြိုင်၊ မီးသတ်၊ ငြိမ်း)တို့၏သား၊ ဒေါ်လှလှဌေး(သ/မ၊ ငြိမ်း)-(ဦးမြင့်ဌေး)၊ ဒေါ်အေးအေးကြိုင်(အထက-ဖလုံ၊ တိုက်ကြီး)-(စောပေါ်လ်ကွာလာလေး)၊ဒေါ်ခင်သီသီကြိုင်-ဦးမောင်မောင်ခင်(Flying Swallow)၊ ဒေါ်ခင်စီစီကြိုင် - ဦးကျော်မြဇော်၊ ဦးသန့်နိုင်ဦး၊ နော်ဂျီဇာဘလုလေးတို့၏ အစ်ကိုသည် ၁၈-၉-၂၀၁၇ရက် ၂း၄၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ရောက်ရှိ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ဂျွန်အက်ဖ်ကနေဒီ (John F Kennedy) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်
(သတင်းစဉ်)

နယူးယောက် စက်တင်ဘာ ၁၈

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့၌ ကျင်းပမည့် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကိုရီးယားလေကြောင်းလိုင်းဖြင့် ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယသမ္မတနှင့်အဖွဲ့အား နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းနှင့် အဖွဲ့ရုံးဝန်ထမ်းများက ဂျွန်အက်ဖ်ကနေဒီ(John F Kennedy) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စက်တင်ဘာ ၂၀ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားမည် ဖြစ်သည်။

(သတင်းစဉ်)

မာတိကာ

မုန်တိုင်းကြောင့် တစ်ကပြန်စဖို့ အကြောင်းဖန်လာသည့် စိန့်မာတင် စာ » ၁၅

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-2 အဆင့်သို့ လူရွေးချယ်ပွဲ ကျင်းပမည် စာ » ၁၇

ချင်းတွင်းတံတား (ဟုမ္မလင်း) သံပေါင်များ စတင်တပ်ဆင်လျက်ရှိ စာ » ၁၉

မန္တလေးဈေးကွက်အတွင်း လက်ကျန်နည်းပါးမှုကြောင့် ကြက်သွန်နီဈေးမြင့်တက် စာ » ၂၀

မြန်မာ ယူ-၁၈ အသင်း နည်းပြအပြောင်းအလဲဖြစ်ပေါ်

သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာ ယူ-၁၈ အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် အောင်မြင်မှုမရဘဲ တတိယ

မြန်မာယူ-၁၈အသင်းနည်းပြချုပ်သစ် ဦးချစ်နိုင်

နေရာလုပွဲတွင် ဂိုးပြတ်အရေးနိမ့်ခဲ့သောကြောင့် နည်းပြအပြောင်းအလဲဖြစ်ခဲ့ပြီး ပြင်သစ်လူမျိုးနည်းပြ ဘန်လာဘီနှင့် လမ်းခွဲကာ ပြည်တွင်းနည်းပြ ဦးချစ်နိုင်ကို ပြောင်းလဲခန့်အပ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအပြီး နောက်ရက်မှာပင် အောင်မြင်မှုရယူနိုင်ခြင်း မရှိသည့် နည်းပြချုပ် ဘန်လာဘီနှင့် စာချုပ်ဖျက်သိမ်းခဲ့သည်။ ဘန်လာဘီသည် မေလဆန်းပိုင်းကမှ မြန်မာ ယူ-၁၈ အသင်းကို ကိုင်တွယ်ခဲ့ပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်သည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် အောင်မြင်မှုမရခဲ့ပေ။

မြန်မာအသင်းသည် အုပ်စုပွဲတွင် အင်ဒိုနီးရှားကို ရှုံးနိမ့်ခဲ့သော်လည်း ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ကို ဆက်တိုက်အနိုင်ရကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ဆီမီးတွင် မလေးရှားကို ရှုံးနိမ့်ခဲ့ပြီး တတိယလုပွဲတွင် အင်ဒိုနီးရှားကို ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဦးချစ်နိုင်က ကိုင်တွယ်သွားမည်ဖြစ်သည်။ ဦးချစ်နိုင်သည် မြန်မာ ယူ-၁၆၊ ယူ-၁၄ အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးပြီး MNL ကလပ် မကွေးအသင်းတွင် လက်ထောက်နည်းပြအဖြစ် ကာလရှည်ကိုင်တွယ်ခဲ့သူဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❁

စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ စစ်တောင်းမြစ်ရှိ တောင်ငူမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုရပ်ဆိုင်းမှုကြောင့် စုပုံထားသည့် ချင်းစိမ်းအိတ်များကို တွေ့ရစဉ်

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မောင်တောနယ်စပ်ကုန်သွယ်ရေး ရက်ပေါင်း ၂၀ အတွင်း အမေရိကန်ဒေါ်လာ ခြောက်သိန်းခန့် ဆုံးရှုံးနစ်နာဟုဆို

မင်းထက်အောင်၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွေး

မောင်တော စက်တင်ဘာ ၁၈

မောင်တောဒေသ နယ်စပ်ကုန်သွယ်ရေးသည် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီး ရက်ပေါင်း ၂၀ ကျော် ကြာမြင့်သည်အထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းထားရသည့်အတွက် တစ်ရက်လျှင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုဝင်ငွေ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သုံးသောင်းခန့် ဆုံးရှုံးလျက်ရှိကြောင်း မောင်တောနယ်စပ်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

ကုန်သွယ်မှုရပ်ဆိုင်းထားရသည့် မောင်တောဒေသနယ်စပ်ကုန်သွယ်ရေးအခြေအနေကို ဒေသတည်ငြိမ်မှုအပေါ်မူတည်ပြီး ပြည်နယ်အစိုးရ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အမြန်ဆုံး ပြန်လည်ပတ်နိုင်အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းထားသည့်အတွက် နယ်စပ်ဂိတ်များမှ အလွယ်တကူ သယ်ယူနိုင်သည့်

စာမျက်နှာ ၇ ကော်လံ ၁ ✻